ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

### ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၇၉ ခုနှစ် ကဆုန်လဆန်း ၁၂ ရက် တနင်္ဂနွေနေ့။ Sunday, 7 May 2017 (၈၉၁၇)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လန်ဒန်မြို့ရှိ စိန့်မေရီဆေးရုံ၌ ကြည့်ရှုလေ့လာရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြသနေစဉ်။

# လန်ဒန်မြို့ရှိ စိန့်မေရီဆေးရုံ၌ ခေတ်မီကိရိယာများအသုံးပြု ဆေးကုသနေမှု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကြည့်ရှုလေ့လာ

**လန်ဒန် မေ ၆**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ တရားဝင်ခရီးရောက်ရှိနေသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် မေ ၅ ရက် ညနေ ၃ နာရီခွဲတွင် လန်ဒန်မြို့ရှိ စိန့်မေရီဆေးရုံသို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ဆေးရုံအတွင်း သင်ကြားရေးအထောက်အကူပြု ခေတ်မီပစ္စည်းကိရိယာများ အသုံးပြုပြီး ဆေးကုသ သရုပ်ပြနေမှုများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါဆေးရုံသည် မြန်မာနိုင်ငံဆေးပညာသင်ကြားမှု ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းကူညီထောက်ပံ့ ပေးနေသည့် ဆေးပညာဘာသာရပ်ဆိုင်ရာ သင်ကြားရေးဆေးရုံဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၃ သို့** ✪

## နိုင်ငံရေးပြဿနာများကို တွေ့ဆုံဆွေးနွေးပွဲဖြင့်အဖြေရှာနိုင်ရေး ဆက်လက်ဆွေးနွေးညှိနှိုင်းမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ငြိမ်းချမ်းရေးကော်မရှင်(Peace Commission)**

**သတင်းထုတ်ပြန်ချက်**

၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း (၁၁)ရက်
(၂၀၁၇ ခုနှစ်၊ မေလ (၆)ရက်)

၁။ ငြိမ်းချမ်းရေးကော်မရှင်သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိပါသည်။

၂။ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ နိုင်ငံရေးဆွေးနွေးမှုကိုယ်စားလှယ်အဖွဲ့(DPN) (KIO, SSPP, KNPP, NMSP, ANC, LDU, WNO)နှင့် တွေ့ဆုံကာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တွင် လက်မှတ်ရေးထိုးရေး၊ ၂၀၁၇ ခုနှစ်၊ မေလ(၂၄)ရက်နေ့တွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးသို့ တက်ရောက်နိုင်ရေးအတွက် ဦးတည်ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့** ❖



ကြေးမုံ

# တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်စေချင်

မြန်မာနိုင်ငံကို တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေချင်သည်မှာ နိုင်ငံသားတိုင်း၏ဆန္ဒပင်ဖြစ်သည်။ နိုင်ငံအေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်လာစေရန် လူတိုင်းလူတိုင်း အသိတရားဖြင့် ပါဝင်ဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည်ဖြစ်သည်။ နိုင်ငံကို ခေါင်းဆောင်တစ်ဦးတစ်ယောက်တည်းက တည်ဆောက်ယူနိုင်သည်မဟုတ်၊ ပြည်သူပြည်သားအားလုံးက တက်ညီလက်ညီ တစ်စိတ်တစ်ဝမ်းတည်း ဝိုင်းဝန်းတည်ဆောက်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ခက်ခက်ခဲခဲတည်ဆောက်နေသည်ကို အားလုံးအသိပင်ဖြစ်သည်။ နိုင်ငံ့ခေါင်းဆောင်များက ရိုးသားဖြောင့်မတ်စွာ၊ မွန်မြတ်သောစေတနာထားကာ နိုင်ငံကို တည်ဆောက်နေချိန်တွင် ဝိုင်းဝန်းပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးရမည့်အစား ဖျက်လိုဖျက်ဆီး နှောင့်ယှက်ဟန့်တားမှုအချို့ ပြုလုပ်နေမှုမှာ စိတ်မကောင်းဖွယ်ဖြစ်သည်။

မကြာသေးမီကာလက နိုင်ငံတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် နိုင်ငံ့စီးပွားရေး ထိခိုက်ကျဆင်းမှုဖြစ်စေရန်အတွက် သတင်းမှားများ ပြည်သူများအကြားတွင် ပျံ့နှံ့လာစေရန် တွင်တွင်လုပ်ဆောင်လာသည်ကို မြင်တွေ့ကြားသိလိုက်ရသည်။ ယခင်ကလည်း ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ပြည်ပမှ မမှန်သတင်းများထုတ်လွှင့်ကာ နိုင်ငံပုံရိပ် ထိခိုက်ကျဆင်းအောင် မရိုးဖြောင့်သောသဘောဖြင့် ဆောင်ရွက်မှုများရှိခဲ့ဖူးသည်။

နည်းပညာများ မဖြစ်ထွန်းမီအချိန်အခါက နိုင်ငံထိခိုက်ပျက်စီးမှုဖြစ်လာစေရန် ပါးစပ်စကားဖြင့် ကောလာဟလသတင်းများကို တစ်ဆင့်စကား တစ်ဆင့်ပါးခဲ့ဖူးသည်။ ယင်းစကားနှင့်ပင် နိုင်ငံတော်ကြီး ထိခိုက်ပျက်စီးပြိုကွဲလုနီးပါးဖြစ်ခဲ့ရသည်။ မျက်မှောက်ကာလ နည်းပညာများ တိုးတက်ထွန်းကားလာသောအခါ အင်တာနက်ကို အသုံးပြု၍ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများပေါ်မှတစ်ဆင့် ရေးသားဖြန့်ဝေမှုများ ပြုလုပ်လာကြသည်။

လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ဘာသာရေး၊ လူမျိုးရေး၊ နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ မဟုတ်မမှန် လုပ်ကြံတိုက်ခိုက်မှုများ ပြုလုပ်လေ့ရှိသည့်အပြင် နယ်ပယ်အသီးသီး၊ အလွှာအသီးသီးရှိ ပုဂ္ဂိုလ်ရေးဆိုင်ရာ မဟုတ်မမှန် ထိုးနှက်တိုက်ခိုက်မှုများ ပြုလုပ်လာသည်ကိုတွေ့ရသည်။ ဘာသာရေး၊ လူမျိုးရေး၊ နိုင်ငံရေးအရ မဟုတ်မမှန် ထိုးနှက်တိုက်ခိုက်မှုပြုလုပ်လျှင် တိုင်းပြည် ထိခိုက်နစ်နာပျက်စီးမှုဖြစ်စေနိုင်သလို ပုဂ္ဂိုလ်ရေးအရ မဟုတ်မမှန် ထိုးနှက်တိုက်ခိုက်မှုများ ပြုလုပ်လာလျှင် ဂုဏ်သိက္ခာထိခိုက်ပြီး မတည်မငြိမ်ဖြစ်နိုင်သည်ကို သတိချပ်သင့်သည်။

နိုင်ငံနှင့်အများပြည်သူအတွက် ထိခိုက်နစ်နာမှုကို ဖြစ်စေနိုင်သော မမှန်သတင်း ကောလာဟလသတင်းများ ထုတ်လွှင့်မှုများကို မဆင်မခြင် ပြုလုပ်ခြင်းသည် သက်ရောက်မှုနယ်ပယ်နှင့် ဆုံးရှုံးနစ်နာမှု ကျယ်ပြန့်သွားနိုင်သဖြင့် ထိုဖြစ်စဉ်မျိုးမဖြစ်ပွားအောင် ဝိုင်းဝန်းကာကွယ်ဟန့်တားကြရမည်ဖြစ်သည်။ မမှန်သတင်းထုတ်လွှင့်သူများအား တည်ဆဲဥပဒေများဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားနိုင်ရန် ဆောင်ရွက်နေပြီဟုသိရှိရသဖြင့် နိုင်ငံကောင်းကျိုးအတွက် ဝိုင်းဝန်းကူညီဖော်ထုတ်ပေးကြရမည်ဖြစ်သည်။

ပြဋ္ဌာန်းထားပြီးဖြစ်သော ဆက်သွယ်ရေးဥပဒေပုဒ်မဖြင့် လူပုဂ္ဂိုလ်တစ်ဦးနှင့်တစ်ဦး ထိခိုက်နစ်နာမှုဖြစ်ခြင်းကြောင့် အပြန်အလှန်အမှုစွဲတင်ပြီး အရေးယူဆောင်ရွက်ကြခြင်းထက် ယခုကဲ့သို့ နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားကို ထိခိုက်ပျက်စီးစေနိုင်သည့် မမှန်သတင်းများထုတ်လွှင့်ပြီး ရည်ရွယ်ချက်ရှိရှိ ကြံစည်လုပ်ဆောင်လာမှုများအား အရေးယူဆောင်ရွက်ရာတွင် ထိရောက်စွာအသုံးချသင့်သည်။

နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဆောင်ရွက်နေသော အချိန်အခါတွင် မမှန်သတင်း ကောလာဟလအတင်း ထုတ်လွှင့်မှုများကို ပြတ်ပြတ်သားသားချေဖျက်ပစ်ကြရမည်သာဖြစ်သည်။ ထိရောက်ပြင်းထန်စွာ ကိုင်တွယ်ဆောင်ရွက်ကြရမည်သာဖြစ်သည်။ ဆက်သွယ်ရေးပစ္စည်းကို လက်နက်သဖွယ်အသုံးချမှုများကို ဆက်သွယ်ရေးဥပဒေဖြင့်ပင် ထိရောက်စွာရှာဖွေဖော်ထုတ်အရေးယူမှုပြုကြရမည်ဖြစ်သည်။

သို့မှသာ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်တည်လာအောင် အနှောင့်အယှက်ကင်းကင်းဖြင့် ကြိုးပမ်းအားထုတ် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ။

# ဘီးလင်းစက်မှုသုံးအရက်ပြန်စက်ရုံ၏ ရေဆိုးစွန့်ပစ်မှုအခြေအနေ စစ်ဆေး

**ဘီးလင်း မေ ၅**

မွန်ပြည်နယ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းနှင့် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောအောင်မြင့်ခိုင်တို့သည် မေ ၄ ရက်က ဘီးလင်းမြို့ စက်မှုသုံးအရက်ပြန်စက်ရုံ၏ ရေဆိုးစွန့်ပစ်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးတို့သည် အဆိုပါစက်မှုသုံးအရက်ပြန်စက်ရုံမှ စွန့်ပစ်ရေစီးဝင်မှုကြောင့် စက်ရုံပတ်ဝန်းကျင်ရှိ ကပဲ့အင်းနှင့် လူနေရပ်ကွက်ရှိ သောက်သုံးရေတွင်းများသို့ ရေအနံ့ဆိုးများဝင်ရောက်ကာ သောက်သုံးရေ အသုံးမပြုနိုင်သည့် အခြေအနေများကို သွားရောက်ကြည့်ရှုခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေဖြည့်ဆည်းပေးနိုင်ရေးနှင့် ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**



# မြို့တော်ပြည်သူ့နီတိ နှုတ်ဖြေပြိုင်ပွဲကျင်းပ

**ရန်ကုန် မေ ၆**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသည့် မြို့တော်ပြည်သူ့နီတိ နှုတ်ဖြေပြိုင်ပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ မြို့တော်ပြည်သူ့နီတိ နှုတ်ဖြေပြိုင်ပွဲတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်အလိုက် ခွဲခြား၍ တစ်ပြိုင်တည်းစစ်ဆေးခဲ့ကြပြီး စာပေပညာရှင်ဆရာကြီးများဖြစ်ကြသည့် ဂုဏ်ထူးဦးသိန်းနိုင်၊ ဦးကောင်းသန့်နှင့် ကိုမျိုး(မြန်မာစာ)တို့က အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများကိုလည်းကောင်း၊ ဆရာကြီးမင်းယုဝေ၊ ဦးကြည်သန်းနှင့် ဦးဇူးကျော်တို့က အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများကို လည်းကောင်း၊ ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)၊ ဦးတင်လှိုင်နှင့် ဦးဟိန်းလတ်တို့က မူလတန်းအဆင့် ကျောင်းသားကျောင်းသူများကို လည်းကောင်း၊ ပြည်သူ့နီတိနှင့် ပတ်သက်သော နှုတ်ဖြေမေးခွန်းများနှင့် အထွေထွေဗဟုသုတများကို စစ်ဆေးမေးမြန်းခဲ့ကြောင်း သိရသည်။

ကျောင်းသားကျောင်းသူများအား နှုတ်ဖြေစစ်ဆေးရာသို့ မြို့တော်ပြည်သူ့နီတိပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွဲဖက်အတွင်းရေးမှူး ဦးသန်း၊ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဒေါ်သန်းမြင့်အောင်၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဦးသစ္စာနှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များက လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဧပြီ ၂၈ ရက်က ကျင်းပပြီးစီးခဲ့သော ပြည်သူ့နီတိ ရေးဖြေပြိုင်ပွဲတွင် သတ်မှတ်ထားသည့် အဆင့်ဖြင့် အောင်မြင်ခဲ့ကြသော မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်တို့မှ ကျောင်းသားကျောင်းသူ ၄၈ ဦးအနေဖြင့် ယနေ့ကျင်းပသည့် နှုတ်ဖြေပြိုင်ပွဲကို ဆက်လက်ဖြေဆိုခွင့် ရရှိခဲ့ကြကြောင်းသိရသည်။ မြို့တော်ပြည်သူ့နီတိပြိုင်ပွဲတွင် ရေးဖြေနှင့် နှုတ်ဖြေပြိုင်ပွဲ နှစ်ရပ်စလုံးမှ ရရှိသောရမှတ်များအပေါ် မူတည်၍ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း အဆင့်အလိုက် အဆင့်တစ်ခုစီ၌ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုများကို ရွေးချယ်၍ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။ ဆုချီးမြှင့်ပွဲကို မေ ၁၂ ရက်တွင် ရန်ကုန်မြို့တော် ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ကျော်စိုး**
**ဓာတ်ပုံ-စောသိန်းဝင်း**



# ဘွဲ့ကြိုနှင့် ဘွဲ့လွန်ပညာသင်ဆုများ ချီးမြှင့်မည်

**ရန်ကုန် မေ ၆**

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်ရန် STI Myanmar University မှ မြန်မာနိုင်ငံရှိ ထူးချွန်သော ကျောင်းသားကျောင်းသူများအား အထူးအစီအစဉ်ဖြင့် ပညာတော်သင်ဆုများ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ပညာသင်ဆုများမှာ စီးပွားရေးမဟာဌာနမှ စီးပွားရေးစီမံခန့်ခွဲမှု ဘွဲ့ကြိုသင်တန်း၊ စာရင်းအင်းပညာ ဘွဲ့ကြိုသင်တန်း၊ စီးပွားရေးစီမံခန့်ခွဲမှု ဘွဲ့လွန်သင်တန်းများ၊ အင်ဂျင်နီယာမဟာဌာနမှ ဗိသုကာဘွဲ့ကြိုသင်တန်း၊ မြို့ပြအင်ဂျင်နီယာဘွဲ့ကြိုသင်တန်း၊ အီလက်ထရောနစ် ဘွဲ့ကြိုသင်တန်း၊ ဗိသုကာနှင့် မြို့ပြအင်ဂျင်နီယာ ဘွဲ့ကြိုသင်တန်းများ၊ ဆေးသိပ္ပံမဟာဌာနမှ အစာအာဟာရ မဟာဘွဲ့လွန်သင်တန်း၊ ဆေးရုံနှင့် ကျန်းမာရေးဝန်ဆောင်မှု စီးပွားရေးစီမံခန့်ခွဲမှုသင်တန်းများ ပါဝင်မည်ဖြစ်သည်။

ထူးချွန်ကျောင်းသား ကျောင်းသူများအား ရွေးချယ်ရာတွင် ပညာထူးချွန်ခြင်းနှင့်အတူ လူ့အသိုက်အဝန်းကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ပေးခြင်းတို့လည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ထူးချွန်ဘွဲ့ကြို ကျောင်းသားများအား ကျောင်းလခ ၁၀၀ ရာခိုင်နှုန်းအထိ ချီးမြှင့်ခြင်းနှင့် ဘွဲ့လွန်ကျောင်းသားများအတွက် ကျောင်းလခ ၅၀ ရာခိုင်နှုန်းအထိ ချီးမြှင့်ခြင်းတို့ ပါဝင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအရပ်ရပ်ရှိ ကျောင်းသားကျောင်းသူများနှင့် လုပ်ငန်းခွင်ဝင်နေသူများပါ ဝင်ရောက်လျှောက်ထားနိုင်သည်။

ဘွဲ့လွန်ကျောင်းသားများအတွက် မေ ၂၀ ရက် နှင့် ဘွဲ့ကြိုကျောင်းသားများအတွက် မေ ၂၅ ရက်နောက်ဆုံးထား၍ ရန်ကုန်မြို့တွင် အမှတ် (၁၀) MICT Park လှိုင်တက္ကသိုလ် ရန်ကုန်မြို့ ဖုန်း- ၀၁-၅၀၇၁၅၁- ၅၂၊ ၀၉-၂၅၀၀၆၄၄၅၁၊ မန္တလေးမြို့တွင် ဘီ (၁၅၊ ၁၆)၊(၆၆) လမ်းနှင့် သဇင်လမ်းထောင့် ချမ်းမြသာစည်မြို့နယ် မန္တလေးမြို့ ဖုန်း- ၀၉-၇၈၃၈၀၀၀၆၂ - ၆၃ - ၆၄ တို့သို့ဆက်သွယ်၍လျှောက်ထားနိုင်ကြောင်း သိရသည်။

**(ကိုညီ)**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇန် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# ပြည်သူနှင့်အတူ

### ❍ မြန်မာနိုင်ငံမှ

ယင်းသိုလှောင်စခန်းမှာ မြန်မာနိုင်ငံတွင်အကြီးဆုံးနှင့် ခေတ်အမီဆုံး သိုလှောင်စခန်းဖြစ်ပြီး စွမ်းအင်ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုပြီးနောက် ပထမဆုံးဖွင့်လှစ်သော သိုလှောင်စခန်းဖြစ်ပြီး PUMA Energy မှ ၈၀ ရာခိုင်နှုန်းနှင့် ASE ကုမ္ပဏီမှ ၂၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

“လောင်စာဆီသိုလှောင်နိုင်စွမ်း ၉၁၀၀၀ ကုဗမီတာရှိတယ်။ စင်ကာပူနဲ့ အိန္ဒိယက တင်သွင်းလာပါတယ်။ သီလဝါသိုလှောင်ဖြန့်ဖြူးရေးစခန်းက မြန်မာနိုင်ငံရဲ့ ပို့ဆောင်ရေးလောင်စာလိုအပ်ချက် တိုးပွားလာမှုအတွက် အထောက်အကူပေးမှာဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းက ပံ့ပိုးပေးမှာဖြစ်ပါတယ်”ဟု PEAS အထွေထွေမန်နေဂျာ ဒေးဗစ်ဟိုလ်ဒန်က ပြောသည်။

အဆိုပါ သိုလှောင်စခန်းကို အမေရိကန်ရေနံအသင်းစံနှုန်းများ(API)၊ အမေရိကန်အင်ဂျင်နီယာဆိုင်ရာစံနှုန်း (ASME)နှင့် အမျိုးသားမီးအန္တရာယ်ကာကွယ်ရေးအသင်း(NFPA)တို့အပါအဝင် ဆောက်လုပ်ရေး၊ လုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့်အညီ တည်ဆောက်ထားကြောင်း သိရသည်။

ယနေ့အခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်း-ဇာနည်မောင်၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

### ✪ ရှေ့ဖုံးမှ

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး Rt. Hon Boris Johnson က လန်ဒန်မြို့ Carlton Gardens ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲတွင် မြန်မာ-ဗြိတိန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စွမ်းရည်မြှင့်တင်နိုင်ရေး၊ ကျန်းမာရေးနှင့်ပညာရေးကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များတိုးတက်မှု အခြေအနေနှင့် အဆိုပါလုပ်ငန်းစဉ်များကို ဗြိတိန်နိုင်ငံမှ ဆက်လက်ကူညီဆောင်ရွက်သွားရေး ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး Rt. Hon Boris Johnson တို့ တွေ့ဆုံစဉ်။** (သတင်းစဉ်)

## လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းပြန်လည်နေရာချထားရေးလုပ်ငန်းများအရှိန်မြှင့်ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းရေးကော်မတီဝင်များနှင့်တွေ့ဆုံ

**စစ်တွေ မေ ၆**

ရခိုင်ပြည်နယ်အတွင်း ကုလသမဂ္ဂနှင့်နိုင်ငံတကာ အသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏လုပ်ငန်းများ ပိုမိုသွက်လက်စွာဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းရေး အစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်၍ ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဝင် မြို့မိမြို့ဖများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီးက အစိုးရသစ်အနေဖြင့် ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းပြန်လည်နေရာချထားရေးလုပ်ငန်းများကို ၂၀၁၆ ခုနှစ် ဧပြီလမှစ၍ တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းနှင့် တွဲပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်လျက်ရှိပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် စပ်လျဉ်း၍ Camp များတွင် နေထိုင်စဉ်ကာလအတွင်း အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းပညာရပ်များ တတ်မြောက်စေရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအပေါ် အစိုးရအနေဖြင့် ဖြစ်နိုင်သည့်အပိုင်းကစပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်လည်နေရာချထားရေးနှင့်စပ်လျဉ်း၍ Camp များတွင်နေထိုင်သူများ၏ သဘောဆန္ဒအရ ရွှေ့ပြောင်းပေးပါကြောင်း၊ ရင်းနှီးစွာ ရောင်းဝယ်ဖောက်ကားနိုင်ရေးအတွက် ချစ်ကြည်ရေးဈေးများကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်အစိုးရက ဆောင်ရွက်မည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ငါးနှစ်စီမံကိန်းကိုလည်း မကြာမီစတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါကြောင်း၊ မွေးဖွားမှုမှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများကို ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် စတင်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မွေးဖွားမှုမှတ်ပုံတင်ခြင်းသည် နိုင်ငံသားဖြစ်မှုနှင့် မသက်ဆိုင်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးအန္တရာယ်ရင်ဆိုင်တုံ့ပြန်ရန် အစဉ်အမြဲအသင့်ဖြစ်စေရေး၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ် (၈)ရပ်အနက် (၁)ရပ်ဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာမည့် အသက်နှစ်နှစ်အောက် ကလေးများကို ငွေကြေးထောက်ပံ့ခြင်း အစီအစဉ်အား ဖွံ့ဖြိုးမှုအနည်းဆုံးဖြစ်သည့် ချင်းပြည်နယ်တွင် LIFT Fund ၏ အထောက်အပံ့ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် နာဂဒေသတွင် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေဖြင့်လည်းကောင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ တစ်လလျှင် ကျပ် ၁၅၀၀၀ ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါအစီအစဉ်တွင် ငွေကြေးထောက်ပံ့ခြင်းနှင့်အတူ သားဆက်ခြားနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပညာပေးဆောင်ရွက်မှုများ တွဲဖက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထောက်ပံ့နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လူမှုအဖွဲ့အစည်းများအကြား သတင်းမှန်ရရှိရေး စေ့စပ်ဆွေးနွေးနိုင်မည့် အခြေအနေတစ်ရပ်ရရှိရေးကို ဆောင်ရွက်ရန်လိုကြောင်း၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အစိုးရက အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသူများက ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်း ပြန်လည်နေရာချထားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေဟိုတယ်၌ အရပ်ဘက် ရခိုင်လူမှုအဖွဲ့အစည်းများနှင့် မြို့မိမြို့ဖများကိုတွေ့ဆုံကာ ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းပြန်လည်နေရာချထားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ✻ ကျောဖုံးမှ

ညောင်လေးပင်တံတား၊ မချမ်းဘော၊ ခရခါ၊ နောင်မွန်(မချမ်းဘော)တံတား၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းတွင် အင်စွပ်တံတားနှင့် စံပိန်း၊ ချီမွေ၊ လောခေါင်၊ ထောင်ဂေါ်၊ ဇီမော် လမ်းရှိ နမ္မလီတံတားကြီးတို့ဖြစ်သည်။ မလိခတံတား(မချမ်းဘော)တံတားကို ၂၀၁၇ ခုနှစ် မတ် ၁၈ ရက်က အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည်။

ဤကဲ့သို့ မြစ်ကြီးနားခရိုင်အတွင်း တံတားသစ်များတည်ဆောက်နေရာ မြစ်ကြီးနား-တနိုင်း-နန်းယွန်း-ပန်ဆောင်လမ်းတွင် တံတားအထူးအဖွဲ့(၁) ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇင်ထွေးဦးဆောင်၍ ပေ ၁၂၆၀ အရှည်ရှိ တဝမ်တံတားသစ်ကြီးကို ၂၀၁၃ ခုနှစ်ကစတင်ဆောက်လုပ်ခဲ့ရာ ယခုပြီးစီးနေပြီဖြစ်၍ တဝမ်တံတားပေါ်မှ ဖြတ်သန်းသွားလာနေကြပြီဖြစ်သည်။

တဝမ်တံတားမှာ တဝမ်ချောင်းကိုဖြတ်၍ ပေ ၆၀ တစ်ခန်း၊ ပေ ၁၂၀ × ၁၀ ခန်း စုစုပေါင်း အလျား ပေ ၁၂၆၀ ရှည်လျားသည်။ ယခုဆောက်လုပ်နေသည့် တံတားကိုးစင်းတွင် အရှည်ဆုံးတံတားမှာ ယာဉ်သွားလမ်းအကျယ် ၂၄ ပေဖြစ်သည်။ တစ်ဖက်လျှင် လူသွားလမ်း နှစ်ပေ ခြောက်လက်မဖြစ်သည်။ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။ ရေလမ်းကင်းလွတ်ခွင့်အမြင့် သုံးပေဖြစ်ပြီး ရေလမ်းကင်းလွတ်အကျယ် ပေ ၁၁၀ ဖြစ်သည်။

တဝမ်ချောင်းမှာ ကျယ်ပြောပြီး မိုးရွာလျှင် ရေစီးသန်ပြီးသွားလာရခက်သည်။ ထို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၁)တံတားအထူးအဖွဲ့က တဝမ်တံတားသစ်ကြီးကို ၂၀၁၃ ခုနှစ်က စတင်ဆောက်လုပ်ခဲ့ရာ ၂၀၁၆ ခုနှစ်တွင် ပြီးစီးခဲ့သည်။ မြစ်ကြီးနားခရိုင်အတွင်း အရှည်ဆုံးတံတားကြီးလည်းဖြစ်သည်။

တဝမ်တံတားကြီး ပြီးစီးပြီဖြစ်၍ မြစ်ကြီးနားဒေသထွက်ကုန်များဖြစ်သော ရွှေ၊ ကြိမ်၊ ပယင်း၊ နာနတ်၊ ငှက်ပျော စသော ဒေသထွက်ကုန်များကို တစ်ဖက် အိန္ဒိယနယ်စပ်သို့ အလွယ်တကူတင်ပို့ရောင်းချနိုင်ပြီဖြစ်၍ ဒေသခံများ၏ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာသည်။ ထို့ကြောင့် တဝမ်တံတားသည် မြစ်ကြီးနားခရိုင်အတွက် အိန္ဒိယနယ်စပ် စီးပွားကူးသန်းရောင်းဝယ်ရေးတွင် အရေးပါသော ပေါင်းကူးတံတားကြီးဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။

**တင်လှိုင်(မိတ္ထီလာ)**

### ✻ တရုတ်နိုင်ငံမှ

ရန်ကုန်-မန္တလေးလမ်းပိုင်းရှိ အမှတ်(၅)အဆန်၊ အမှတ်(၆)အစုန် ရထားများတွင်လည်းကောင်း၊ ရန်ကုန်- ပြည်လမ်းပိုင်းရှိ အမှတ်(၇၁)အဆန်၊ အမှတ်(၇၂)အစုန် ရထားများတွင်လည်းကောင်း ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ယခု ထပ်မံရောက်ရှိလာသော စက်ခေါင်း ငါးခေါင်းသည် တောင်ပေါ်လမ်းပိုင်း၊ မြေပြန့်လမ်းပိုင်းများတွင်ပါ ပြေးဆွဲနိုင်သည့် ခေတ်မီစက်ခေါင်းများဖြစ်ပြီး လိုအပ်သည့် ရထားလမ်းပိုင်းများတွင် ဖြည့်တင်းအသုံးပြုသွားမည်ဟု မြန်မာ့မီးရထားမှ သိရသည်။ ယင်းအပြင် ကျန်ရှိနေသေးသော စက်ခေါင်း ၁၀ ခေါင်းကို နေပြည်တော် စက်ခေါင်းတည်ဆောက်ရေးစက်ရုံတွင် တပ်ဆင်တည်ဆောက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**(၀၀၁)**

ကြေးမုံ

မေ ၇၊ ၂၀၁၇

# တီလာဆန်နှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ မြောက်ကိုရီးယားအရေး ဆွေးနွေး

**ဝါရှင်တန် မေ ၆**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်တီလာဆန်က အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအား မြောက်ကိုရီးယားနိုင်ငံကို ဖိအားပေးရာတွင် ပိုမိုပူးပေါင်းလုပ်ဆောင်ရန် တိုက်တွန်းခဲ့သည်။

တီလာဆန်သည် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် မေ ၄ ရက်တွင် ဝါရှင်တန်မြို့၌ တွေ့ဆုံခဲ့သည်။

တီလာဆန်က အမေရိကန်နှင့် အာဆီယံနိုင်ငံများကြား မဟာဗျူဟာမိတ်ဖက်ဆက်ဆံရေး၏ အရေးပါမှုကို အလေးထားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ဝန်ကြီးများက မြောက်ကိုရီးယားနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လာသည့် နျူကလီးယားနှင့် ဒုံးကျည်စမ်းသပ်မှုများကို မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းမလဲဆိုသည်ကို ဆွေးနွေးခဲ့ကြသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ရန် ဝန်ကြီးများက အတည်ပြုခဲ့ကြသည်ဟု သိရသည်။



အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးသည် မြောက်ကိုရီးယားနိုင်ငံနှင့် သံတမန်အဆက်အသွယ်ရှိကြသည်။ တီလာဆန်က အာဆီယံနိုင်ငံများအနေဖြင့် မြောက်ကိုရီးယားနိုင်ငံနှင့် ဆက်ဆံရေးကို ပြန်လည်သုံးသပ်ရန် တောင်းဆိုမှုပြုလုပ်ခဲ့သည်ဟု ယူဆရသည်။

ပြည်ပနိုင်ငံများသို့ စေလွှတ်ထားသည့် မြောက်ကိုရီးယား သံတမန်များသည် သံတမန်အခွင့်အရေးကိုအသုံးချပြီး ၎င်းတို့၏ နျူကလီးယားနှင့် ဒုံးကျည်နည်းပညာ ဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေရှာကာ ခိုင်မာအောင်ပြုလုပ်နေခြင်းဖြစ်သည်ဟု အမေရိကန်အစိုးရက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

# အလျူးရှန်းကျွန်းစုများအနီး သမုဒ္ဒရာရေပြင်၌ ရုရှားဗုံးကြဲလေယာဉ်များ ပျံသန်းခဲ့ဟုဆို

**မော်စကို မေ ၆**

ရုရှားလေတပ်မှ မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်များသည် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ အလျူးရှန်းကျွန်းစုများတစ်လျှောက် နိုင်ငံတကာ ရေပြင်ထက်တွင် ပျံသန်းခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယမန်နေ့က ပြောကြားသည်။

မေ ၄ ရက်တွင် တီယူ-၉၅ အမ်အက်စ် ဗုံးကြဲလေယာဉ်များသည် အက်စ်ယူ-၃၅ အက်စ်ဘက်စုံသုံးတိုက်လေယာဉ်များ လိုက်ပါလျက် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ အလျူးရှန်းကျွန်းများတစ်လျှောက် နိုင်ငံတကာလေကြောင်းပိုင်နက်အတွင်း ပျံသန်းခဲ့ကြောင်း၊ ယင်းသို့ ပျံသန်းခဲ့ခြင်းမှာ ၎င်းတို့ စီစဉ်ထားသည့်အတိုင်း နိုင်ငံတကာ ဥပဒေများနှင့်အညီ လေကြောင်းပိုင်နက်ကို အသုံးပြုပြီး ပျံသန်းခဲ့ခြင်းဖြစ်ကာ မည်သည့်နိုင်ငံ၏ လေကြောင်းပိုင်နက်ကိုမျှ ချိုးဖောက်ခြင်းမရှိကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

**ဆင်ဟွာ။**

■

# ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့ အမြန်လမ်းမကြီး တည်ဆောက်မည်

**ဟိုချီမင်းစီးတီး မေ ၆**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းစီးတီးနှင့် ကမ္ဘောဒီးယားနိုင်ငံ မြို့တော်ဖနောင်ပင်တို့အား ဆက်သွယ်မည့် အလျား ၁၉၅ ကီလိုမီတာရှိသည့် အမြန်လမ်းမကြီးတစ်ခုကို တည်ဆောက်မည်ဖြစ်ကြောင်း၊ လမ်းမကြီးတည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာသန်း ၆၅၀ ခန့် ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဗီယက်နမ်သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက မေ ၅ ရက်တွင် ပြောကြားသည်။

အဆိုပါ အမြန်လမ်းမကြီး၏ဗီယက်နမ်ဘက်အပိုင်းသည် ဟိုချီမင်းစီးတီးမှ တောင်ဘက်ပိုင်းတောနင်းပြည်နယ်ရှိ မော့ဘိုင်စ်နိုင်ငံတကာနယ်စပ်ဂိတ်အထိ ၆၅ ကီလိုမီတာရှည်လျားမည်ဖြစ်ပြီး ၁၃၀ ကီလိုမီတာရှည်လျားသည့်အပိုင်းမှာ ကမ္ဘောဒီးယားနိုင်ငံ ဆေဗီယင်းပြည်နယ် ဗာဘက်မြို့မှ မြို့တော်ဖနောင်ပင်အထိ ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဌာနက ပြောကြားသည်။

**ဆင်ဟွာ။**

# အင်ဒိုနီးရှားတွင် အကျဉ်းသား ၂၀၀ အကျဉ်းထောင်ဖောက်ပြေးမှုဖြစ်

**ဂျကာတာ မေ ၆**

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းပေါ်တွင် အကျဉ်းသားများ ပြည့်ကျပ်နေသည့် အကျဉ်းထောင်တစ်ခုမှ အကျဉ်းသား ၂၀၀ ထောင်ဖောက်ပြေးမှုဖြစ်ပွားခဲ့သည်။ ရဲတပ်ဖွဲ့က ပြန်လည်ဖမ်းဆီးထိန်းသိမ်းခဲ့ရာ အကျဉ်းသား ၁၄၀ ပြန်လည်ဖမ်းမိခဲ့ပြီး အကျဉ်းသား ၆၀ လွတ်မြောက်နေဆဲဖြစ်သည်ဟု သိရသည်။

ရီယာပြည်နယ် ပက်ကန်ဘာရူမြို့ရှိ အကျဉ်းထောင်သည် မေ ၅ ရက် မွန်းလွဲပိုင်းတွင် ထောင်ဖောက်ပြေးမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။



အကျဉ်းထောင်အတွင်းရှိ ဘာသာရေးအဆောက်အအုံတွင် ဝတ်ပြုဆုတောင်းကြပြီးနောက် နေရထိုင်ရသည်မှာ အလွန်ကျပ်တည်းလှသည်ဟု အကျဉ်းသားများက စောဒကတက်ခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ထို့နောက် အကျဉ်းသားအချို့က အကျဉ်းထောင်ပေါက်ဝကို ဖျက်ဆီးကာ ထွက်ပြေးခဲ့ကြခြင်းဖြစ်သည်။

လွတ်မြောက်နေသည့် အကျဉ်းသားများသည် အကျဉ်းသားဝတ်စုံများကို လဲလှယ်ကာ သာမန်အရပ်သားများအဖြစ် ဟန်ဆောင်နေကြခြင်း ဖြစ်ဖွယ်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် အကျဉ်းထောင်များတွင် အကျဉ်းသားများ အဆမတန်များပြား ကျပ်တည်းနေမှုမှာ ဖိအားပေးခံနေရသည့် ပြဿနာတစ်ခုဖြစ်သည်။ ပက်ကန်ဘာရူမြို့ရှိ အကျဉ်းထောင်သည် အကျဉ်းသား ၃၆၀ သာထားရှိရမည့် အကျဉ်းထောင်ဖြစ်သော်လည်း အကျဉ်းသား ၁၈၀၀ ခန့်အထိ နေထိုင်နေရသည်။

**အင်န်အိတ်ချ်ကေ။**

# တူရကီတောင်ပိုင်းတွင် အိုင်အက်စ်များဟု သံသယရှိသူ ၁၂ ဦးအား ဖမ်းဆီး

**အန်ကာရာ မေ ၆**

အစ္စလာမ့်စ်နိုင်ငံ ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)နှင့် အဆက်အသွယ်ရှိသည်ဟု သံသယရှိသူ ၁၂ ဦးအား တူရကီနိုင်ငံတောင်ပိုင်း အာဒါနာပြည်နယ်တွင် မေ ၅ ရက် နံနက်ပိုင်းက တူရကီရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ဒေသတွင်း သတင်းမီဒီယာက ဖော်ပြသည်။

ထောက်လှမ်းရေးသတင်းများအရ တူရကီရဲအဖွဲ့က မတူညီသော နေရပ်လိပ်စာပါ နေရာကိုးနေရာတွင် တစ်ပြိုင်နက်တည်း စစ်ဆင်ရေး ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့က ပစ်မှတ်ထားသော လူနေအိမ်များနှင့် ပတ်ဝန်းကျင်ဒေသတွင် ရှာဖွေရေးလုပ်ငန်းကို အထူးလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

အိုင်အက်စ်အဖွဲ့နှင့် ဆက်သွယ်မှုရှိသည်ဟူသော သံသယဖြင့် ဖမ်းဆီးခဲ့သူ ၁၂ ဦးအထဲမှ နှစ်ဦးမှာ အီရတ်နိုင်ငံသားများဖြစ်ပြီး အခြားငါးဦးမှာ ဆီးရီးယားနိုင်ငံသားများဖြစ်သည်။ ဖမ်းဆီးခံရသူများထဲတွင် တူရကီနိုင်ငံသားငါးဦးလည်းပါဝင်သည်ဟု တူရကီအစိုးရ သတင်းဌာန အန်ဒိုလူက ဖော်ပြသည်။

**ဆင်ဟွာ။**

# ဘိုကိုဟာရမ်စစ်သွေးကြွများက လေးနှစ်အတွင်း ကလေးငယ် ၃၉၀၀ သတ်ဖြတ်

**နယူးယောက် မေ ၆**

လေးနှစ်တာကာလအတွင်း ကလေးသူငယ် ၃၉၀၀ ခန့်ကို သတ်ဖြတ်ခဲ့သည့် နိုင်ဂျီးရီးယားနိုင်ငံ အခြေစိုက် အစ္စလာမ့်စ်အစွန်းရောက် ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့ကို ကုလသမဂ္ဂအဖွဲ့က ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချခဲ့သည်။

ကုလသမဂ္ဂအဖွဲ့ကြီးက နိုင်ဂျီးရီးယားနိုင်ငံတွင် ဖြစ်ပွားသည့် လက်နက်ကိုင်ပဋိပက္ခများ၊ ကလေးသူငယ်များအရေးနှင့် ပတ်သက်သည့် အစီရင်ခံစာတစ်စောင်ကို မေ ၄ ရက်တွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါအစီရင်ခံစာတွင် ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၆ ဒီဇင်ဘာလအတွင်း ဘိုကိုဟာရမ်အဖွဲ့သည် ကလေးသူငယ် ၃၉၀၀ ကို သတ်ဖြတ်ခဲ့သည်ဟု ဖော်ပြထားသည်။

အဆိုပါကာလအတွင်း ကလေးငယ် ၇၃၀၀ သည် သေရာပါမည့်ကိုယ်လက်အင်္ဂါချို့တဲ့သည့် ဒဏ်ရာများ ရရှိခဲ့ကြသည်ဟု ဖော်ပြထားသည်။ ထို့ပြင် မိန်းကလေးငယ် ၇၀ အပါအဝင် ကလေးငယ် ၉၀ သည် အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှု ၅၆ ခုတွင် အသုံးချခံခဲ့ကြရသည်။ ၂၀၀၉ ခုနှစ်ကတည်းက မိန်းကလေးငယ်များနှင့် အမျိုးသမီး ၇၀၀၀ ခန့်သည် လိင်ပိုင်းဆိုင်ရာ အဓမ္မကျူးလွန်ခံခဲ့ကြရသည်။ ဘိုကိုဟာရမ်အဖွဲ့က ၂၀၁၄ ခုနှစ်တွင် ကျောင်းသူ ၂၀၀ ကျော်ကို ပြန်ပေးဆွဲခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်သော်နျူး ဂူးတဲလ်ရက်ရှ်က နိုင်ဂျီးရီးယားအစိုးရအနေဖြင့် ဘိုကိုဟာရမ်စစ်သွေးကြွများကို နှိမ်နင်းတိုက်ခိုက်သည့် စစ်ပွဲများအတွင်း ကလေးသူငယ်များ ထိခိုက်မှုမရှိအောင်ဆောင်ရွက်ရန် တိုက်တွန်းထားသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ။**



# ပုဂံယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ သတင်းစာရှင်းလင်းပွဲ ကျင်းပ

**ညောင်ဦး မေ ၆**

ပုဂံယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ယနေ့နံနက်ပိုင်းက ကျင်းပသည်။



သတင်းစာရှင်းလင်းပွဲတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပုဂံဒေသယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးနှင့် ပတ်သက်၍ စက်တင်ဘာလအကုန်တွင် တင်ပြချက်စာတွဲ(၁)မူကြမ်း (Nomination Dossier) ကို တင်သွင်းရမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် တင်ပြစာတွဲ (Nomination Dossier) နှင့် စီမံခန့်ခွဲမှု အစီအစဉ်စာတွဲ(၂) (Management Plan) တင်သွင်းရမည်ဖြစ်ပါကြောင်း၊ ထိုသို့တင်သွင်းအပြီး ပုဂံယဉ်ကျေးမှုဒေသသို့ (ICOMOS)မှ လာရောက်စစ်ဆေးမည်ဖြစ်ပြီး ဒေသခံလူထုသဘောထားများပါ မေးမြန်းမည်ဖြစ်ပါကြောင်း။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးလုပ်ငန်းကို ၁၉၉၆ ခုနှစ်ကတည်းက စတင်ခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ပါကြောင်း၊ ပုဂံဒေသကို ၂၀၁၇-၂၀၁၈ ခုနှစ် ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် ၂၀၁၄ ခုနှစ်က ပြန်လည်ဆောင်ရွက်ခဲ့ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်သည့်အခါ မမြင်ရသည့်အကျိုးအမြတ်မှာ အမျိုးသားရေး ဂုဏ်သိက္ခာဖြစ်ပါကြောင်း၊ အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် ယခုနှစ်တွင် ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးကိစ္စ နှောင့်နှေးကြန့်ကြာခဲ့မည်ဆိုလျှင် အမျိုးသားရေးဂုဏ်သိက္ခာဆိုင်ရာ အခွင့်အလမ်းတစ်ရပ် ဆုံးရှုံးရမည်ဟုမှတ်ယူရမည်ဖြစ်ကြောင်း။

ရှေးဘိုးဘွားများ နှစ်ပေါင်းထောင်ချီတည်ဆောက်ခဲ့၍ ယဉ်ကျေးမှုအမွေအနှစ်များကို ဒေသခံများဖြစ်ကြသည့် သားစဉ်မြေးဆက်များက ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအချိန်ကာလသည် ကမ္ဘာ့ဒေသအနှံ့အပြား သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်နေရချိန်ဖြစ်၍ နောင်နှစ်ပေါင်းများစွာ ကြာမြင့်လာချိန်တွင် မြေပေါ်၊ မြေအောက်ရှိ ရှေးဟောင်းအမွေအနှစ်များ တည်တံ့ခိုင်မြဲရန် ထိန်းသိမ်းနိုင်သည့် အခြေအနေရှိမည်မဟုတ်ကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခြင်းအားဖြင့် ပုဂံဒေသရှိယဉ်ကျေးမှုအမွေအနှစ်များကို UNESCO နှင့် UNESCO အဖွဲ့ဝင် ခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံများ၊ အလှူရှင်နိုင်ငံများ၏ နည်းပညာနှင့် ငွေကြေးပံ့ပိုးကူညီမှုများ ရရှိမည်ဖြစ်ကြောင်း။

၂၀၁၈ ခုနှစ်တွင် မြောက်ဦးဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းသွားမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်ကိုလည်း UNESCO သို့ ယာယီအမည်စာရင်းတင်သွင်းသွားမည်ဖြစ်ကြောင်း၊ ၁၉၉၈ ခုနှစ် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးဥပဒေသည် ခေတ်ကာလနှင့် လိုက်လျောညီထွေမဖြစ်တော့သဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လိုက်နာနိုင်ရေး ပြင်ဆင်ရေးဆွဲသွားမည်ဖြစ်ကြောင်း၊ အလားတူ ပုဂံဒေသဇုန် ပြင်ဆင်သတ်မှတ်ပြဋ္ဌာန်းခြင်း မဆောင်ရွက်နိုင်ပါက ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရန် ဆောင်ရွက်လျက်ရှိသည့် တင်ပြစာတွဲများရေးသားရန် ကျန်သည့်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်၍ မရနိုင်ကြောင်းနှင့် အချိန်မီတင်သွင်းနိုင်မည် မဟုတ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပုဂံဒေသယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးလုပ်ငန်းများ၊ ပုဂံဒေသအတွင်း ငလျင်ဒဏ်ခံဘုရားများ ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် UNESCO မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယနေ့ကျင်းပသော ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးအတွက် နယ်နိမိတ်သတ်မှတ်ခြင်းနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲအခမ်းအနားသို့ UNESCO မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

**(နိုင်လင်းကြည်)**



# မြန်မာကိုယ်စားလှယ်အဖွဲ့ ဝယ်လင်တန်သို့ လေ့လာရေးခရီးထွက်ခွာ

**နေပြည်တော် မေ ၆**

နယူးဇီလန်နိုင်ငံ နိုင်ငံ့ဝန်ထမ်းကော်မရှင်၏ ဖိတ်ကြားချက်၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၏ ကူညီပံ့ပိုးမှုဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ဦးဆောင်၍ ဗဟိုအဖွဲ့အစည်း ဝန်ကြီးဌာနများဖြစ်သည့် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးတို့မှ ဒုတိယဝန်ကြီးများ၊ အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်များအဆင့်နှင့်အထက် အဆင့် မြင့်အရာထမ်း ကိုယ်စားလှယ် စုစုပေါင်း ၁၂ ဦးပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့**(အပေါ်ပုံ)**သည် မေ ၈ ရက်မှ ၁၂ ရက်အထိ နယူးဇီလန်နိုင်ငံ ဝယ်လင်တန်မြို့တွင် နယူးဇီလန်နိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းစဉ်များကို လေ့လာရန်အတွက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ဝယ်လင်တန်မြို့သို့ လေ့လာရေးခရီးထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# ဖိနပ်စက်ရုံ(ကျောက်ဆည်)တွင် အရည်အသွေးမီဖိနပ်များ စတင်ထုတ်လုပ်သည့်အခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်စက်မှုနယ်မြေရှိ စက်မှုဝန်ကြီးဌာနမှ Reva Co., Ltd.သို့ ငှားရမ်းထားသည့် ဖိနပ်စက်ရုံ(ကျောက်ဆည်)၌ ကျင်းပသည့် Reva Co., Ltd. နှင့် တရုတ်နိုင်ငံ Gao Yuan Enterprises Development တို့ နည်းပညာပူးပေါင်း၍ နိုင်ငံတကာ စံချိန်စံညွှန်းမီအရည်အသွေးမြင့်ဖိနပ်များ စတင်ထုတ်လုပ်သည့် အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဖိနပ်စက်ရုံ (ကျောက်ဆည်) နှင့် ဖိနပ်စက်ရုံခွဲ (ဖော့ကန်)တို့ကို ပြည်ထောင်စုအစိုးရအဖွဲ့၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်တို့ဖြင့် Reva Co., Ltd. သို့ EVA Sole, Rubber Slipper များနှင့် ဖိနပ်အမျိုးမျိုးထုတ်လုပ်ရန် နှစ်(၅၀) ငှားရမ်းထားပါကြောင်း၊ နိုင်ငံပိုင်စက်ရုံများကို ရေရှည်တွင် ပုဂ္ဂလိကနှင့် အကျိုးတူဆောင်ရွက်ခြင်း(Public Private Partnership-PPP)၊ ပုဂ္ဂလိကနှင့် ဖက်စပ်ဆောင်ရွက်ခြင်း (Joint Venture-JV)၊ ပုဂ္ဂလိကသို့ နှစ်ရှည်ငှားရမ်းခြင်း (Long Lease)၊ ပုဂ္ဂလိကသို့ အပြီးအပိုင်လွှဲပြောင်းခြင်း (Privatization) နည်းလမ်းတို့ဖြင့် အဆင့်ဆင့် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က လုပ်ငန်းရှင်များအနေဖြင့် ရရှိလာမည့် အမြတ်အစွန်းအချို့မှ သင့်တော်သည့် ရာခိုင်နှုန်းဖြင့် ဝန်ထမ်းများနှင့် စက်ရုံပတ်ဝန်းကျင်ရှိ ပြည်သူလူထုတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ကျခံသုံးစွဲရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ Reva Co., Ltd. ဥက္ကဋ္ဌ ဦးမောင်မောင်သောင်းက လုပ်ငန်းများ လည်ပတ်ဆောင်ရွက်ခဲ့သည့် အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် Gao Yuan Enterprises Development ဥက္ကဋ္ဌ Mr. Jeck နှင့် H & M Supply Change Manager Mr. Damien တို့က ကြိုဆို နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်နှင့် Reva Co., Ltd. ဥက္ကဋ္ဌဦးမောင်မောင်သောင်း၊ Gao Yuan Enterprises Development ဥက္ကဋ္ဌ Mr. Jeck၊ H & M Supply Change Manager Mr.Damien, Reva Co.,Ltd. မှ ဦးမြင့်သိန်းတို့က နိုင်ငံတကာ အဆင့်မီအရည်အသွေးမြင့် ဖိနပ်များ စတင်ထုတ်လုပ်သည့် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စက်ရုံအတွင်း လုပ်ငန်းလည်ပတ် ဆောင်ရွက်လျက်ရှိသည့် နည်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)သို့ ရောက်ရှိပြီး လူနာတင်ယာဉ် တပ်ဆင်ထုတ်လုပ်နေမှု အခြေအနေကိုလည်းကောင်း၊ အမှတ်(၇) အထည်စက်ရုံ(မြစ်သား)သို့ ရောက်ရှိပြီး KoKoMyintCo.,Ltd နှင့် ပူးပေါင်း၍ အိန္ဒိယနည်းပညာဖြင့် (၁/၄၀)စီ ပေါင်းချည်ထုတ်လုပ်နေမှု အခြေအနေတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆည်ရေသောက် တောင်သူများနှင့် ကြိုတင်ညှိနှိုင်းဆွေးနွေးပွဲ ပြုလုပ်

**ပေါင်းတည် မေ ၆**

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တရားဝင်ဖွံ့ဖြိုးရေးချေးငွေ JICA ODA LOAN ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော ဝဲကြီးဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း၊ စီမံကိန်းတတိယနှစ် လုပ်ငန်းများဖော်ဆောင်မည့် ဒေသအတွင်းရှိ ဆည်ရေသောက်တောင်သူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၂)နှင့် ဦးစီးအရာရှိများ၊ JICA အတိုင်ပင်ခံအဖွဲ့မှ အကြံပေးပုဂ္ဂိုလ်များသည် မေ ၄ ရက်က ပေါက်အိုင်ကြီးကျေးရွာအုပ်စု ဉသျှစ်ကုန်းကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ တွေ့ဆုံ၍ လုပ်ငန်းဆက်လက်ဆောင်ရွက်မည့်အစီအစဉ်နှင့် ဆည်ရေသောက်တောင်သူများ၏ လိုအပ်ချက်များကို တွေ့ဆုံညှိနှိုင်းမှုပြုလုပ်ကြသည်။ **(၄၉၇)**

# ဘာကြောင့် ကောလာဟလဖြစ်တာလဲ

ဖြိုးဝေ(မဟာဝိဇ္ဇာ)

**ဖြစ်ရပ်(၁)**

သရေခေတ္တရာနောက်ဆုံးမင်းဆက်ဖြစ်သည့် သုပညာနဂရစိန္ဒမင်းလက်ထက်က အမျိုးသမီးငယ်တစ်ဦးသည်အိမ်ရှေ့တွင် ဆန်ကောနှင့်ဆန်ပြာနေတုန်း လေပွေကြီးတစ်ခု တိုက်လိုက်သည့်အတွက် အမျိုးသမီးငယ်၏ လက်ထဲမှဆန်ကောသည် လွင့်ပါသွားလေသည်။ အမျိုးသမီးငယ်က 'ငါ့ဆန်ကော-ငါ့ဆန်ကော'ဟု အော်ဟစ်ပြီး ပြေးလွှားလိုက်ဖမ်းသောအခါ လူအများက ထွက်ကြည့်ရာကနေ 'ငါ့ဆန်ကော- ငါ့ဆန်ကော'ဟူသော အမျိုးသမီးငယ်၏စကားသည် လူအများအကြားတွင် 'ငစကောတပ်ကြီး' ချီတက်လာပြီဟု ကောလာဟလတစ်ခုလို ချက်ချင်းပျံ့နှံ့သွားလေသည်။ ဤသို့ဖြင့် လူအများ ကြောက်လန့်တကြား ပြေးလွှားရာကနေ နာမကျန်းဖြစ်နေသော သုပညာနဂရစိန္ဒမင်းလည်း ထိတ်လန့်တကြားအသံတွေကြောင့် နတ်ရွာစံပြီး သရေခေတ္တရာပြည်ပျက်ကာ သရေခေတ္တရာမင်းဆက်လည်း ပျက်သုဉ်းသွားခဲ့ရသည်။

**ဖြစ်ရပ်(၂)**

ဒုတိယကမ္ဘာစစ်ဖြစ်ပြီးစက မိန်းမြို့ကို တရုတ်လူမျိုးကျောင်းဆရာတစ်ဦး ခရီးသွားဧည့်သည်အဖြစ်ရောက်လာပြီး လက်ထဲမှာလည်း ခရီးသွားလမ်းညွှန်မြေပုံစာအုပ်ကိုင်ထားသည်။ ကျေးလက်ဒေသဖြစ်သဖြင့် တောင်ကုန်းတောင်တန်းပေါ်ကနေ နေဝင်ဆည်းဆာကို ကြည့်၍ ဒေသခံတစ်ဦးအား တောင်ကုန်းပေါ်တက်သည့်လမ်းကို မေးမြန်းစုံစမ်းရာမှ 'ဂျပန်သူလျှိုတစ်ဦး ကင်မရာတစ်လုံးနဲ့ နယ်မြေအနေအထားကို ဓာတ်ပုံရိုက်ဖို့ တောင်ကုန်းပေါ်တက်သွားပြီ"ဆိုသည့် ကောလာဟလသည် တစ်ခဏအတွင်း ပျံ့နှံ့သွားပြီး ထိတ်လန့်တကြားဖြစ်ခဲ့ကြသည်။

**ဖြစ်ရပ်(၃)**

မကြာသေးခင်က ဘဏ်ကြီးတစ်ဘဏ်နှင့်ပတ်သက်သည့် ကောလာဟလထွက်ပေါ်ခဲ့ သလို နိုင်ငံ့ခေါင်းဆောင်တို့နှင့်ပတ်သက်သည့် ကောလာဟလများ လူမှုကွန်ရက်အပါအဝင် လူအများအကြား ပျံ့နှံ့ခဲ့သည်။

အထက်ပါဖြစ်ရပ်များလို ကောလာဟလအမျိုးမျိုးသည် လူ့အဖွဲ့အစည်းအတွင်း မကြာခဏဖြစ်ပွားလေ့ရှိသလို ပျံ့နှံ့နှုန်းကလည်း အလွန်လျင်မြန်သည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် လူမှုကွန်ရက်အသုံးပြုမှု တစ်ဟုန်ထိုးမြင့်တက်လာပြီးနောက် လူမှုကွန်ရက်ပေါ်တွင် ကောလာဟလအမျိုးမျိုး မကြာခဏဖြစ်ပွားလေ့ရှိသလို လူမှုကွန်ရက်မှတစ်ဆင့် သတင်းစာမျက်နှာများပေါ်တွင်ပါ ပျံ့နှံ့ရာမှ လူ့အဖွဲ့အစည်းအတွင်း ကောလာဟလဂယက်ကြောင့် မလိုလားအပ်သည့် ပြဿနာများ၊ စိုးရိမ်ထိတ်လန့်မှုများနှင့် ပဋိပက္ခများဖြစ်ပွားလေ့ရှိသည်။ ထိုသို့ လူ့အဖွဲ့အစည်းအတွင်း မကြာခဏဖြစ်ပေါ်ပြီး သက်ရောက်မှုလည်း ပြင်းထန်တတ်သည့် ကောလာဟလအကြောင်းသည် စိတ်ဝင်စားစရာကောင်းသလို ကောလာဟလများ အဘယ်ကြောင့် ဖြစ်ပွားလေ့ရှိသနည်း၊ ကောလာဟလမှန်း လူအများမသိလို့လား၊ ကောလာဟလဖြစ်လာလျှင် ကောလာဟလမှန်း မည်သို့သိနိုင်သနည်း စသည့် မေးခွန်းများနှင့်အတူ လူမှုဆက်ဆံရေးစိတ်ပညာရှင်များ (Social Psychologists)အကြား ကောလာဟလအကြောင်းသည် အထူးစိတ်ဝင်စား စရာတစ်ခုဖြစ်ခဲ့ပြီး သုတေသနလေ့လာမှုပေါင်း များစွာလုပ်ခဲ့ကြသည်။ ယခုဆောင်းပါးတွင် ကောလာဟလများ ပျံ့နှံ့ရခြင်းအကြောင်းအရင်းကို လူမှုဆက်ဆံရေးစိတ်ပညာအရ လေ့လာဖော်ထုတ်ထားသည်များကို တင်ပြသွားပါမည်။

**ကောလာဟလဟူသည်**

ကောလာဟလဆိုသည့် မြန်မာဝေါဟာရသည် ပါဠိဝေါဟာရ ကောလာဟလကို တိုက်ရိုက်ယူသုံးထားခြင်းဖြစ်ပြီး သူ့အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် ၁။ တစ်စုံတစ်ရာဖြစ်ပေါ်မည့်အကြောင်း ကြိုတင်သတိပေးသော ကြွေးကြော်စကား၊ ကြိုတင်ဖြစ်ပေါ်နေသောသတင်း၊ ၂။ အခြေအမြစ်မရှိသော သတင်းဟု ဖွင့်ဆိုထားသည်။ အင်္ဂလိပ်လို Rumour ဟုခေါ်သည့် ကောလာဟလ၏ အဓိပ္ပာယ်မှာတော့ 'မှန်ကန်ကြောင်း အတည်မပြုနိုင်သည့် လူပြောများသည့် သတင်းနှင့် ဖြစ်ရပ်'ဟုဆိုသည့်အတွက် မြန်မာအဘိဓာန်တွင်ပါသည့် နံပါတ်နှစ်အဓိပ္ပာယ်နှင့်သွားတူသည်။ မှန်ကန်ကြောင်းအတည်မပြုနိုင်သည့် လူပြောများသည့် သတင်းနှင့်ဖြစ်ရပ်ဟု အဓိပ္ပာယ်ရသည့် ကောလာဟလ(Rumour)ကို ဆက်ဆံရေးစိတ်ပညာရှင်များက လေ့လာရာတွင် ကောလာဟလဟုတ်၊ မဟုတ်သိနိုင်သည့် ကောလာဟလ၏ အခြေခံအင်္ဂါရပ် လေးခုရှိသည်ဟု ဆိုသည်။

ထိုအင်္ဂါရပ် (၄) ခုမှာ-

၁။ သတင်းအချက်အလက်ပေးခြင်း၊

၂။ ပျံ့နှံ့ရောက်ရှိနိုင်မှုရှိခြင်း၊

၃။ မှန်ကန်ကြောင်းအတည်မပြုနိုင်ခြင်း၊

၄။ကြောင်းကျိုးဆီလျော်ပြီး ဆက်စပ်မှုရှိခြင်း တို့ဖြစ်သည်။

**၁။ သတင်းအချက်အလက်ပေးခြင်း** - ကောလာဟလဆိုသည်မှာ လူအများဝေမျှသည့် သဘောထားအမြင်များကိုသာ ဆိုလိုခြင်းမဟုတ်။ သတင်းအချက်အလက်ပေးခြင်းကို ဆိုလိုသည်။ ကောလာဟလမှန်လျှင် သတင်းအချက်အလက် အဖြစ်အပျက်တစ်ခုခုဖြစ်ရမည်ဖြစ်သည်။

**၂။ ပျံ့နှံ့ရောက်ရှိနိုင်ခြင်း** - ကမ္ဘာကြီးပြားသည်ဟု သင်ယူဆလျှင် ထိုအယူအဆကို တခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ မပြောပြပါက ပျံ့နှံ့ရောက်ရှိမှုမရှိနိုင်သည့်အတွက် ကောလာဟလမဟုတ်ပေ။ ကောလာဟလမှန်လျှင် လူအများအကြား အလျင်အမြန်ပျံ့နှံ့ရောက်ရှိနိုင်သည်။

**၃။ မှန်ကန်ကြောင်းအတည်မပြုနိုင်ခြင်း** - အင်္ဂါရပ်လေးခုတွင် အဓိကသော့ချက်အင်္ဂါရပ်ဖြစ်သည်။ သင့်မိတ်ဆွေတစ်ယောက်တွင် ကလေးရနေပြီဆိုသည့် သတင်းကို အခြားမိတ်ဆွေများကို ပြောပြသည့်အခါ သူတို့သည် ထိုကလေးပုံကို ဖေ့စ်ဘွတ်ကနေမြင်ပြီးသားဖြစ်ပါက ထိုသတင်းသည် ကောလာဟလမဟုတ်တော့ချေ။ သတင်းအချက်အလက်ပေးခြင်းနှင့် ပျံ့နှံ့ရောက်ရှိနိုင်ခြင်းဆိုသည့် အင်္ဂါရပ်များနှင့် ကိုက်ညီသည့်အတွက် ကောလာဟလဟု ဆိုလို့မရဘူးလားဟု မေးစရာရှိသည်။ သို့သော် မှန်ကန်ကြောင်း အတည်ပြုနိုင်သည့်အတွက် ကောလာဟလဟုပြောလို့မရတော့ပေ။ သတင်းအချက်အလက်ပေးခြင်းနှင့် ပျံ့နှံ့ရောက်ရှိခြင်းဟူသည့် အင်္ဂါရပ်များဖြင့် ကိုက်ညီသော်လည်း မှန်ကန်ကြောင်း အတည်မပြုနိုင်ခြင်းဆိုသည့် အင်္ဂါရပ်နှင့်မကိုက်ညီလျှင် ကောလာဟလဟု ဆို၍မရပေ။

**၄။ ကြောင်းကျိုးဆီလျော်ပြီး ဆက်စပ်မှုရှိခြင်း** - ကောလာဟလများသည် လူအများသိချင်သည့် မေးခွန်းကိုဖြေပေးနိုင်သည်။ သင့်ကုမ္ပဏီတွင် ဝန်ထမ်းများလျှော့ချနေပြီဆိုသည့် ကောလာဟလသတင်းထွက်လာပါက သင်နှင့်ကြောင်းကျိုးဆီလျော်ဆက်စပ်မှုရှိသည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုကောလာဟလသည် သင့်ဘဝအပေါ် သက်ရောက်မှုရှိနိုင်သောကြောင့်ဖြစ်သည်။ အချို့ကတော့ ကောလာဟလပျံ့နှံ့မှုကို 'အုပ်စုလိုက်အတွေ့အကြုံကို အဓိပ္ပာယ်ဖော်သည့် လုပ်ဆောင်ချက်'ဟုခေါ်သည်။ အဘယ်ကြောင့်ဆိုသော် ကောလာဟလများသည် လူအများကို ဒွိဟဖြစ်စေသည့်အခြေအနေတစ်ခုကို နားလည်စေသောကြောင့်ဖြစ်သည်။

**ကောလာဟလဖြန့်ရသည့်အကြောင်းရင်းများ**

လူများသည် မရှင်းလင်းသည့် အကြောင်းအရာတစ်ခုကို နားလည်သဘောပေါက်ရန် ကောလာဟလကို ဖြန့်လေ့ရှိသည်။ ကောလာဟလများသည် ကမ္ဘာကြီး၏ ရှုပ်ထွေးနေသည့်အရာတစ်ခုကို ကူညီဖြေရှင်းပေးနိုင်သည်။ ရှေ့က ဖြစ်ရပ်များကိုကြည့်လျှင် ကြောက်ရွံ့မှုနှင့် ရှုပ်ထွေးမှုဖြစ်နေသည့် လူများအကြားမှာ စိုးရိမ်ပူပန်မှု အထွတ်အထိပ်ရောက်နေသည်ကို တွေ့ရမှာဖြစ်သည်။ ထိုရှုပ်ထွေးမှုကပင် ကောလာဟလကို တံခါးဖွင့်ကြိုဆိုပြီး ကောလာဟလကြောင့်ပင် လူများအကြားမှာ သူတို့မရှင်းလင်းသည့် အကြောင်းအရာတစ်ခုကို သိလာစေသည်။ ကောလာဟလနှင့်ပတ်သက်၍ လူမှုဆက်ဆံရေးစိတ်ပညာရှင်များ၏ အစောပိုင်းလေ့လာမှုတွင် ကောလာဟလများဖြစ်ပွားရသည့် အကြောင်းအရင်း နှစ်ခုကို တွေ့ရှိခဲ့သည်။

ထိုတွေ့ရှိချက်အရ လူများသည် ၁။ သတင်းအချက်နှင့် အသိပညာပေးရန်နှင့် ၂။ စိုးရိမ်ပူပန်မှုကို လျှော့ချရန်အတွက် ကောလာဟလကို ဖန်တီးကြသည်ဟု ဆိုသည်။

၁၉၄၇ ခုနှစ်က ထုတ်ဝေသည့် The Psychology of Rumor စာအုပ်တွင် စာရေးသူစိတ်ပညာရှင် Gordon W.Allport နှင့် Leo J.Postman တို့က သူတို့တွေ့ရှိခဲ့သည့် ကောလာဟလဆိုင်ရာ သီအိုရီသည် ၁။ လူများသည် အဖြစ်အပျက်များနှင့် အကြောင်းအရာဝတ္ထုအမျိုးမျိုးတို့တွင် အဖြေရှာရန်နှင့် ၂။ အရေးကြီးသည့်ကိစ္စတစ်ခုတွင် ဒွိဟဖြစ်စရာနှင့် ရင်ဆိုင်ရသည့်အခါ ကောလာဟလကို ဖန်တီးခြင်းအားဖြင့် အဓိပ္ပာယ်တစ်စုံတစ်ရာကို ရှာဖွေလေ့ရှိသည်ဆိုသည့် ယူဆချက်နှစ်ခုအပေါ်တွင် အခြေခံထားသည်။ ထိုယူဆချက်အရ ကောလာဟလတစ်ခု၏ အရေးပါမှုနှင့် ဒွိဟဖြစ်စေမှုသည် ထိုကောလာဟလ ပျံ့၊ မပျံ့ ကြိုတင်ဟောကိန်းထုတ်နိုင်သည့် သော့ချက်ဖြစ်သည်ကိုတွေ့ရသည်။

ထို့ပြင် ကောလာဟလတစ်ခုအဖြစ် လူအများလက်ခံသည်အထိဖြစ်လာရန် အဆင့်သုံးဆင့်ရှိသည်ဟု ဆိုသည်။ ကောလာဟလဖြစ်လာမည့် သတင်းအချက်အလက်အကြောင်းအရာတစ်ခုကို လူများသည် ၁။ တိုပြီးချုံ့သွားအောင် ညှိပစ်ခြင်း(Leveling)၊ ၂။ အသေးစိတ်အချက်အလက်များကိုချန်ပြီး အချွန်အတက်ထည့်ခြင်း(Sharpening)၊ ၃။ ကြားသည့်သူအတွက် စိတ်ဝင်စားပြီး ယုတ္တိတန်သောကြောင့် လက်သင့်ခံခြင်း(Assimilation) ဆိုသည့် သုံးဖက်သုံးတန်လိုရာဆွဲ အဓိပ္ပာယ်ဖော်ခြင်းမှ ကောလာဟလတစ်ခုအဖြစ် ပျံ့နှံ့သွားသည်ကိုဆိုသည်။ ဖြစ်ရပ်(၂) က တရုတ်ကျောင်းဆရာ အဖြစ်အပျက်ကို ကြည့်ပါက စုံစမ်းမေးမြန်းသည့်အခါ ကျိုးနွံသည့်အချက်နှင့် မည်သည့်လူမျိုးဆိုသည့် အဓိပ္ပာယ်အစစ်အမှန်ကို နားလည်သဘောပေါက်စေမည့် အချက်များကို တိုပြီး ချုံ့သွားအောင်ညှိပစ်(Leveling)လိုက်သည်။ ထို့နောက် အာရှတိုက်သားနှင့်တူသည့် တရုတ်ကျောင်းဆရာကို ဂျပန်သူလျှိုဖြစ်အောင်လုပ်ခြင်းနှင့် လက်ထဲက ခရီးသွားလမ်းညွှန်စာအုပ်ကို နယ်မြေအနေအထား ဓာတ်ပုံရိုက်မည့် ကင်မရာဖြစ်အောင်လုပ်ခြင်းဆိုသည့် အချွန်အတက်(Sharpening)ထည့်ပြီး ပုံကြီးချဲ့ပစ်သည်။ ဤသို့ဖြင့် ကြားသူတိုင်း စိတ်ဝင်စားပြီး ယုတ္တိတန်သည့်ဖြစ်ရပ်တစ်ခုသည် လက်သင့်ခံ(Assimilation)လိုက်ကြပြီး ကောလာဟလတစ်ခုအဖြစ်သို့ ရောက်ရှိပျံ့နှံ့သွားသည်ဟု ဆိုသည်။ တောင်ဩစတြေးလျတက္ကသိုလ် စိတ်ပညာကျောင်းမှ စိတ်ပညာရှင် Bernard Guerin နှင့် Yoshihiko Miyazaki တို့ကတော့ အစောပိုင်းယူဆချက်ဖြစ်သည့် 'လူအများသည် စိုးရိမ်ပူပန်မှုနှင့် ထိတ်လန့်မှုကိုလျှော့ချရန် ကောလာဟလကို ဖြန့်ကြသည်'ဆိုသည့်အချက်ကို ပြောင်းပြန်လှန်ပစ်လိုက်သည်။

သူတို့အဆိုအရ ကောလာဟလပြောခြင်းသည် စိုးရိမ်မှုနှင့် ဒွိဟဖြစ်မှုကို လျှော့ချရန်မဟုတ်ဘဲ သူတို့၏ လူမှုဆက်ဆံရေးကောင်းမွန်ရန်နှင့် ဇာတ်လမ်းကောင်းများဖန်တီးရန် စိုးရိမ်မှုနှင့် ဒွိဟဖြစ်မှုကိုအသုံးပြုခြင်းဖြစ်သည်ဟုဆိုသည်။ ဤသို့ဖြင့် ကောလာဟလသည် လူမှုဆက်ဆံရေးစိတ်ပညာနယ်ပယ်၌ အလွန်လူကြိုက်များသည့် အကြောင်းအရာဖြစ်သော်လည်း ကောလာဟလများကို ကောင်းကောင်းလေ့လာနိုင်ရန် ပိုမိုခက်ခဲလာခဲ့သည်။ သို့သော် ပြီးခဲ့ သည့် နှစ်ပေါင်းများစွာအတွင်းမှာ 'ကောလာဟလဆိုင်ရာစိတ်ပညာ'ဆိုပြီး အသစ်တစ်ဖန် စိတ်ဝင်စားလာခဲ့ကြသည်။ ထိုသို့ စိတ်ဝင်တစားနှင့် သုတေသန လုပ်ရာကနေ ကောလာဟလပျံ့နှံ့ရခြင်းအကြောင်းအရင်း ခြောက်ခုကို တွေ့ရှိခဲ့ ကြသည်။ ထိုခြောက်ခုမှာ -

**၁။ လူများသည် မသေချာမရေရာသည့်အခြေအနေတွင် ကောလာဟလများဖြန့်လေ့ရှိသည်။**

လူများအနေဖြင့် ကမ္ဘာလောကကြီးမှာ ဖြစ်ပျက်နေသည့်အရာ ဘာကြောင့်ဖြစ်သနည်းနှင့် မည်သို့ဖြစ်သနည်းဆိုသည်ကို သေချာမဆုပ်ကိုင်နိုင်သည့်အခါ ကောလာဟလများကို စတင်ဖြန့်လေ့ရှိသည်။ ဥပမာ- ကိုယ်လုပ်နေသည့်ကုမ္ပဏီတစ်ခုတွင် ကိုယ့်လုပ်ဖော်ကိုင်ဖက်တစ်ဦးကို မည်သည့်အကြောင်းပြချက်မျှမရှိဘဲ ဆိုင်းမဆင့်ဗုံမဆင့် အလုပ်ထုတ်လိုက်ပါက သို့လောသို့လောဖြင့် မသေချာမရေရာမှုများဖြစ်လာပြီး ဘာဖြစ်နေသလဲဆိုသည်ကို သိရှိကိုင်တွယ်နိုင်ရန် ကောလာဟလများကို စတင်ဖြန့်ဖြူးတော့သည်။

၁၉၅၅ ခုနှစ်ကလုပ်သည့် လက်တွေ့စမ်းသပ်မှုတစ်ခုတွင် သုတေသနပညာရှင်များသည် အထက်တန်းကျောင်းတစ်ခုမှ ကျောင်းသားတစ်ဦးကို မည်သည့်ဖြေရှင်းချက်မျှမပေးဘဲ ပိပိရိရိဖြင့် ကျောင်းထုတ်ပစ်ခဲ့သည်။ သိပ်မကြာခင်မှာပင် ကျောင်းသားများအကြားမှာ အခြေအနေကို နားလည်ရန်အတွက် ကောလာဟလများ စတင်ပျံ့နှံ့ခဲ့ပါတော့သည်။

**၂။ လူများသည် စိုးရိမ်ပူပန်မှုကို ခံစားရသည့်အခါ ကောလာဟလများ ဖြန့်လေ့ရှိသည်။**

မသေချာမရေရာမှုသည် စိုးရိမ်ပူပန်မှုကိုဖြစ်စေသည်။ လူများသည် ကမ္ဘာကြီးအကြောင်း ရှင်းရှင်းလင်းလင်း နားလည်ချင်ကြသလို မရှင်းမလင်းဖြင့် မသေချာ မရေရာဘူးဟု ခံစားရသည့်အခါတိုင်း စိုးရိမ်ပူပန်မှုဖြစ်လေ့ရှိသည်။ ထို့ကြောင့် စိုးရိမ်ပူပန်မှုကိုယ်တိုင်က ကောလာဟလဖြန့်ဖြူးခြင်းနှင့် ချိတ်ဆက်နေသည်။ သုတေသနလေ့လာမှုများအရ ပိုပြီး စိုးရိမ်ပူပန်တတ်သည့် လူများသည် ပိုပြီး ကောလာဟလဖြန့်ဖြူးလေ့ရှိသည်ကို တွေ့ရသည်။ နောက်ထပ်စိတ်ဝင်စားစရာ လက်တွေ့စမ်းသပ်မှုတစ်ခုတွင်တော့ ကျောင်းသားများကို မကြာခင်ဖြေဆိုရမည့် လူတွေ့မေးမြန်းမှုအတွက် စိုးရိမ်ပူပန်အောင်ဖန်တီးပေးထားသည့်အခါ စိုးရိမ်ပူပန်မှုကို ပိုပြီးခံစားရသည့် ကျောင်းသားများသည် စိုးရိမ်ပူပန်မှုမဖြစ်အောင် လုပ်ထားသည့် ကျောင်းသားများထက် ကောလာဟလကို ပိုဖြန့်လေ့ရှိသည်ကို တွေ့ခဲ့ရသည်။ လေ့လာမှုတစ်ခုအရ ကောင်းတာတစ်ခုခု ဖြစ်လိမ့်မည်ဆိုသည့် 'တောင့်တသည့်ကောလာဟလ'ထက် မကောင်းတာတစ်ခုခု ဖြစ်လိမ့်မည်ဆိုသည့် ကြောင့်ကြသည့် ကောလာဟလက ပိုပြီးပျံ့နှံ့လေ့ရှိသည်ဟုဆိုသည်။ ထိုအချက်ကို ဖေ့ဘုတ်လို လူမှုကွန်ရက်များရှိ ကောလာဟလများနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ကောလာဟလများတွင် တွေ့နိုင်သည်။

**၃။ သတင်းအချက်အလက်သည် အရေးကြီးသည့်အခါ လူများသည် ကောလာဟလဖြန့်လေ့ရှိသည်။**

စာဖတ်သူအနေဖြင့် စာဖတ်သူအလုပ်လုပ်နေသည့် ကုမ္ပဏီနှင့်ပတ်သက်သည့် မည်မျှပင် ပြောချင်နေကာမူ စာရေးသူ စိတ်ဝင်စားချင်မှစားမည်။ အဘယ်ကြောင့် ထိုကောလာဟလသည် စာရေးသူနှင့် ပတ်သက်ဆက်နွှယ်မှု မရှိသောကြောင့်ပင်။ စာရေးသူအနေဖြင့် စာရေးသူအတွက် အရေးကြီးသည့် ကောလာဟလတစ်ခုကိုသာ ပိုပြီးပြောချင်နေတတ်သည်။

စင်စစ် Allportနှင့် Postman တို့၏ 'ကောလာဟလဆိုင်ရာ အခြေခံဥပဒေသ'အရလည်း အခြေအနေတစ်ခု၏ မသေချာမရေရာမှုနှင့် ကောလာဟလ၏ အရေးပါမှုအပေါ်တွင် အခြေခံပြီး ကောလာဟလသည် ပျံ့နှံ့လေ့ရှိသည်ဟု ဆိုသည်မဟုတ်ပါလား။ လေ့လာမှုအမျိုးမျိုးအရ သတင်းအချက်အလက်သည် သူတို့အတွက် အရေးကြီးသည့်အခါ ကောလာဟလကို ပိုမိုဖြန့်ဖြူးလေ့ရှိသည်ကို တွေ့ခဲ့ရသည်။

**၄။ လူများသည် သတင်းအချက်ကို ယုံကြည်သည့်အခါ ကောလာဟလများကို ဖြန့်လေ့ရှိသည်။**

သင့်အနေဖြင့် မည်သို့မျှ ယုတ္တိမတန်ဘူးဟုထင်မြင်သည့် ကောလာဟလတစ်ခုကို ကြားသိရပါက ကောလာဟလဖြန့်ဖြူးသည့်ဖြစ်စဉ်တွင် သင်ပါဝင်လိမ့်မည်မဟုတ်ပေ။ ဥပမာအားဖြင့် လေ့လာမှုတစ်ခုတွင် တက္ကသိုလ်သပိတ်မှောက်မှုတစ်ခုအတွင်း ပျံ့နှံ့ခဲ့သည့် ကောလာဟလများကို လေ့လာခဲ့ရာမှာ ပိုပြီးယုံကြည်ချင်စရာကောင်းသည့် ကောလာဟလများသည် အပျံ့နှံ့ဆုံးဖြစ်သည်ကို တွေ့ခဲ့ရသည်။

**၅။ လူများသည် ကိုယ့်ကိုယ်ကိုယ်မြင်သည့် အမြင်အပေါ် အထောက်အကူပြုသည့် ကောလာဟလများကို ပိုဖြန့်လေ့ရှိသည်။**

သုတေသနလေ့လာမှုပေါင်းများစွာအရ လူများသည် ကိုယ့်ကိုယ်ကိုယ်အပေါ် ကောင်းသည့်အမြင်မျိုး ခံစားချင်လေ့ရှိကြသည်ကို တွေ့ရသည်။

ထိုအမြင်မျိုးခံစားရရန် ကောလာဟလဖြန့်ခြင်းဖြင့် လုပ်ဆောင်နိုင်သည်ဟုဆိုသည်။ ထိုသို့ ဖြစ်ရသည့်အကြောင်းအရင်း များစွာရှိသည့်အနက် တစ်ခုမှာ ကောလာဟလဖြန့်ခြင်းအားဖြင့် ကမ္ဘာကြီးမှာ ဘာဖြစ်တော့မည်ကို ကြိုတင်ပြောနိုင်သည့်လူအဖြစ် သတ်မှတ်ခံရသောကြောင့်ဖြစ်သည်။

**စာမျက်နှာ ၇ သို့ ❖**

# ဘူးသီးတောင်မြို့ ဖွံ့ဖြိုးရေး စည်ပင်သာယာမှ ငွေကျပ်သိန်းပေါင်း ၂၃၀၀ ကျော် သုံးစွဲမည်

သတင်း- မောင်စိန်လွင်၊ လှကျော်(ဘူးသီးတောင်)
ဓာတ်ပုံ - မောင်မောင်သန့် (ကြေးမုံ)

**ဘူးသီးတောင် မေ ၆**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့တွင် မြို့သာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို ပြည်နယ်အစိုးရ ဦးဆောင်ကြီးကြပ်မှုဖြင့် လုပ်ဆောင်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ငွေလုံးငွေရင်းလုပ်ငန်းများသုံးစွဲမှုအနေဖြင့် ငွေကျပ်သိန်းပေါင်း ၂၃၀၀ ကျော်ကို မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် သုံးစွဲသွားမည်ဖြစ်ကြောင်း ဘူးသီးတောင်မြို့ စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

"ဒီနှစ် ဘူးသီးတောင်မြို့သာယာရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းတွေအတွက် ကျွန်တော်တို့စည်ပင်သာယာအဖွဲ့ အနေနဲ့ ငွေကျပ်သိန်းပေါင်း ၂၃၀၀ ကျော် သုံးစွဲသွားဖို့ ရှိပါတယ်။ ဒါက စည်ပင်သာယာအဖွဲ့ပိုင်အနေနဲ့သုံးစွဲမှာပါ။ ပြည်နယ်အစိုးရကချထားပေးမယ့် ဘတ်ဂျက်ငွေမပါသေးပါဘူး။ စည်ပင်သာယာအဖွဲ့ပိုင်ငွေကိုတော့ လောလောဆယ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ လုပ်ငန်းပေါင်း ၂၃ ခုကို အကောင်အထည်ဖော်လုပ်ဆောင်သွားဖို့ လျာထားပြီးပါပြီ။ ပြည်နယ်အစိုးရကတော့ သုံးစွဲဖို့ငွေဘယ်လောက်ချပေးမယ်။ လုပ်ငန်းဘယ်နှခုအကောင်အထည်ဖော်မယ် ဆိုတာကိုတော့ ကျွန်တော်တို့ မသိသေးပါဘူး"ဟု ဘူးသီးတောင်မြို့ စည်ပင်သာယာရေးအဖွဲ့မှ ဦးခင်မောင်သန်း(ဦးစီးအရာရှိ)က ပြောသည်။

မောင်တောခရိုင် ဘူးသီးတောင်မြို့တွင် ယခင်နှစ်ဘတ်ဂျက်က မြို့သာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန် ပြည်နယ်အစိုးရမှ လုပ်ငန်းခြောက်ခုအတွက် ငွေကျပ် ၃၂၆ ဒသမ ၆၇၅ သန်း၊ စည်ပင်သာယာအဖွဲ့ပိုင် ရန်ပုံငွေမှ လုပ်ငန်း ၂၂ ခုအတွက် ငွေကျပ် ၃၁၆ ဒသမ ၆၅၆ သန်း စုစုပေါင်းငွေကျပ် ၆၄၃ ဒသမ ၃၃၁ သန်း သုံးစွဲခဲ့သည်။ ယင်းငွေများဖြင့် ဈေး၊ တံတား၊ မြေထိန်းနံရံ၊ ရေပိုက်လိုင်းသစ်သွယ်တန်းမှု၊ မြို့တွင်းလမ်းများကတ္တရာခင်းခြင်းနှင့် မြို့သာယာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီး ယခုနှစ်တွင် ဘူးသီးတောင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာအဖွဲ့ပိုင် ရန်ပုံငွေဖြင့် ငွေလုံးငွေရင်းများ လျာထားမှုမှာ ငွေကျပ်သိန်းပေါင်း ၂၆၀၀ ကျော်ကို ခန့်မှန်းကုန်ကျငွေ လျာထားသော်လည်း အမှန်တကယ်သုံးစွဲမည့်ငွေပမာဏမှာ ငွေကျပ်သိန်းပေါင်း ၂၃၀၀ ကျော်သာသုံးစွဲသွားမည်ဖြစ်သည်။ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယခုနှစ်တွင် လုပ်ငန်းပေါင်းဘယ်လောက်ချထားပေးမည်၊ ငွေကျပ်ဘယ်လောက်သုံးစွဲခွင့်ပြုမည်ကို မသိရှိသေးကြောင်း ဘူးသီးတောင်မြို့စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

ဘူးသီးတောင်မြို့ စည်ပင်သာယာရေးအဖွဲ့သည် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်တွင် မြို့သာယာဖွံ့ဖြိုးရေးအတွက် ငွေလုံးငွေရင်းလျာထားမှုများကို ပထမသုံးလပတ်၊ ဒုတိယသုံးလပတ်၊ တတိယသုံးလပတ်နှင့် စတုတ္ထသုံးလပတ်ဟူ၍ အပိုင်းလိုက် ခွဲခြားလုပ်ဆောင်သွားမည်ဖြစ်ပြီး ပထမသုံးလပတ်တွင် မြို့ပတ်လမ်းကျောက်ချောခင်းခြင်း၊ မင်းဖလောင်းလမ်းတံတားအမှတ်(၂) တည်ဆောက်ခြင်း၊ ကမ်းနားလမ်းသစ် RC တံတားအမှတ်(၁)တည်ဆောက်ခြင်းစသည့် လုပ်ငန်းငါးခု၊ ဒုတိယသုံးလပတ်တွင် ဦးမြဝါလမ်း RC တံတားတည်ဆောက်ခြင်း၊ ဗန္ဓုလ RC တံတားအမှတ်(၁)နှင့် (၂) တည်ဆောက်ခြင်း၊ မေယဝတီလမ်း တံတားအမှတ်(၃) တည်ဆောက်ခြင်း၊ အမှတ်(၅)နှင့် အမှတ်(၆) ရေတွင်းအမိုး မိုးခြင်း စသည်ဖြင့် လုပ်ငန်းပေါင်း ၁၂ ခု၊ တတိယသုံးလပတ်တွင် ကန်တော်ကြီးအမှတ်(၁)နှင့် အမှတ်(၂) ရေပိုက်လိုင်းများအစားထိုးလဲလှယ်ခြင်းနှင့် ရေပိုက်လိုင်းသစ်အရှည်ပေ ၁၃၀၀ ကျော်တိုးချဲ့သွယ်တန်းခြင်း၊ ဥက္ကာပျံလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ မြစိမ်းရောင်လမ်း ကျောက်ချောခင်းခြင်း စသည်ဖြင့် လုပ်ငန်းငါးခုနှင့် စတုတ္ထသုံးလပတ်တွင် ကန်တော်ကြီးပန်းခြံသစ် တည်ဆောက်ခြင်း၊ အငူမော်လမ်း(မြို့တွင်းပိုင်း) ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ မင်းစောမွန်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း စသည်ဖြင့် လုပ်ငန်းလေးခုတို့ကို မြို့သာယာဖွံ့ဖြိုးရေး လုပ်ငန်းများအဖြစ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဘူးသီးတောင်မြို့ စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာဌာနမှ သိရသည်။ ■



ဘူးသီးတောင်မြို့လယ်ကောင် ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း။

# ဘူးသီးတောင်မြို့သာယာလှပရေး ပြည်သူနှင့်ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်

**ဘူးသီးတောင် မေ ၆**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့သာယာလှပရေးအတွက် ပြည်သူနှင့်ဝန်ထမ်းများ ပူးပေါင်းပါဝင်ကာ အမှိုက်ကောက်ရှင်းလင်းဆောင်ရွက်မှုကို ယနေ့နံနက် ၇ နာရီတွင် ဘူးသီးတောင်မြို့ မေယုလမ်းမပေါ်နှင့် အခြေခံပညာ အထက်ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။



မေယုလမ်းမကြီးပေါ်တွင် ပြည်သူနှင့်ဌာနဆိုင်ရာဝန်ထမ်းများ အမှိုက်ကောက်ရှင်းလင်းနေစဉ်။

ဘူးသီးတောင်မြို့ သာယာလှပရေး မြို့သန့်ရှင်းရေးလုပ်ငန်း အမှိုက်ကောက်ရှင်းလင်းခြင်းကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ယခုနှစ်တွင် ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်သည်။ အပတ်စဉ် စနေနေ့တိုင်း တစ်လလေးကြိမ်နှုန်းဖြင့် ရပ်ကွက်အလိုက်၊ လမ်းအလိုက် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများနှင့် ပူးပေါင်းကာ လုပ်ဆောင်သွားမည်ဖြစ်ပြီး ယနေ့ပထမဆုံးနေ့တွင် ပြည်သူလူထုပူးပေါင်းပါဝင်မှု နည်းခဲ့သည်။ ယခုနှစ်တွင် ပထမဆုံးအကြိမ် ကျင်းပသော ဘူးသီးတောင်မြို့ သာယာလှပရေး ပြည်သူနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်မှုတွင် အမှိုက်ကောက်ရှင်းလင်းရေး ပါဝင်ဆောင်ရွက်မှုအင်အား စုစုပေါင်းဦးရေ ၂၀၀ ခန့်သာရှိပြီး အများစုမှာ ဌာနဆိုင်ရာဝန်ထမ်းများဖြစ်သည်။ ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုနည်းခဲ့ပြီး အင်အား ၂၀ ခန့်သာ ပါဝင်ကြောင်း သိရသည်။

ယနေ့ပြုလုပ်သော မြို့သန့်ရှင်းသာယာလှပရေး အမှိုက်ကောက်ရှင်းလင်းမှုတွင် ပါဝင်ဆောင်ရွက်ခဲ့သောအမှတ်(၁) ရပ်ကွက်မှ ကိုဇော်မျိုးထွန်းက "ကျွန်တော် ဒီနေ့နံနက် သူငယ်ချင်းတွေနဲ့ အမှိုက်ကောက်ရှင်းလင်းရေးမှာပါဖို့ အုပ်ချုပ်ရေးမှူးက ပြောပါတယ်။ ဒါနဲ့အခုလိုသူငယ်ချင်းတွေရော ပါဝင်ပြီးတော့ အမှိုက်ကောက်ဖြစ်ခဲ့တာပါ။ ကျွန်တော့်အနေနဲ့ မြို့ပေါ်အမှိုက်ကောက် ရှင်းလင်းဆောင်ရွက်မှုမှာ ပူးပေါင်းပါဝင်တာ ဒါပထမဆုံးဖြစ်ပေမယ့် နောက်အပတ်တွေမှာလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ စိတ်ကူးရှိပါတယ်။ ကျွန်တော့်လိုပဲ အခုလိုမြို့သာယာလှပရေးအတွက် တစ်ဦးချင်း၊ တစ်ယောက်ချင်းစီက အသိစိတ်ဓာတ်နဲ့ ပြည်သူတွေ ပူးပေါင်းပါဝင်လာရင် ပိုကောင်းမယ်လို့ မြင်ပါတယ်။ ဒီနေ့ပထမဆုံးလုပ်တာဖြစ်တော့ ဌာနဆိုင်ရာတွေကများပြီး ပြည်သူတွေပူးပေါင်းပါဝင်မှုက နည်းနေသေးတာတွေ့ရတယ်" ဟု သူ့အမြင်ကိုပြောသည်။

ဘူးသီးတောင်မြို့ပေါ် သန့်ရှင်းသာယာလှပရေးကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ကြီးကြပ်မှုဖြင့် ပြီးခဲ့သော ၂၀၁၆ ခုနှစ်ကလည်း သုံးကြိမ်တိုင်ပြုလုပ်ခဲ့ပြီး ယခုနှစ်တွင် အပတ်စဉ် စနေနေ့တိုင်းတစ်လလေးကြိမ်နှုန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယနေ့တွင် မေယုလမ်းတစ်လျှောက်နှင့် အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ရှင်းလင်းဆောင်ရွက်ခဲ့ပြီး မေ ၁၃ ရက်တွင် မင်းထီးလမ်းမှ အေးစေတီဘုန်းတော်ကြီးကျောင်းအထိ လည်းကောင်း၊ မေ ၂၀ ရက်တွင် ဗိုလ်ချုပ်လမ်း နတ်ပင်ရင်းခွဆုံမှ သင်္ဘောဆိပ်အထိ လည်းကောင်း၊ မေ ၂၇ ရက်တွင် မင်းဘာကြီးလမ်းတရားရုံးရှေ့မှ အလိုတော်ပြည့် ဘုန်းတော်ကြီးကျောင်းအထိ လည်းကောင်း ပြည်သူနှင့် ဌာနဆိုင်ရာဝန်ထမ်းများပူးပေါင်းကာ မြို့တွင်းသာယာလှပရေးအတွက် အမှိုက်များကောက်ယူရှင်းလင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်၊**
**လှကျော်(ဘူးသီးတောင်)**
**ဓာတ်ပုံ- မောင်မောင်သန့်(ကြေးမုံ)**

**❖ စာမျက်နှာ ၆ မှ**

ထို့အပြင် လူအများက ကိုယ့်ကို သတင်းအချက်အလက်ပေးနိုင်သူအဖြစ် ကိုယ့်ကိုသတ်မှတ်ပြီး ကိုယ့်ဆီက သတင်းအချက်အလက် မျှော်လင့်လာတတ်ကြသည်။ နောက်ထပ်အကြောင်းအရင်းတစ်ခုမှာ ကောလာဟလသည် အခြားအဖွဲ့၏ ကောလာဟလဖြစ်သည့်အခါ ကောလာဟလဖြန့်ခြင်းအားဖြင့် 'မိမိကိုယ်ကိုတန်ဖိုးထားမှု'ကို မြှင့်တင်နိုင်သောကြောင့်ဖြစ်သည်။

လေ့လာမှုတစ်ခုအရ အခြားအဖွဲ့ကို နှိမ့်ချခြင်းအားဖြင့် လူများ၏ မိမိကိုယ်ကို တန်ဖိုးထားမှုကို မြှင့်တင်နိုင်သည်ဟု ဆိုသည်။ ကောလာဟလအများစုကို လေ့လာကြည့်လျှင် လူတစ်စုက အခြားကိုယ်နှင့် ဆန့်ကျင်ဘက်လူတစ်စုအကြောင်းပြောသည့် ကောလာဟလများဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

အဖြေက ရှင်းပါသည်။ ကိုယ်နှင့်ဆန့်ကျင်ဘက်အုပ်စု၏ ဂုဏ်ကိုနှိမ်ပြီး ကိုယ့်အုပ်စု၏ဂုဏ်ကို မြှင့်တင်ခြင်းအားဖြင့် မိမိကိုယ်ကိုလေးစားမှုကို မြှင့်တင်ပေးသောကြောင့်ဖြစ်သည်။

**၆။ လူများသည် သူတို့၏ လူမှုအဆင့်အတန်းကို အထောက်အကူပြုသည့်အခါ ကောလာဟလများကို ဖြန့်လေ့ရှိသည်။**

အကြောင်းအရင်း (၆)သည် အကြောင်းအရင်း (၅)နှင့် တော်တော်လေးဆင်သော်လည်း မသိမသာကွဲပြားမှုတစ်ခုရှိသည်။ အကြောင်းရင်း (၅)တွင် လူများသည် ကိုယ့်ကိုယ်ကိုယ် မြင်သည့်အမြင်ကောင်းရန် ကောလာဟလဖြန့်လေ့ရှိသည်။ သို့သော်အကြောင်းအရင်း(၆)တွင် သူနှင့်မသိမသာကွဲပြားသည့်အချက်မှာ လူများသည် သူတို့၏လူမှုအနှောင်အဖွဲ့ခိုင်မာစေရန် ကောလာဟလကို အသုံးပြုခြင်းဖြစ်သည်။ လူအုပ်စုတစ်ခု၏ နှစ်သက်လက်ခံမှုကို အလိုရှိပါက သူတို့နှင့်ဆန့်ကျင်ဘက်အုပ်စု၏ ကောလာဟလကို ဖြန့်ပေးလိုက်ရုံပင်။ ထိုအချက်နှင့် ပတ်သက်သည့်အထောက်အထားကို လေ့လာမှုများတွင် တွေ့နိုင်သည်။ လေ့လာမှုများအရ သူတို့ပြောသည့် ပုဂ္ဂိုလ်အပေါ်မူတည်ပြီး ကောလာဟလများသည် အမျိုးမျိုးကွဲပြားသွားလေ့ရှိသည်ဟုဆိုသည်။ သူတို့နှင့်ပတ်သက်သည့် လူအုပ်စုမှ လူဆိုလျှင် ထိုလူနှင့်ပတ်သက်ပြီး အပြုသဘောဆောင်သည့် ကောလာဟလကိုသာ ဖြန့်လေ့ရှိသော်လည်း သူတို့နှင့် ဆန့်ကျင်ဘက်အုပ်စုမှလူဆိုလျှင် အပျက်သဘောဆောင်သည့် ကောလာဟလများကို ဖြန့်လေ့ရှိသည်။ အဓိကအချက်ကတော့ အခြားသူများ၏ လေးစားအထင်ကြီးမှုကို ရချင်သောကြောင့် လူများသည် ကောလာဟလများကို ပိပိရိရိဖြန့်ခြင်းဖြစ်သည်။

**ကောလာဟလ၏သားကောင်များ**

နိဂုံးချုပ်ရလျှင် ကောလာဟလများသည် လူ့အဖွဲ့အစည်းအသီးသီးတွင် အချိန်မရွေး နေရာမရွေးဖြစ်နိုင်သလို လူများ၏စိတ်ခံစားမှုများကြောင့် ဖြစ်ပေါ်လာသည့်အတွက် လူရှိနေသရွေ့ ကောလာဟလသည် လူ့အဖွဲ့အစည်းမှာ ဖြစ်ပေါ်နေဦးမည်ဖြစ်သည့်အတွက် ကောလာဟလနှင့် လူ့အဖွဲ့အစည်းသည် ဒွန်တွဲနေသည်ဟု ဆိုရမည်ဖြစ်သည်။ လူ၏ စိတ်ခံစားချက်ပေါ်တွင် အခြေတည်ပြီး ဖြစ်ပေါ်လာခြင်းဖြစ်သည့်အတွက် လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ပညာအဆင့်အတန်းမရွေး ကောလာဟလကို ဖန်တီးဖြန့်ဖြူးသူနှင့် လက်ဆင့်ကမ်းဖြန့်ပေးသူဖြစ်နိုင်သလို ထိုသို့ဖြန့်ဖြူးမှုကြောင့် ကိုယ်နှင့် လူ့အဖွဲ့အစည်းအပေါ် ဆိုးကျိုးသက်ရောက်စေနိုင်ပြီး လူမှုဆက်ဆံရေးကောင်းမွန်မှုနှင့် ဇာတ်လမ်းများဖန်တီးရန်အတွက် စိုးရိမ်ပူပန်မှုနှင့် ဒွိဟဖြစ်မှုများကို အသုံးပြုကာ ကောလာဟလများကို တမင်ဖြန့်ဖြူးသူနှင့် ထပ်ဆင့်ဖြန့်ဖြူးသူများဖြစ်လာကြပေသည်။ သို့သော် ကောလာဟလ၏ အင်္ဂါရပ်များနှင့် ကောလာဟလပျံ့နှံ့နိုင်သည့် အကြောင်းအရင်းများကိုသိထားပါက သတင်းအဖြစ်အပျက်တစ်ခုအကြားကောလာဟလဟုတ်၊ မဟုတ် ခွဲခြားသိပြီး ရှောင်ရှားနိုင်သော်လည်း လူသည် စိတ်ခံစားချက်များရှိပြီး ပတ်ဝန်းကျင်နှင့်ကင်းလို့မရသည့် ဆက်ဆံရေးသတ္တဝါ(Social Animal)ဖြစ်သည့်အတွက် ပတ်ဝန်းကျင်၏ ဖိအားကြောင့်ဖြစ်စေ၊ မိမိ၏စိတ်ခံစားချက်များကြောင့်ဖြစ်စေ ကောလာဟလကို ဖန်တီးသူနှင့် ဖြန့်ဖြူးသူဖြစ်သွားပြီး ကောလာဟလ၏ သားကောင်ဘဝ အချိန်မရွေး နေရာမရွေးကျရောက်သွားနိုင်ပေသည်။ ကောလာဟလအမျိုးမျိုးဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအမြတ်ထုတ်နေကြသည့် ယနေ့ကမ္ဘာကြီးတွင် ယခုဆောင်းပါးပါ ကောလာဟလ၏ သဘောသဘာဝများကို နားလည်ပြီး ကောလာဟလ၏ သားကောင်အဖြစ်မှလွတ်မြောက်နိုင်ပါစေကြောင်း ရည်ရွယ်ရေးသားလိုက်ရပါသည်။ ॥

**ရည်ညွှန်း-**

၁။ *Rumor Psychology by Nicholas DiFonzo and Prashant Bordia*
၂။ *Analyzing rumors, gossip and urban legends through their conversational properties by Bernard Guerin and Yoshihiko Miyazaki*
၃။ *The Basic Psychology of Rumor by Gordon W.Allport and Leo.J.Postman*
၄။ *The Tipping Point by Malcolm Gladwell*

# မန္တလေးမြို့ရှိ မဟာမုနိ၊ ကုသိုလ်တော်နှင့် ကျောက်တော်ကြီးဘုရားတို့တွင် ဆေးလိပ်မသောက်ခြင်းဖြင့်ကုသိုလ်ယူပါ ဆိုင်းဘုတ်များစိုက်ထူမည်

**မန္တလေး မေ ၆**

ဆေးလိပ်ငွေ့ကင်းစင်နယ်မြေအဖြစ် သတ်မှတ်ထားသည့် မန္တလေးမြို့ရှိ မဟာမုနိ၊ ကုသိုလ်တော်နှင့် ကျောက်တော်ကြီးဘုရားတို့တွင် ဘုရားပရဝဏ်အတွင်း ဆေးလိပ်မသောက်ခြင်းဖြင့်ကုသိုလ်ယူပါ ဆိုင်းဘုတ်များ ချိတ်ဆွဲတပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ဆေးလိပ်ငွေ့ကင်းစင်ရေးကော်မတီမှ မန္တလေးမြို့ရှိ အဆိုပါဘုရားသုံးဆူတွင် ဆေးလိပ်ငွေ့ကင်းစင်ရေးနယ်မြေအဖြစ် ပထမဆုံးသတ်မှတ်ခဲ့ပြီး မေ ၃ ရက်က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ခြောက်ထပ်ဆောင်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့ ပူးတွဲကျင်းပသည့် မန္တလေးတိုင်းဒေသကြီးအတွင်း ဆေးလိပ်ငွေ့ကင်းစင်ရေးနယ်မြေများထူထောင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် မဟာမုနိဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းက မဟာမုနိဘုရားပရဝဏ်အတွင်း ယခုကဲ့သို့ ရေးသားစိုက်ထူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"ဒီလုပ်ငန်းအတွက် ဘာမှထောက်ပံ့ပေးစရာ မလိုပါဘူး။ ကျွန်တော်တို့ အလှူရှင်တွေနဲ့တိုင်ပင်ပြီး ဆောင်ရွက်သွားမှာပါ။ ဆရာတော်ကြီးတွေကို လျှောက်ထား ဩဝါဒခံယူပြီးတာနဲ့ စလုပ်မယ်။ ဆရာတော်ကြီးတွေက ခွင့်ပြုရင် LED ဘုတ်တွေနဲ့ သတိပေးမှုတွေပါ လုပ်ဆောင်သွားပါမယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထို့ပြင် ကျောက်တော်ကြီးဘုရားတွင်လည်း ဆေးလိပ်သောက်ခြင်းနှင့် ကွမ်းစားခြင်းအန္တရာယ် သတိပေးနှိုးဆော်ချက်စာတမ်းများကို သုံးပေ၊ ခြောက်ပေ ဗီနိုင်းဆယ်ချပ်ဖြင့်ရေးသားကာ ကျောက်တော်ကြီးဘုရားတွင် သာမက မြို့တည်၊ နန်းတည် သတ္တဌာနအဆောင်များ၌လည်း မေ ၅ ရက်မှစ၍ ချိတ်ဆွဲဆိုက်ထူထားပြီးဖြစ်ကြောင်း ကျောက်တော်ကြီးဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာသုဓမ္မာ ဦးကျော်ဝင်းက ပြောသည်။

"ဆေးလိပ်ကို မိမိတစ်ဦးတည်းသုံးစွဲတာ အကြောင်းမဟုတ်ပေမယ့် လူအများရှိနေတဲ့ နေရာမှာသုံးစွဲမိရင် ကိုယ်တစ်ယောက်တည်းခံစားရမယ့် ရောဂါကို အများကို ဝေငှပေးသလိုဖြစ်နေတယ်။ ဒါကြောင့် အခုစီမံချက်က နိုင်ငံအတွက် သာမက ပြည်သူတွေအတွက်ပါ အကျိုးရှိတဲ့အတွက် မြို့နယ်အနှံ့အပြား အများသူငါသွားလာမှုများတဲ့ နေရာတိုင်းမှာ ဒီလိုသတိပေးဆိုင်းဘုတ်တွေ ချိတ်ဆွဲသွားဖို့ အကြံပြုပါတယ်"ဟု ၎င်းက ပြောသည်။

မန္တလေးဆေးတက္ကသိုလ်တွင် ဇန်နဝါရီ ၁၁ ရက်မှ စ၍ ဆေးလိပ်ငွေ့ကင်းစင်သော တက္ကသိုလ်အဖြစ် သတ်မှတ်ကာ ကျောင်းဝင်ပေါက်၌ ဆေးလိပ်ငွေ့ကင်းစင်သော တက္ကသိုလ်ဟု ဗီနိုင်းဖြင့် ရေးသားချိတ်ဆွဲထားပြီး ကျောင်းအတွင်း၌လည်း ဆေးလိပ်သောက်ခွင့်မရှိသော နေရာအဖြစ် သတိပေးဗီနိုင်းများရေးသားချိတ်ဆွဲထားကြောင်း အဆိုပါတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်လွင်က ပြောကြားသည်။

"ကျွန်တော်တို့ ကျောင်းအတွင်းမှာ ဆေးလိပ်သောက်တာတွေ့ရင် ပထမအကြိမ် ခေါ်ယူသတိပေးမယ်။ ဒုတိယအကြိမ် မိဘကိုခေါ်ပြောမယ်။ တတိယအကြိမ်ဆိုရင်တော့ ငွေကျပ်သုံးသောင်း ဒဏ်ငွေဆောင်ခိုင်းမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီး ဆေးလိပ်စွဲနေတဲ့ ကျောင်းသားတွေနဲ့ ဝန်ထမ်းတွေကို ဆေးလိပ်ဖြတ်နိုင်မယ့်နည်းလမ်းတွေ ပညာပေးလုပ်ဆောင်ဖို့အထိစီစဉ်ထားပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ ဆေးလိပ်ငွေ့ကင်းစင်နယ်မြေများကို မန္တလေးမြို့အတွင်း၌လည်း အများပြည်သူသွားလာရာ၊ စုဝေးရာနေရာများဖြစ်သည့် ဆေးရုံ၊ ဘဏ်၊ ကျောင်း၊ တက္ကသိုလ်၊ အစိုးရရုံးများ၊ ရထားဘူတာရုံများနှင့် လေဆိပ်များစသည့်နေရာများတွင် ဆက်လက်သတ်မှတ်ပေးမည်ဖြစ်သကဲ့သို့ ဆေးလိပ်သောက်ရန် နေရာများကိုလည်း တစ်ပြိုင်နက်တည်း သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

◆ **နိုင်ငံရေးမှ**

၃။ NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် DPN မှ အဆိုပြုထားသော အချက်(၉)ချက်နှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးနေစဉ်ကာလအတွင်း နှစ်ဖက်အကြား အပြန်အလှန်ကတိကဝတ်ပြုချက် (Deed of Commitment-DoC)ရေးထိုးနိုင်ရေးကိုလည်း ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

၄။ ထို့အပြင် ငြိမ်းချမ်းရေးကော်မရှင်အနေဖြင့် နိုင်ငံရေးပြဿနာများကို စစ်ရေးနည်းဖြင့်ဖြေရှင်းဆောင်ရွက်ခြင်းမပြုဘဲ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲဖြင့် အဖြေရှာနိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးပါဝင်ရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)တွင် လက်မှတ်ရေးထိုးနိုင်ရေးတို့အတွက် လက်မှတ်ရေးထိုးခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးနှင့် ဆွေးနွေးညှိနှိုင်းရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည့်အပြင် ထိုသို့ဆွေးနွေးရာတွင် NCA လမ်းကြောင်းအတိုင်း ဆက်လက်ဆွေးနွေးညှိနှိုင်းမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

# တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် မေ ၆**

၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီမှစတင်ကာ ဝဏ္ဏသိဒ္ဓိ အားကစားပြိုင်ပွဲရုံ(C)၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အမျိုးသမီးအသင်းလိုက် ဗိုလ်လုပွဲပွဲစဉ်နှင့် အမျိုးသားအသင်းလိုက် ဗိုလ်လုပွဲပွဲစဉ် ယှဉ်ပြိုင်ကစားကြခဲ့သည်။ ပြိုင်ပွဲများအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသက်စံက အမျိုးသမီးအကောင်းဆုံးအားကစားသမားဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ လင်းလက်ဖြိုးနှင့် အမျိုးသားအကောင်းဆုံးအားကစားသမားဆုရ မန္တလေးတိုင်းဒေသကြီးအသင်းမှ ဇော်လင်းထွန်းတို့အား လည်းကောင်း၊ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင်က အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များ ချီးမြှင့်ခဲ့သည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အမျိုးသမီးတံခွန်စိုက် ဒိုင်းဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ အမျိုးသားတံခွန်စိုက် ဒိုင်းဆုရ မန္တလေးတိုင်းဒေသကြီးအသင်း၊ စုပေါင်းတံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား တံခွန်စိုက်ဒိုင်းဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

# မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့များ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၆**

ဂျပန်နိုင်ငံ အိုဆာကာ ကင်းထောက်အမျိုးသမီးကောင်စီ နှစ်(၇၀)ပြည့် အခမ်းအနား တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်နှင့်အဖွဲ့သည် မေ ၅ ရက် ညပိုင်းက ဂျပန်နိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။



ဂျပန်နိုင်ငံ အိုဆာကာ ကင်းထောက်အမျိုးသမီးကောင်စီ နှစ်(၇၀)ပြည့် အခမ်းအနားကို မေ ၂ ရက်မှ ၄ ရက်အထိ ဂျပန်နိုင်ငံ အိုဆာကာမြို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်နှင့် ဂျပန်နိုင်ငံ အိုဆာကာကင်းထောက် အမျိုးသမီးကောင်စီ၏ ဂုဏ်ပြုခံပုဂ္ဂိုလ်အဖြစ် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် နိုင်ငံတကာကင်းထောက်မှူး ဦးမောင်မောင်ဝင်းတို့ တက်ရောက်ခဲ့ကြသည်။

ထို့ပြင် ကမ္ဘာ့ကင်းထောက်အဖွဲ့ လုပ်ငန်းများ လေ့လာသင်ကြား ဆွေးနွေးနိုင်ရေး၊ နိုင်ငံတကာရှိ ကင်းထောက်များ ရင်းနှီးချစ်ခင်မှုရရှိစေရေး၊ နိုင်ငံအလိုက် ရိုးရာယဉ်ကျေးမှုများ အချင်းချင်းသိရှိနားလည်ဖလှယ်နိုင်ရေးရည်ရွယ်၍ နိုင်ငံတကာ ကင်းထောက်ခေါင်းဆောင်များ တွေ့ဆုံပြီး ကင်းထောက်လုပ်ငန်းများ လေ့ကျင့်သင်ကြားဆွေးနွေးပွဲကို ဧပြီ ၂၆ ရက်မှ မေ ၂ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ Adelbodenမြို့ရှိ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်ရုံး Our Chalet Centre၌ ကျင်းပခဲ့ရာ အဆိုပါ လေ့ကျင့်သင်ကြား ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ ကင်းထောက် အမျိုးသမီးအဖွဲ့ချုပ် လေ့ကျင့်ရေးနှင့် သင်တန်းတာဝန်ခံ ဒေါ်မြတ်သဉ္ဇာထွန်းနှင့် အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံမှ မြန်မာနိုင်ငံသို့ မေ ၄ ရက်က ပြန်လည်ရောက်ရှိလာခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အင်္ဂလိပ်စာပညာဒါန သင်တန်းဖွင့်

**ရန်ကုန် မေ ၆**

သွေးမေတ္တာပရဟိတအသင်းမှ အခမဲ့အင်္ဂလိပ်စာ ပညာဒါနသင်တန်းကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ် (၂)ရပ်ကွက် အင်းလျားရွာသစ်ကျောင်း၌ မေ ၆ ရက်မှ စတင်ဖွင့်လှစ်သင်ကြားခြင်းဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

"အသင်းမှာလာပြီး လုပ်အားပေးတဲ့လူငယ်တွေနဲ့ သွေးလှူရှင်တွေကို ပြန်ပြီးကျေးဇူးဆပ်တဲ့အနေနဲ့ ဒီသင်တန်းကိုဖွင့်လှစ်ဖြစ်တာပါ" ဟု သွေးမေတ္တာပရဟိတအသင်းဥက္ကဋ္ဌ ဦးဇော်ဇင်မြင့်မောင်က ပြောကြားသည်။

သင်တန်းကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များ၌ မွန်းလွဲ ၂ နာရီမှ ညနေ ၃နာရီခွဲထိသင်တန်းချိန်နှင့် ညနေ ၄ နာရီ မှ ညနေ ၅ နာရီခွဲအထိ သင်တန်းချိန်ဟူ၍ တန်းခွဲနှစ်ခုဖွင့်လှစ်မည်ဖြစ်ပြီး မည်သူမဆိုလာရောက်သင်ကြားနိုင်ကြောင်း သိရသည်။

**(ခင်မောင်သော်)**

# မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပထမပွဲစဉ်)တွင် နိုင်နိုင်လင်း ဗိုလ်စွဲ

**ရန်ကုန် မေ ၆**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ ကြီးမှူး၍ Mottama Holdings Ltd.၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပထမပွဲစဉ်) စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ ရေပြာတပ်မတော်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲနောက်ဆုံးနေ့အပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက ပြိုင်ပွဲအား ပံ့ပိုးကူညီသည့် Mottama Holdings Ltd.အား အမှတ်တရလက်ဆောင်ပေးအပ်ရာ Mottama Holdings Ltd.ဒါရိုက်တာ ဦးခင်မောင်တင့်က လက်ခံရယူသည်။ ယင်းနောက် ပြိုင်ပွဲအား လက်ခံကျင်းပပေးသော ရေပြာတပ်မတော်ဂေါက်ကွင်းအား အမှတ်တရလက်အောင်နှင့် လှူဒါန်းငွေကျပ်သိန်း ၃၀ ကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အမှုဆောင် ဦးကျော်ကျော်မြင့်က ပေးအပ်ရာ ရေပြာဂေါက်ကွင်းမှ အမှတ်(၉၄၈) ဆောက်လုပ်ရေးတပ်ခွဲ (အင်ဂျင်နီယာ)မှ တပ်မှူး ဗိုလ်မှူး ကျော်မိုးသွင်က လက်ခံရယူသည်။ ဆက်လက်၍ ဝါသနာရှင်အဆင့် (အမျိုးသမီး) ပြိုင်ပွဲ ပထမဆုရ မေဦးခိုင်နှင့် ဒုတိယဆုရ ဧကရီဝင်းထွန်းတို့အား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အမှုဆောင် အထက်မြန်မာပြည်ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးတင်ကိုကိုက ဆုများချီးမြှင့်သည်။ ထို့နောက် ဝါသနာရှင်အဆင့် (အမျိုးသား)ပြိုင်ပွဲ ပထမဆုရ မောင်မဲနှင့် ဒုတိယဆုရ လင်းသဲတို့အား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက ဆုချီးမြှင့်သည်။ ယင်းနောက် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်က ပညာရှင်အဆင့်တွင် သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက် လျှော့ရိုက်ပြီး စုစုပေါင်းရိုက်ချက် ၂၇၈ ချက်ဖြင့် ပထမဆုရရှိခဲ့သည့် နိုင်နိုင်လင်း (Taylormade) အား ဆုချီးမြှင့်သည်။ ဆက်လက်၍ ပထမဆုရရှိခဲ့သည့် နိုင်နိုင်လင်း (Taylormade) အား Mottama Holdings Ltd. ဒါရိုက်တာ ဦးခင်မောင်တင့်က ဆုကြေးငွေချက်လက်မှတ်ပေးအပ်ချီးမြှင့်သည်။

**(ဖိုးသော်ဇင်)**

❐

# မှုခင်းနှင့် ပြစ်မှုများဆိုင်ရာ အသိပညာပေးဟောပြော

**မော်လမြိုင် မေ ၆**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ ရဲမှူးကြီးဘိုဘိုဦး လမ်းညွှန်ချက်ဖြင့် မုဒုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြအောင်ဦးဆောင်သော မှုခင်းအသိပညာပေးပြခန်း မော်တော်ယာဉ်သည် မုဒုံမြို့နယ် ကော့ပရံကျေးရွာတောင်ပိုင်းသို့ မေ ၅ ရက်က သွားရောက်ကာ အဆိုပါကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အတူ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများအား မှုခင်းအသိပညာပေးဟောပြောခဲ့ကြသည်ဟု သိရသည်။

ဟောပြောပွဲတွင် သက်ငယ်မုဒိမ်းမှုများနှင့် ပြစ်မှုများနှင့်ပတ်သက်သော အကြောင်းအရာများ၊ ယာဉ်စည်းကမ်း/လမ်းစည်းကမ်းဆိုင်ရာများ၊ လူကုန်ကူးခံရခြင်းနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့မှ ဆောင်ရွက်နေမှုများ၊ မှုခင်းကျဆင်းရေးအကြောင်းများကို အသိပညာပေးရှင်းပြခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးကာ မှုခင်းအသိပညာပေးပြခန်းမော်တော်ယာဉ်ပါ ပိုစတာများကို ရှင်းပြခဲ့ကြောင်း သိရသည်။

**(မြို့နယ်ရဲတပ်ဖွဲ့)**

# တစ်သက်တာ ကျန်းမာပျော်ရွှင်စွာနေထိုင်နိုင်ရေးအတွက် လိုအပ်သောဘဝနေထိုင်မှုပုံစံဆိုင်ရာ စာတမ်းဖတ်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၆**

မြန်မာနိုင်ငံ ဆေးပညာရှင်များအဖွဲ့က ဦးစီးကျင်းပသည့် တစ်သက်တာ ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် လိုအပ်သောဘဝနေထိုင်မှုပုံစံဆိုင်ရာ စာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာန၏ အဓိကရည်မှန်းချက်များဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေထိုင်နိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းရေး စသည့် အချက်များပြည့်မီနိုင်ရန် လုပ်ဆောင်ရာတွင် မိမိတို့အနေဖြင့် မည်မျှပင်အားစိုက်လုပ်ဆောင်သော်လည်း ပြည်သူလူထု၏ ကျန်းမာရေးဆိုင်ရာ အသိ၊ ခံယူမှု၊ အလေ့အထ စသည်တို့ကို အခြေခံသည့်ဘဝနေထိုင်မှုပုံစံများ ကောင်းမွန်စွာပြောင်းလဲတိုးတက်လာခြင်းမရှိပါက အဆိုပါရည်မှန်းချက်ပန်းတိုင်များသို့ ရောက်ရှိရန် ခက်ခဲနေဦးမည်ဖြစ်ပါကြောင်း။

ရောဂါဖြစ်ပွားလာနိုင်သည့် ခန္ဓာကိုယ်တွင်းပြောင်းလဲမှု အခြေအနေများကို ကြိုတင်သိရှိရန်နှင့် ရောဂါဖြစ်ပွားမှုများကို စောစီးစွာသိရှိ၍ ရောဂါနောက်ဆက်တွဲ ဆိုးကျိုးများ မခံစားရစေရန် ပြည်သူလူထုအတွင်း ပုံမှန်ကျန်းမာရေး စစ်ဆေးသော အလေ့အထများရရှိစေရန်နှင့် အဓိကကျသော စစ်ဆေးမှုများကို စျေးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်နိုင်ရန်အတွက်လည်း ဆေးပညာရှင်ကြီးများက ဝိုင်းဝန်းဆွေးနွေးပေးစေလိုပါကြောင်း၊ ကျန်းမာပျော်ရွှင်သော၊ ဘဝအရည်အသွေးမြင့်မားသော၊ သက်တမ်းစေ့နေနိုင်သော၊ ရောဂါဘယကင်းဝေးသော ပြည်သူလူထုကြီးဖြစ်လာစေရန် ဝိုင်းဝန်းကြိုးပမ်းကြပါဟု ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနေဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ စာတမ်းဖတ်ပွဲအား ကျင်းပရာ သဘာပတိအဖြစ် ပါမောက္ခ ဒေါက်တာခင်မောင်အေးနှင့် ပါမောက္ခ ဒေါက်တာအောင်ကြီးတို့က ဆောင်ရွက်ကြပြီး ပါမောက္ခ ဒေါက်တာခင်မောင်အေးက အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ အလုပ်အမှုဆောင် ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဒေါက်တာစိုးသိမ်း၊ အမျိုးသားအာဟာရဗဟိုဌာနမှ ဌာနမှူး(ငြိမ်း) ဒေါက်တာအေးသွင်၊ ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ပါမောက္ခ ဒေါက်တာရဲတင့်လွင်၊ ဆေးတက္ကသိုလ်(၂) စိတ်ပညာဌာနမှ ပါမောက္ခ/ဌာနမှူး(ငြိမ်း) ဒေါက်တာလှဌေး၊ ဆေးတက္ကသိုလ်(၁)မှ ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုးတို့က




တစ်သက်တာ ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် လိုအပ်သောဘဝနေထိုင်မှုပုံစံဆိုင်ရာ စာတမ်းများကို အသီးသီးဖတ်ကြားကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် သဘာပတိ ပါမောက္ခဒေါက်တာအောင်ကြီးက နိဂုံးချုပ်စကားပြောကြားကာ စာတမ်းဖတ်ပွဲ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Stephen P. Jose နှင့်အဖွဲ့အား မေ ၅ ရက် မွန်းလွဲပိုင်းက ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် UNFPA Myanmar မှ Country representative ဖြစ်သူ Ms. Janet E. Jackson နှင့် အဖွဲ့အားလက်ခံတွေ့ဆုံပြီး မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ သားဖွားဆရာမများ၏ Professional ကဏ္ဍမြှင့်တင်ရေး၊ အမျိုးသမီးများအခန်းကဏ္ဍမြှင့်တင်ရေး၊ လူငယ်ထု အခန်းကဏ္ဍမြှင့်တင်ရေး၊ ကျား/မ မတူကွဲပြားမှုများလျှော့ချရေးနှင့် အခွင့်အရေးတန်းတူညီမျှစွာရရှိစေရေးကိစ္စရပ်များအား ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## မီးလောင်ဆုံးရှုံးမှုအတွက် မီးအာမခံလျော်ကြေးငွေပေးအပ်

**မိတ္ထီလာ မေ ၆**

IKBZ Insurance (မိတ္ထီလာခရိုင်ရုံးခွဲ)တွင် မီးအာမခံထားရှိသော မိတ္ထီလာမြို့နယ်ရှိ ဒေါ်နီနီခင်ပိုင်အဆောက်အအုံသည် ဧပြီ ၁၄ ရက် နံနက် ၁ နာရီခွဲခန့်က မီးလောင်ဆုံးရှုံးမှုဖြစ်ပွားခဲ့သဖြင့် လျော်ကြေးငွေပေးအပ်ပွဲကို မေ ၅ ရက်က မိတ္ထီလာမြို့ တော်ဝန်နန်းခန်းမ၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် IKBZ အာမခံကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်(ကိုယ်စား)အထွေထွေမန်နေဂျာ ဦးသန်းဇော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အထက်မြန်မာပြည်ရုံးခွဲ တာဝန်ခံ ဦးဝင်းဦးက လျော်ကြေးပေးအပ်ရခြင်းနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် မီးလောင်ဆုံးရှုံးမှုအတွက် မီးအာမခံလျော်ကြေး ငွေကျပ် ၁၇၉၃၅၀၀၀ ကို အထွေထွေမန်နေဂျာ ဦးသန်းဇော်က ဒေါ်နီနီခင်ထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဇော်မင်းအောင်)**

# တောင်ငူမြို့အရှေ့ဘက် ဆိတ်ဖူးတောင်ရေလွှဲဆည်သို့ အပန်းဖြေလာရောက်သူများပြား

**တောင်ငူ မေ ၆**

နေ့အပူရှိန်မြင့်တက်နေခြင်းကြောင့် တောင်ငူမြို့အရှေ့ဘက် (၅)မိုင်ခန့်အကွာရှိ ဆိတ်ဖူးတောင်ရေလွှဲဆည်တွင် အပန်းဖြေလာရောက်လည်ပတ်သူများ နေ့စဉ်များပြားလျက်ရှိသည်ကို မေ ၆ ရက် မွန်းလွဲပိုင်းက တွေ့ရှိခဲ့ရသည်။ တောင်ငူ - သံတောင်ကားလမ်း (၄)မိုင်မှတစ်ဆင့် မြောက်ဘက် ဆိတ်ဖူးတောင်ကျေးရွာသွားလမ်းအတိုင်းသွားရကာ ယင်းကျေးရွာမြောက်ဘက် မလှမ်းမကမ်း၌ (၁၃) မိုင် ချောင်းကိုပိတ်၍ ဆိတ်ဖူးတောင် ရေလွှဲဆည်ကို တည်ဆောက်ထားခြင်းဖြစ်သည်။ “လာကြတာကတော့ နေ့တိုင်းပါပဲ။ အခုအပူချိန်မြင့်တက်တော့ မိသားစုလိုက်အပေါင်းအသင်းမိတ်ဆွေတွေ စုဖွဲ့လာကြတာ မနက်ပိုင်းကတည်းက တစ်နေကုန် ကားစီးရေ ရာနဲ့ချီပြီးလာကြတယ်” ဟု ဆိတ်ဖူးတောင်ကျေးရွာဒေသခံတစ်ဦးကပြောသည်။ လာရောက်လည်ပတ်သူ များပြားလာသည်နှင့် အမျှ စျေးဆိုင်ငယ်လေးများ ဖွင့်လှစ်ရောင်းချလာကြပြီး သစ်ပင်ရိပ်များတွင်အပန်းဖြေအနားယူနေကြသူများ၊ ရေချိုးနေကြသူများကိုလည်း တွေ့ရှိခဲ့ရသည်။ အချို့လာရောက်လည်ပတ်သူများမှာ ဆိတ်ဖူးတောင်ရေလွှဲဆည်သို့လည်ပတ်ပြီးသည်နှင့် တောင်ငူမြို့မှ (၁၃)မိုင်အကွာရှိ ပသိချောင်းသို့ ဆက်လက်သွားရောက်ကြပြီး ရေတာရှည်မြို့အရှေ့ဘက် ခုနစ်မိုင်ခန့်အကွာ ရေလွှဲကျေးရွာအနီးရှိ ကရင်ချောင်းရေတံခွန်သို့ လိပ်သိုကားလမ်းအတိုင်းတက်၍ ထုံးဘိုကြီးကျေးရွာမှတစ်ဆင့် ခရိုင်ချင်းဆက်လမ်းအတိုင်း သွားရောက်နိုင်သေးသည်။ “ပူလွန်းတော့ အေးရာရှာကြတဲ့သဘောပါပဲ။ ဒီနေ့ ရုံးပိတ်ရက်ဆိုတော့ အားလုံးမိသားစုတွေစုပြီး ထွက်လာခဲ့ကြတာ၊ ဆိတ်ဖူးတောင်ရေလွှဲဆည်ကို အရင်ဝင်တာ၊ ပြီးရင် ပသိချောင်းဘက် ဆက်သွားမှာ” ဟု လာရောက် လည်ပတ်သူတစ်ဦးက ပြောသည်။



**ကိုလွင်(ဆွာ)**

### ❑ ရှမ်းယူနိုက်တက်မှ

ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယအကျော့အဖွင့်ပွဲတွင် ပုံစံကောင်းပြသကာ နိုင်ပွဲစတင်ရယူနိုင်ခဲ့သည်။ ယခုပွဲအနိုင်ရလဒ်ကြောင့် ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယနေရာ၌ ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး ထိပ်ဆုံးမှ ရန်ကုန်အသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ အပြောင်းအလဲများ ပြုလုပ်ထားသည့် ဇွဲကပင်အသင်းသည် ရလဒ်ကောင်းရယူနိုင်ခြင်းမရှိဘဲ အဝေးကွင်း၌ ရှမ်းယူနိုက်တက်အသင်းကို အရှုံးပေးခဲ့ရသည်။

ရှမ်းယူနိုက်တက်အသင်းသည် ဒဏ်ရာရနေသည့် နောက်ခံလူ ပက်ထရစ်၊ ပွဲပယ်ခံထားရသည့် ကွင်းလယ်လူ မက်ဆီမင်၊ ITC လက်မှတ်မရသေးသည့် တောင်ကိုရီးယားတိုက်စစ်မှူးသစ် ဟန်ကူဂျင်တို့ ပါဝင်နိုင်ခြင်းမရှိခဲ့ဘဲ ခရစ္စတိုဖာကို ရှေ့တန်းတွင် အထောင်ထားကာ သီဟစည်သူ၊ ဝင်းမင်းထွဋ်၊ ရန်နိုင်ဦး၊ ဟိန်းသီဟဇော်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ဇွဲကပင်အသင်းမှာလည်း အသစ်ခေါ်ထားသည့် ကစားသမားများအပါအဝင် အမာခံကစားသမားများဖြင့် ပွဲထွက်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်းတွင် အမှားအယွင်းမရှိ ကစားနိုင်ခဲ့ပြီး ဇွဲကပင်အသင်းကို ဖိအားပေး ကစားနိုင်ခဲ့သည်။ ဇွဲကပင်အသင်း ရလဒ်ကောင်း ရရန် ကြိုးပမ်းခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်းက ပထမပိုင်းမှာပင် အနိုင်ဂိုးနှစ်ဂိုးရရှိခဲ့သောကြောင့် အခက်တွေ့ခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၃၂ မိနစ်တွင် ရန်နိုင်ဦး၊ ၃၅ မိနစ်တွင် ဇင်မင်းထွန်းတို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲ အနိုင်ရလဒ်ကြောင့် ၁၂ ပွဲကစား ၂၈ မှတ်ဖြင့် ဒုတိယနေရာတွင် ဆက်လက်ရပ်တည်လျက်ရှိသည်။

အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားသည့် GFA အသင်းနှင့် Southern အသင်းတို့ပွဲတွင် Southern အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ Southern အသင်းသည် ယခုပွဲတွင် ပုံစံကောင်းပြသနိုင်ခဲ့ပြီး အသစ်ခေါ်ထားသည့် ရှမ်းယူနိုက်တက်ကစားသမားဟောင်း ဘရာဇီးလ်ကွင်းလယ်လူ ဂူစတာဗို၏ ခြေစွမ်းပြမှုနှင့်အတူ ဒုတိယမြောက်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ Southern အသင်းအတွက် အနိုင်ဂိုးများကို ၆၊ ၆၆ မိနစ်တွင် ဂူစတာဗို၊ ၄၉ မိနစ်တွင် ဝင်းဌေးကျော်တို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၁၂) ဒုတိယနေ့ကို မေ ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပုသိမ်ကွင်း၌ ဧရာဝတီနှင့် ရန်ကုန်၊ တောင်ငူကွင်း၌ ဟံသာဝတီနှင့် ရခိုင်၊ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

### ❂ အိမ်ရှင်မှ

ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပရာ အိမ်ရှင်မြန်မာအသင်း ရွှေတံဆိပ်ဆုဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲဒုတိယနေ့တွင် Event-2 ပြိုင်ပွဲကျင်းပခဲ့ပြီး မြန်မာ(က)နှင့် (ခ)အသင်း၊ ထိုင်း၊ မလေးရှားအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ အုပ်စုပွဲစဉ်များအပြီးတွင် မြန်မာ(က)နှင့် ထိုင်းအသင်းတို့ ဗိုလ်လုပွဲတက်ရောက်ခဲ့ပြီး မလေးရှားအသင်းက ကြေးတံဆိပ်ဆုရရှိခဲ့သည်။ ဗိုလ်လုပွဲတွင် မြန်မာ(က)အသင်းက ထိုင်းအသင်းကို ၂၄၆ မှတ်၊ ၂၂၃ မှတ်ဖြင့် အနိုင်ရခဲ့သည်။ ဆုရရှိသည့် ပထမဆုရ မြန်မာ(က) အသင်း၊ ဒုတိယဆုရထိုင်းအသင်းနှင့် တတိယဆုရ မလေးရှားအသင်းတို့အား အာရှခြင်းလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးကျော်မင်းထွန်းက ဆုများချီးမြှင့်သည်။ ပြိုင်ပွဲနောက်ဆုံးနေ့ကို မေ ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး Event-3 ပြိုင်ပွဲကျင်းပမည်ဖြစ်သည်။ ယခုပြိုင်ပွဲကို (၂၉)ကြိမ်မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ကျင်းပခြင်းဖြစ်ပြီး မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနည်းအား ပြည်ပနိုင်ငံများ စိတ်ဝင်တစားယှဉ်ပြိုင်ကစားလာရန်အတွက် ယင်းနိုင်ငံများ ဆုတံဆိပ်ရယူနိုင်ရန် အဓိကယှဉ်ပြိုင်နေခြင်းဖြစ်သည်။ ယနေ့ပွဲစဉ်များအပြီးတွင် မြန်မာ(က)နှင့် ထိုင်းအသင်းတို့က ရွှေတံဆိပ်တစ်ခုစီဆွတ်ခူးရရှိထားသည်။ **သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ကိုကိုစိုးညွန့်**



# ပန်းမောက်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် စေတီနှင့် အဆောက်အအုံများပျက်စီး

**ပန်းမောက် မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပန်းမောက်မြို့နယ် စီးမော်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာနှင့် ပန်းတင်ကျေးရွာတို့တွင် လူနေအိမ်များ၊ မူကြို ကျောင်း၊ ဘုန်းကြီးကျောင်း၊ စာကြည့်တိုက်၊ ဇရပ်၊ ဓမ္မာရုံများ၏အမိုးများ မေ ၅ ရက် ညနေ ၆ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါပျက်စီးဆုံးရှုံးခဲ့သည့်ကျေးရွာများမှာ စီးမော်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာတွင် ပျဉ်ထောင်သွပ်မိုးနေအိမ် ငါးလုံး၊ ထရံကာသွပ်မိုး နေအိမ်နှစ်လုံး၊ စာကြည့်တိုက်တစ်လုံး၊ ပန်းတင်ကျေးရွာတွင်လည်း ပျဉ်ထောင် သွပ်မိုးနေအိမ် ၁၀ လုံး၊ ထရံကာသွပ်မိုးနေအိမ်နှစ်လုံး၊ မူကြိုကျောင်း တစ်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ ဇရပ်၊ ဓမ္မာရုံနှင့် စေတီ တစ်ဆူတို့ ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာများသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုး ငြိမ်းနှင့် အဖွဲ့ဝင်များက သွားရောက်ကာ ဒေသခံပြည်သူများကို အားပေးစကား ပြောကြားခဲ့သည်။ ဆက်လက်၍ ပျက်စီးခဲ့သည့် အဆောက်အအုံအိမ်မိုးသွပ်များ အတွက် ထာဝရကုမ္ပဏီက သွပ်များထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(ပန်းမောက်)**

# ညောင်တုန်းမြို့ မြစ်ကမ်းပါး ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ မိုးမကျမီ အချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိ

**ညောင်တုန်း မေ ၆**

ဧရာဝတီမြစ်ရေ ရေကြောင်း ထိုးလာခြင်း၊ ပန်းလှိုင်မြစ်ရေတိုက်စားခြင်းတို့ကြောင့် ညောင်တုန်း (၂၁)လမ်း မြစ်ကမ်းပါးရေကာတာမှာ မတ်လ အစောပိုင်းက မြစ်ကမ်းပါး ကွဲအက်နိမ့်ကျမှုများ ဆက်တိုက်ဖြစ်ပေါ်လာသောကြောင့် မြို့မပျက်စီးရေး၊ မြစ်ကမ်းဘေး တာတမံအနီးတွင် နေထိုင်သောသူများ မိုးရာသီတွင် ရေဘေးအန္တရာယ် ကင်းဝေးစွာ နေထိုင်နိုင်ရေးအတွက် မြစ်ကမ်းပါး ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မိုးမကျမီ အချိန်မီ ပြီးစီးနိုင်ရေးအတွက် မေ ၅ ရက်ကစတင်ကာ အင်တိုက်အားတိုက် ပြုလုပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ရေဘေးအန္တရာယ် အထူးစိုးရိမ်ရသော (၂၁/ ၂၂)လမ်း ကမ်းနားတာ အနီးတွင် သံကူကွန်ကရစ်ဘိုးပိုင်များ တည်ဆောက်ခြင်း၊ ပေ ၂၅၀ အရှည် ကျောက်စီမြေထိန်းနံရံများ တည်ဆောက်ခြင်းနှင့် အခြားရေဘေး အန္တရာယ်စိုးရိမ်ရသော (၂၄)လမ်းမှ (၂၇)လမ်းရှိမြစ်ကမ်းတစ်လျှောက်တွင်လည်း သံကူကွန်ကရစ် ဘိုးပိုင်များ တည်ဆောက်ခြင်း၊ ကျောက်စီမြေထိန်း နံရံများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

မြို့ပတ်တာ ပြုပြင်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း၊ မြေသားထိန်းနံရံများတည်ဆောက်ခြင်း၊ (၁၂)လမ်းကမ်းနားတာအနီး၌ ကွန်ကရစ်ဘိုးပိုင်များ တည်ဆောက်ခြင်း၊ ကျောက်စီနံရံများတည်ဆောက်ခြင်း၊ ကွန်ကရစ်နံရံများတည်ဆောက်ခြင်း လုပ်ငန်းများ စသည့် မြစ်ကမ်းပါး ထိန်းသိမ်း ကာကွယ်ရေးလုပ်ငန်းများကို အကြီးစားဆောင်ရွက်ခဲ့ခြင်းများကြောင့် မြို့နေပြည်သူများ ရေဘေး စိုးရိမ်မှုကင်းဝေးခဲ့ရပြီး ရေဘေး အန္တရာယ်မှ ကင်းဝေးခဲ့ရသည်။

မိုးမကျမီ ဧရာဝတီမြစ်ရေမတက်ခင် မြစ်ကမ်းပါးထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ မိုးရာသီရောက်ရှိတော့မည် ဖြစ်သဖြင့် တည်ဆောက်ရေး လုပ်ငန်းများကို အမြန်ဆုံးပြီးစီးရေးအတွက် မြို့နေပြည်သူလုထုက အထူးလိုလားလျက် ရှိနေကြသည်။

**ထွန်းကျော်(ညောင်တုန်း)**

■

# လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့ အမိုးလန်ပျက်စီးမှုဖြစ်ပွား

**ဟသ်ာတ မေ ၆**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ကညင်ငူကျေးရွာအုပ်စုတွင် မေ ၅ ရက် ညနေ ၄ နာရီခန့်က မိုးရွာသွန်းပြီး ရုတ်တရက် လေပြင်းများ တိုက်ခတ်မှုကြောင့် နေအိမ်အချို့ အမိုးလန်ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ကညင်ငူကျေးရွာအုပ်စု မဲဇလီကွင်းကျေးရွာတွင် သွပ်မိုး ထရံကာ လူနေအိမ်နှစ်လုံး အမိုးလန်ပျက်စီးမှုများ ဖြစ်ပွားခဲ့ပြီး ဝမ်းစာဆန် ၁၀ တင်းခန့် မိုးရေစိုပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ အုတ်ပုံကျေးရွာ၌ သွပ်မိုး ထရံကာ လူနေအိမ်တစ်လုံး အမိုးလန် ပျက်စီးမှုဖြစ်ပွားခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ်များအား ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကူညီရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(မြန်/ဆက်)**

# လေပြင်းတိုက်ခတ်မှုကြောင့် ကနီမြို့ပေါ်နှင့် ကျေးရွာအချို့တို့တွင် ပျက်စီးဆုံးရှုံးမှုများရှိ

**ကနီ မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် မေ ၆ ရက် ညနေ ၆ နာရီခန့်က မိုးသီးများကျ၍ မိုးများ သည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကနီမြို့ပေါ်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာအချို့တို့တွင် လူနေအိမ်၊ စာသင်ကျောင်းဆောင်နှင့် သာသနိက အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ကြောင်း ကနဦး သတင်းအရ သိရသည်။

**သန်းဌေးအောင်(ကနီ)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဧပြီ ၂၅ ရက်မှ မေ ၂ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | Dr.ဦးဇေယျ | မြတ်သောပဋိစ္စသမုပ္ပါဒ်ဒေသနာ | ၁၅၀၀ိ/- | |
| ၂ | ညီမင်းအိမ် | ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်ခြင်း | ၃၅၀၀ိ/- | Global Piece Group |
| ၃ | အောင်မိုးဝင်း | အမေရိကန် ကျောင်းသား အမေရိကန်တက္ကသိုလ် | ၂၅၀၀ိ/- | |
| ၄ | Dr.ထွန်းဝင်း | HR မန်နေဂျာတို့အတွက်ဥပဒေသုတ | ၂၄၀၀ိ/- | သရဖီထွန်းဝင်း |
| ၅ | Dr.ထွန်းဝင်း | ဝန်ထမ်းများ စိတ်ရောဂါဖြစ်လျှင် စီမံခန့်ခွဲပုံ | ၂၄၀၀ိ/- | သရဖီထွန်းဝင်း |
| ၆ | မောင်ဆွေမွန် | ကလေးတို့အတွက် စကားလက်ဆောင် စာလက်ဆောင် | ၁၅၀၀ိ/- | ရှင်မတောင် |
| ၇ | တက္ကသိုလ်ဘုန်းမြင့်စံ | အဏ္ဏဝါရေကြောင်းသူရဲကောင်း | ၃၅၀၀ိ/- | Globel Piece Group |
| ၈ | ဒေါင်းနီ | သင်္ဂါရအခွင့်အရေး | ၂၀၀၀ိ/- | |
| ၉ | ကြပ်ကလေး | ရွှေခဲနှင့်ချက္ခဏာ | ၃၅၀၀ိ/- | စိတ်ကူးချိုချို |
| ၁၀ | ဦးခန့်ကျော် | ဂါထာ၊ မန္တန်နှင့် မန္တရားများ | ၁၀၀၀ိ/- | ခန့်ကျော် |
| ၁၁ | ဝင်းငြိမ်း | ကူးတို့ရှင်နှစ်ဦး (ဆရာဇော်ဦး၊ မင်းသုဝဏ်) | ၁၀၀၀ိ/- | Global Piece Group |
| ၁၂ | ကပ္ပတိန် ဝန | ကျွန်တော်နှင့် စာမျက်နှာ(၁၂၀၄၅) | ၂၅၀၀ိ/- | စိတ်ကူးသစ် |
| ၁၃ | မောင်ခင်မင်(ဓနုဖြူ) | မိန်းမယောက်ျားထိုစကား | ၂၀၀၀ိ/- | ဆန်းစသော်တာ |
| ၁၄ | ကဖိုးသီ | ဗီယက်နမ်မှာ ရေးတဲ့စာနှင့် သရော်စာများ | ၂၀၀၀ိ/- | စိတ်ကူးသစ် |
| ၁၅ | ကလောင်စုံ | ကောင်းကင်ပေါ်ကျတဲ့ မိုးစက်များ-၂ | ၃၀၀၀ိ/- | မျိုးဆက်သစ် |
| ၁၆ | ဥယျာဉ်မှူးတစ်ဦး | ဥယျာဉ်မှူးလက်စွဲ(အပူပိုင်းဒေသမှ အစိမ်းရောင်ရှင်သန်မှုများ) | ၂၇၀၀ိ/- | စိတ်ကူးချိုချို |
| ၁၇ | ဦးကျော်ဇေယျ | အိမ်ခြံမြေနှင့် အခြားအရေးကြီး စာချုပ်များ | ၃၅၀၀ိ/- | |
| ၁၈ | အောင်မိုး | စစ်ကကြိုး | ၂၅၀၀ိ/- | နှင်းဆီနီ |
| ၁၉ | တီချယ်လှိုင် | ကမ္ဘာ့ဂန္ထဝင်မြောက်အီစွပ်ပုံပြင်များ | ၂၅၀၀ိ/- | စိတ်ကူးချိုချို |
| ၂၀ | စိန်စိန် | လူ | ၁၈၀၀ိ/- | စိတ်ကူးချိုချို |
| ၂၁ | မိုးယံဇော် | ဝတ္ထုတိုများ | ၂၀၀၀ိ/- | နှင်းဆီနီ |
| ၂၂ | ဟိန်းလတ် | စီမံခန့်ခွဲမှုပညာ | ၃၅၀၀ိ/- | မဇ္ဈိမ |
| ၂၃ | ဆရာဘိုကြီး | အိုလံပစ်သချ်ာ | ၃၅၀၀ိ/- | မဇ္ဈိမ |
| ၂၄ | ချစ်ဝေဝေ | ကလေးတို့အတွက် ရုပ်ပုံများကို ကြည့်၍ English စာအတူတူလေ့လာရအောင် | ၂၅၀၀ိ/- | မဇ္ဈိမ |
| ၂၅ | မင်းသိခ် | တားရော့ဟောနည်း | ၄၅၀၀ိ/- | မျက်ပွင့် |
| ၂၆ | ရဲကျော်မြင့် | လွယ်ကူလေ့လာ အင်္ဂလိပ်-မြန်မာ ဘာသာပြန်ရည်ညွှန်း | ၂၅၀၀ိ/- | မဇ္ဈိမ |
| ၂၇ | ဒေါက်တာ မင်းသိမ်း | ဆီးချိုနှင့်ဆက်နွယ်သော မျက်စိရောဂါများ | ၃၅၀၀ိ/- | အာရုံသစ် |
| ၂၈ | စိုးလွင်-၂၁၁ | ဝမ်ခ(ဟောင်း)တိုက်ပွဲနှင့် ကြမ်းကြမ်းတမ်းတမ်း ဘဝလမ်းများ | | |
| ၂၉ | မြတ်ငြိမ်း | ဖွဲ့မော်ကွန်း | ၂၇၀၀ိ/- | စိတ်ကူးချိုချို |
| ၃၀ | ကလောင်စုံ | ပဉ္စဂံတို့ရဲ့ သန်းခေါင်ယံကိုဖွင့်မယ် ကဗျာများ | ၁၀၀၀ိ/- | ရွှေပေ |
| ၃၁ | ကလောင်စုံ | ဆာယာ(၂) | ၃၀၀၀ိ/- | ရွှေပေ |
| ၃၂ | ပဉ္စဂံစာတည်းအဖွဲ့ | သုတရတနာသိုက်(၃) | ၃၀၀၀ိ/- | ပဉ္စဂံ |
| ၃၃ | ယုရီပိုင် | အရည်အသွင်ပြောင်း ငွေကြေးဈေးကွက် | ၅၀၀၀ိ/- | စိတ်ကူးချိုချို |

# ဆန်တန် ၁၅၀ ကျ အဆင့်မြင့်ပေါင်းဆန်စက်ရုံ ဒေးဒရဲမြို့၌ဖွင့်

**ဒေးဒရဲ မေ ၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့၌ ဆန်တန် ၁၅၀ ကျ Agrastar အမည်ရှိ အဆင့်မြင့် ပေါင်းဆန်စက်ရုံကို မေ ၅ ရက် နံနက်က စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။



"ဒီဒေသက လယ်ယာလုပ်ငန်း အဓိကထားလုပ်ကြတယ်။ လယ်သမားအများစုက စပါးဈေးကောင်းမရကြဘူး။ ဆန်စက်မကောင်းရင် ဆန်တွေကျိုးတယ်။ ကြေတယ်။ ဈေးနည်းသွားတယ်။ ဆန်စက်ကောင်းမှ ဆန်ကောင်းရမယ်။ ဆန်ကောင်းမှ စပါးဈေးကောင်းမယ်။ ဒေသခံတောင်သူတွေ စပါးဈေးကောင်းကောင်း ရရှိရေး ဦးတည်ထားတယ်။ အဲဒီအတွက် နည်းပညာမြင့်တဲ့ ဆန်စက်ကို တည်ရခြင်းဖြစ်တယ်။ ဒီစက်က ပေါင်းဆန်က ရိုးရိုးဆန်နဲ့ ဈေးကွာတယ်။ ဈေးကွက်မှာ ဒေါ်လာ ၁၀၀ အနည်းဆုံးကွာနေတယ်။ ဒီဆန်က ဈေးပိုရတယ်။ တန်ဖိုးမြင့်တယ်။ အဲဒီအတွက် ကျွန်တော်တို့ဘက်ကလည်း စပါးအပေါ် ဈေးကောင်းပေးဝယ်နိုင်တဲ့အတွက် ဒေသခံတွေ အကျိုးရှိပါတယ်"ဟု Agrastar ပေါင်းဆန်စက်မှ လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးမြတ်ကောင်း ဥက္ကဋ္ဌ (Chin Crop Myanmar) က ပေါင်းဆန်စက် ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ပြောသည်။

အဆိုပါပေါင်းဆန် စက်ရုံတွင် ကြိတ်ခွဲမည့်စပါးသည် ဆန်လုံးရှည်သည့် စပါးအမျိုးအစားဖြစ်ဖို့လိုကြောင်းနှင့် ယခုလက်ရှိအခြေအနေတွင် ဒေသတွင်း ကုန်ကြမ်းကို စမ်းသပ်ကြိတ်ခွဲနေပြီး အဆိုပါပေါင်းဆန်စက်မှာ စပါး ၂၅၀ တန် ကြိတ်ခွဲနိုင်ပြီး ဆန် တန် ၁၅၀ ကျကြောင်း လုပ်ငန်းရှင် ဦးမြတ်ကောင်းက ဖြည့်စွက်ပြောကြားသည်။

"ကျွန်တော်တို့ ဒေသခံတွေအနေနဲ့ မိမိစိုက်တဲ့စပါး မိမိဒေသမှာပဲ တိုက်ရိုက်ရောင်းချလို့ ဈေးပိုရရင် ဝမ်းသာတာပေါ့။ စပါးစိုက်တဲ့အခါမှာလည်း ဒီစက်နဲ့ကိုက်ညီမယ့် မျိုးကောင်းမျိုးသန့်တွေ၊ နည်းပညာတွေ ဖြန့်ဝေပေးမယ်ဆိုရင်ပိုပြီး အဆင်ပြေတာပေါ့"ဟု ဒေသခံတောင်သူ ဦးမြင့်အောင်က ပြောသည်။

ယခု ပေါင်းဆန်စက်တည်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်သည် ဆန်စပါးအဓိကထားစိုက်ပျိုးသည့် ဒေသတစ်ခုဖြစ်သည်။

**သူဇာနွယ်(ဖျာပုံ)**

# မြစိမ်းရောင်စီမံကိန်းကျေးရွာများ ရွေးချယ်ဆောင်ရွက်

**ရွှေကူ မေ ၆**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင် ကျေးရွာပေါင်း ၃၇ ရွာတို့က မြစိမ်းရောင်ကြီးကြပ်မှုကော်မတီနှင့် ဆပ်ကော်မတီများကို ကျေးရွာလူထု၏ ဆန္ဒနှင့်ဖွဲ့စည်းပေးခဲ့ပြီး ငွေကျပ်သိန်းပေါင်း ၁၀၂၀၀ မတည်၍ စီမံချက်များနှင့်အညီ လည်ပတ်သုံးစွဲခဲ့ရာ စီမံကိန်းဝင်ကျေးရွာတိုင်း၌ အရင်းနှင့်အတိုးများရရှိကာ မတည်ငွေများ တိုးပွားလျက်ရှိသည်။

နိုင်ငံတော်က ချမှတ်ထားသည့်မူအတိုင်း စီမံကိန်းကျေးရွာရွေးချယ်ရာတွင် အခြေခံရမည့် အချက်များနှင့် ကိုက်ညီသည့် ကျေးရွာများတွင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထူထောင်ပေးလျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ရွှေကူမြို့နယ်၌ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မြစိမ်းရောင် စီမံကိန်းကျေးရွာရွေးချယ်ခြင်း အစည်းအဝေးအခမ်းအနားကို ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် မေ ၄ ရက် နံနက် ၁၀နာရီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းလင်းနှင့် ရုံးဝန်ထမ်းများက တက်ရောက် ညှိနှိုင်းရွေးချယ်ခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**

# မြန်မာလူငယ်ကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**ရန်ကုန် မေ ၆**

တရုတ်နိုင်ငံ China Soong Ching Ling Foundation ၏ဖိတ်ကြားချက်အရ ရန်ကုန်မြို့ လေးကျွန်းသူဖောင်ဒေးရှင်းအသင်း၏ ပံ့ပိုးမှုဖြင့် မြန်မာပြည်အရပ်ရပ်မှ တိုင်းရင်းသားကျောင်းသား ကျောင်းသူ ၁၆ ဦး ပါဝင်သော Myanmar Youth Delegation အဖွဲ့သည် မေ ၃ ရက်မှ ၁၀ ရက်အထိ တရုတ်နိုင်ငံ ရှီအန်းနှင့်ပေကျင်းမြို့တို့သို့ သွားရောက်လေ့လာမည့် တရုတ်-မြန်မာချစ်ကြည်ရေးခရီးစဉ်အတွက် မေ ၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် Air China လေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားကြောင်း သိရသည်။




အဆိုပါ Myanmar Youth Delegation အဖွဲ့ကို လေးကျွန်းသူဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာမြသီတာ၊ ဒု-ဥက္ကဋ္ဌ ဒေါ်ခင်ရီနှင့် အသင်းနာယက ဒေါ်ထိုက်ထိုက်ဖြိုးတို့ ဦးဆောင်လိုက်ပါသွားခဲ့ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး၏ဇနီး၊ တတိယအတွင်းဝန် လေးကျွန်းသူဖောင်ဒေးရှင်းအသင်း နာယကကြီးများနှင့် ဗဟိုအလုပ်အမှုဆောင်ဝင်များက လိုက်ပါပို့ဆောင်ခဲ့ကြသည်။ **(ကြေးမုံ)**

# ချောင်းဆုံမြို့နယ် လူထုဗဟိုပြုစီမံကိန်းသို့ တနင်္သာရီမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ ဝန်ထမ်းများလေ့လာ

**ချောင်းဆုံ မေ ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထု ဗဟိုပြုစီမံကိန်းမြို့နယ်များသို့ အပြန်အလှန် လေ့လာရေးအစီအစဉ်အရ တနင်္သာရီမြို့နယ်မှ စီမံကိန်းဝန်ထမ်း ၄၂ ဦးသည် ချောင်းဆုံမြို့နယ် လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စက်ဝန်းဆောင်ရွက်ပြီးစီးမှုကို မေ ၂ ရက်က လာရောက်လေ့လာကြရာ ချောင်းဆုံလူထုဗဟိုပြုစီမံကိန်းရုံးတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ်နည်းပညာ အကြံပေးအဖွဲ့ခေါင်းဆောင်က စီမံကိန်း ပထမနှစ်စက်ဝန်းဆောင်ရွက်ပြီးစီးမှုနှင့် ဒုတိယနှစ်စက်ဝန်း ဆောင်ရွက်မှုတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့သည် ချောင်းဆုံမြို့နယ် စီမံကိန်းဝန်ထမ်းများနှင့် စီမံကိန်းလုပ်ငန်းများကို အပြန်အလှန်ဆွေးနွေးခဲ့ပြီး မေ ၃ ရက်နှင့် ၄ ရက်တို့တွင် ချောင်းဆုံမြို့နယ် ကလို့၊ ဒရယ်၊ တောင်စွန်း၊ ကမာမိုး၊ မုရစ်ကလေး၊ ကော့ကဒိုက်၊ ကွမ်သဲ၊ ဝယ်လန်း၊ ကော့မုပွန်၊ ကတောင်စိန်၊ ဘိုးနက်၊ မုရစ်ကြီး၊ ကုလားတို့၊ တကူပတီကျေးရွာတို့ရှိ စီမံကိန်းလုပ်ငန်းခွဲများကို သွားရောက်လေ့လာပြီး ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီ၊ ကျေးရွာလူထုများနှင့် တွေ့ဆုံ၍ စီမံကိန်းလုပ်ငန်းများကို ဆွေးနွေးမေးမြန်းခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# လူရည်ချွန်ဖြစ်ဖို့ ကျွန်တော်ကြိုးစားမည်

ခင်မောင်ဌေး(ပညာရေး)

"လူရည်ချွန်ဖြစ်ဖို့ ကျွန်တော်ကြိုးစားမည်
ဆရာဝန်ဖြစ်ဖို့ ကျွန်တော်ကြိုးစားမည်
မြန်မာ့သားကောင်းဇာနည် စစ်သားကြီးကို ကျွန်တော်မျှော်မှန်းရည်. . ."

ဤသီချင်းသည် စာရေးသူတို့ငယ်စဉ်ကပင် စွဲလမ်းနှစ်ခြိုက်စွာ သီဆိုခဲ့သောသီချင်းဖြစ်သည်။ အဆိုတော် သန်းထွန်းလေးဆိုခဲ့သည်ဟုပင် မှတ်မိသည်။

မကြာသေးမီကပင် မြန်မာနိုင်ငံအတွင်းရှိ အခြေခံပညာကျောင်းအသီးသီးမှ ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူများ နွေရာသီအပန်းဖြေစခန်းအသီးသီးသို့သွားရောက်ကြကာ ဖွင့်ပွဲများကျင်းပနိုင်ခဲ့ကြောင်း သိရပေသည်။ စာရေးသူတို့ ငယ်စဉ်က ပေလီရွှေဝါချိုင်စခန်း၊ အင်းလေးခေါင်တိုင်စခန်းတို့သည် လူရည်ချွန်များ အပန်းဖြေစခန်းအဖြစ် ဖွင့်လှစ်ခဲ့ဖူးသည်။

ယခုအခါ ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူများအား မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာ ပုဂံဒေသ၊ ငွေဆောင်ကမ်းခြေနှင့် အင်းလေးဒေသတို့တွင် အပန်းဖြေနားနေနိုင်ရန် စခန်းများဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

"လူရည်ချွန်က၊
ကောင်းကင်တမွတ်၊
ကြယ်ကိုဆွတ်လည်း၊
မလွတ်စတမ်း၊ ရမြဲလမ်း"ဟု

ဆိုသည့်ကဗျာလေးမှာလည်း ငယ်စဉ်ကပင် စွဲလမ်းစွာရွတ်ဆိုခဲ့သော ကဗျာလေးဖြစ်သည်။ စင်စစ် စာရေးသူသည် အခြေခံပညာအဆင့်ကပင်စ၍ လူရည်ချွန်ဖြစ်ရန် စိတ်အားထက်သန်သူဖြစ်ပါသည်။ ၁၉၇၀ ခုနှစ်တွင် နဝမတန်း၊ ၁၉၇၁ ခုနှစ်တွင် ဒသမတန်းလူရည်ချွန်စာမေးပွဲများဝင်ရောက်ဖြေဆိုခွင့်ရခဲ့ပါသည်။ မြို့နယ်အဆင့်မှသည် လေးမြို့နယ်ခရိုင်အဆင့်အထိ သွားရောက်ယှဉ်ပြိုင်ခဲ့ရပါသည်။ ခရိုင်အဆင့်တွင် မိမိထက်ပို၍ ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများရှိ၍ အရွေးချယ်မခံခဲ့ရပါ။ သို့သော်လည်း မိမိကြိုးစားနိုင်သမျှ ရောက်ရှိသည့်အဆင့်အတွက် ဂုဏ်ယူမိပါသည်။ ဘယ်သောအခါမျှ စိတ်ဓာတ်မကျ၊ အားမငယ်ခဲ့ပါ။

ယခုအခါ ဘက်စုံထူးချွန်မောင်မယ်တို့သည် အပန်းဖြေစခန်းအသီးသီးတွင် ရောက်ရှိအပန်းဖြေနေကြလေပြီ။ စာသင်နှစ်အသီးသီးတွင် ထူးချွန်ပြောင်မြောက်စွာ ကြိုးစားခဲ့မှုအတွက် နိုင်ငံတော်၏အသိအမှတ်ဂုဏ်ပြုမှု၏ ရလဒ်ပင်ဖြစ်လေသည်။

ထူးချွန်မောင်မယ်များအနေဖြင့် စခန်းအသီးသီးတွင် ပျော်ရွှင်စွာအပန်းဖြေခြင်း၊ နံနက်ပိုင်းအချိန်များတွင် ကိုယ်ကာယလေ့ကျင့်ခန်းများ၊ အားကစားပြုလုပ်ခြင်းများအပြင် ကျန်ရှိသည့် အားလပ်ချိန်များတွင် စာပေဗဟုသုတလေ့လာခြင်း၊ မိမိတို့ရောက်ရှိရာ ဒေသများ၏ ပြည်သူ့ဘဝများကို လေ့လာနိုင်ကြမည်ဖြစ်သည်။

စင်စစ်ကျောင်းသား ကျောင်းသူများသည် ကျောင်းများဖွင့်လှစ်သည့် ဇွန်လမှ မတ်လအထိ စာသင်ခန်းနှင့်အိမ်တို့တွင်သာ အချိန်များစွာ ကုန်ဆုံးနေကြရလေသည်။ ပြင်ပဗဟုသုတနှင့် စာပေဖတ်ရှုလေ့လာခြင်း၊ ကိုယ်ကာယလေ့ကျင့်ခန်းများ နေ့စဉ်ပြုလုပ်ခြင်း၊ လေ့လာရေးခရီးသွားခြင်း စသည်တို့တွင် များစွာအားနည်းခဲ့ကြလေသည်။ ဘက်စုံထူးချွန်သော ကျောင်းသား ကျောင်းသူများအတွက် လိုအပ်နေသေးသော အချက်များပင်ဖြစ်သည်။ ယခုအခါ ယင်းလိုအပ်ချက်ကြီးကို နိုင်ငံတော်က နွေရာသီကျောင်းပိတ်ရက်အတွင်း အချိန်ကို အကျိုးရှိရှိဖြည့်ဆည်းပေးနိုင်ခဲ့သည်။

သို့ဖြစ်၍ ဘက်စုံထူးချွန်မောင်မယ်တို့အနေဖြင့် အားလပ်ချိန်ကို အသုံးချတတ်ဖို့လိုပါသည်။ မိမိတို့တစ်ဦးချင်းစီ၏ စိတ်ကျန်းမာရေး၊ ကိုယ်ကျန်းမာရေးကို ဂရုစိုက်၍ လေ့လာမှတ်သားခဲ့ကြပါ။ ထို့ပြင် မိမိတို့နှင့်မတူကွဲပြားဒေသများတွင် လူတို့ မည်သို့နေထိုင်ကြသနည်း၊ မည်သို့ပြုမူပြောဆိုနေထိုင်ကြသနည်း၊ မည်သို့ အသက်မွေးဝမ်းကျောင်းပြုနေကြသနည်း၊ ချစ်စရာသဘာဝတောတောင် ရေမြေပတ်ဝန်းကျင်များ၊ ဓလေ့စရိုက်များ၊ ရင်ဆိုင်ကျော်လွှားဖြေရှင်းနိုင်မှုများ၊ အစဉ်အလာကြီးမားလှသည့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ၊ ဘုရားပုထိုးစေတီ ကျောင်းကန်များ၊ ကမ်းခြေအလှသဘာဝများ တွေးမြင်ခံစားခဲ့ကြပါ။

ဤကဲ့သို့ စာဖွဲ့၍မကုန်နိုင်လောက်သည့် အမိမြေ၏ သဘာဝအလှတရားများကို ခံစားရင်း အမိမြန်မာနိုင်ငံ၏အကျိုးကို အမိမြန်မာနိုင်ငံကို ချစ်မြတ်နိုးသည့်စိတ်ဖြင့် အစဉ်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများအဖြစ် ဆက်လက်ကြိုးစားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။



## ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၈၁၅ စီး၊ သွင်းကုန် ၅၃၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၂ စီး၊ သွင်းကုန် ၁၇၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။



အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၅ ရက်တွင် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု (စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် ၃၁ ဒသမ ၄၆၉၄ သန်းခန့်)ကို သိမ်းဆည်းရမိကြောင်း သိရသည်။

အလားတူ ထူးခြားသိမ်းဆည်းမှုအနေဖြင့် မေ ၃ ရက်တွင် ရွှေကြက်ယက်ကျေးရွာ စံရွေးတောင်ရပ်ဆောက်လုပ်ရေးဇရိယာအတွင်း၌ ပူးပေါင်းအဖွဲ့ဖြင့် သွားရောက်စစ်ဆေးခဲ့ရာ Nissan အမျိုးအစား ၁၂ ဘီးယာဉ်ပေါ်တွင် ဒီဇယ်ပီပါ ၈၇ လုံးအတွင်း အမိုနီယံနိုက်ထရိတ်ဟု ယူဆရသော မြေဆီများတွေ့ရှိ၍ အသေးစိတ်ဖွင့်ဖောက် ခြင်တွယ်စစ်ဆေးခဲ့ရာ (1×40)kg ၃၀၈ အိတ်နှင့် သယ်ဆောင်သည့်ယာဉ်တစ်စီး (စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၂၃ ဒသမ ၆၉၆ သန်းခန့်)ကို သိမ်းဆည်းရမိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## လက်ကိုင်ဖုန်းလိုက်လံရောင်းချနေသူများအား စစ်မေးရာ အခြားခိုးမှုငါးမှု ဖော်ထုတ်နိုင်

**ရန်ကုန် မေ ၆**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် စွန့်ရဲစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဧပြီ၂၉ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ကျောက်တံတားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကျောက်တံတားမြို့နယ် အမှတ်(၄ )ရပ်ကွက် ပန်းဆိုးတန်းခုံးကျော်တံတားအောက်တွင် လက်ကိုင်ဖုန်းတစ်လုံးအား လိုက်လံရောင်းချနေသော မင်္ဂလာတောင်ညွန့်မြို့နယ်နေ စားဖား(ခ)နေလင်းအောင်၊ ဆိုက်ပိ(ခ)ရှိုင်းထက်အောင်နှင့် ကုလား(ခ)သန့်ဇင်ဝင်းတို့အား ထိန်းသိမ်းစစ်မေးခဲ့ရာ ၎င်းတို့ထံမှတွေ့ရှိသော Huawei GR 5 လက်ကိုင်ဖုန်းနှင့်ပတ်သက်၍ ခိုင်လုံစွာ ပြောဆိုနိုင်ခြင်းမရှိသဖြင့် ကျောက်တံတားမြို့မရဲစခန်း၌ အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့သည်။

အဆိုပါ သုံးဦးအား အခြားအမှုများကျူးလွန်ထားခြင်းရှိမရှိ စစ်ဆေးရာ ၎င်းတို့သည် မတ်လအတွင်းက ညအချိန်များတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်ချုပ်လမ်း ဘူတာကြီးဘက်ခြမ်းခုံးတံတားတွင် အမျိုးသားအား ဓားဖြင့်ထောက်၍ Huawei GR 5 အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး၊ ၎င်းနေရာ၌ပင် အမျိုးသားတစ်ဦးအား ဓားဖြင့်ထောက်၍ Huawei GR 5 အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံး၊ ည ၁၁ နာရီခန့်တွင် အဆိုပါနေရာ၌ အသက်(၃၀) နှစ်ခန့်ရှိ အမျိုးသားတစ်ဦးထံမှ Huawei 610 အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး၊ ကမ်းနားလမ်း ဗိုလ်တထောင်ဘုရားအနီး အသက်(၄၀) နှစ်ခန့်ရှိ အမျိုးသားတစ်ဦးထံမှ Honor အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး၊ ၎င်းတို့သုံးဦးသည် ဇော်ရန်နိုင်၊ မခင်ခင်ဆင့်တို့နှင့်အတူ ဧပြီ ၂၇ ရက် ည ၉ နာရီခန့်တွင် ဗိုလ်တထောင်မြို့နယ် အနော်ရထာလမ်း၌ အမျိုးသားတစ်ဦးအား ဓားဖြင့်ထောက်၍ ပိုက်ဆံအိတ်နှင့် Oppoအမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး၊ နံနက် ၂ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်ဘူတာကြီးဘက်ခြမ်း ခုံးတံတားအဆင်း၌ အမျိုးသားတစ်ဦးထံမှ Kenbo အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးတို့ကို လုယက်ခိုးယူရောင်းချထားကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်များအရ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ ဇော်ရန်နိုင်နှင့် ခင်ခင်ဆင့်တို့အား ထပ်မံဖမ်းဆီးခဲ့ပြီး ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် သက်သေခံဓားနှင့် လက်ကိုင်ဖုန်းများအား ပြန်လည်သိမ်းဆည်းကာ သက်ဆိုင်ရာ ရဲစခန်းတွင် အမှုဖွင့်အရေးယူခဲ့သည့်အပြင် လက်နက်အက်ဥပဒေပုဒ်မဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တီးတိန်မြို့ စည်ပင်သာယာဈေး မီးလောင်

**တီးတိန် မေ ၆**

ချင်းပြည်နယ် တီးတိန်မြို့ လွယ်ဘွားလ်ရပ်ကွက်ရှိ စည်ပင်သာယာဈေးတွင် မေ ၅ ရက် ည ၉ နာရီက မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာဆိုင်ခန်းအမှတ်(၁) ပိုင်ရှင်ဦးရှုန်းလျှန်းတုန်း၏ ဆိုင်ခန်းမှစတင်၍ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်ရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အမှတ် (၂၆၉) ခြေလျင်တပ်ရင်းမှ တပ်မတော်သားများသည် မီးငြှိမ်းသတ်ယာဉ် သုံးစီး၊ အရန်မီးသတ် တပ်ဖွဲ့ဝင် ၂၀၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ အပါအဝင် စုစုပေါင်းအင်အား ၅၀၀ ခန့်တို့ ဝိုင်းဝန်းမီးငြှိမ်းသတ်မှုကြောင့် ည၉ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။



အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် အလျား ၁၂ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၁၀ပေရှိ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာဆိုင်ခန်း ၁၃ ခန်းမီးလောင်ဆုံးရှုံးခဲ့သည်။

မီးပေါ့ဆသုံးစွဲခဲ့သူ ဦးရှုန်းလျှန်းတုန်း(ဘ)ဦးခုပ်ခန့်ပေါင် (၂၃) နှစ်အား တီးတိန်မြို့ မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဇိုဟေဆာ)**



**ခေါင်လွမ်းအား သိမ်းဆည်းရမိဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။**

## ဖားကန့်မြို့နယ်တွင် ဘိန်းစိမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၆**

မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မေ ၅ ရက်က ဖားကန့်မြို့နယ် ဝေ့ခါ-ဆိုင်းတောင်သွားကားလမ်း ဆိပ်မူတာဝါတိုင်အနီးလမ်းမပေါ်တွင် ခေါင်လွမ်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းစိမ်းအလေးချိန် ၁ ဒသမ ၂ ကီလိုကိုလည်းကောင်း၊ အလားတူယင်းနေ့က မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်-မန္တလေးသွားပြည်ထောင်စုကားလမ်းမပေါ် မိုင်တိုင်အမှတ် (၈၀/၄) တွင် ကျော်ဇေယျမျိုးမောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၉၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

## ကော့သောင်းမြို့တွင် မိုးသည်းထန်သဖြင့် ရေကြီးရေလျှံမှုဖြစ်ပွား

**ကော့သောင်း မေ ၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့တွင် မေ ၅ ရက် မွန်းလွဲပိုင်းက မိုးသည်းထန်စွာရွာသွန်းသဖြင့် မြို့တွင်းလမ်းများတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါနေ့ မွန်းလွဲပိုင်းက လျှပ်စီးများလက်ကာ မိုးကြိုးများ အဆက်မပြတ်ထစ်ချုန်းခဲ့ပြီး ပင်လယ်ဒီရေတက်ချိန် မိုးသည်းထန်စွာ စတင်ရွာသွန်းခဲ့ရာ မြို့တွင်းလမ်းများပေါ်တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ရေကြီးရေလျှံမှုတွင် မော်တော်ဆိုင်ကယ်တစ်ဝက်ကျော်အထိ နစ်မြုပ်မှုများဖြစ်ပေါ်ခဲ့သဖြင့် လမ်းများပေါ်သွားလာနေကြသည့် မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်များ တစ်နာရီနီးပါး ရပ်နားထားရကာ ရပ်ကွက်တချို့၏ မြေနိမ့်ပိုင်းရှိ နေအိမ်မြေညီထပ်များအတွင်းသို့ ရေများဝင်ရောက်မှုများဖြစ်ပွားခဲ့သည်။ ရွာသွန်းချိန် တစ်နာရီကျော်ခန့်တွင် မိုးစဲသွားပြီး ဆိုးရွားသည့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်မှု မရှိကြောင်းသိရသည်။ မြို့ပေါ်ရပ်ကွက်များ၏ လမ်းဘေးရေနုတ်မြောင်းစနစ်များ လာမည့်မိုးရာသီမကျမီ ရေကြီးရေလျှံမှုမဖြစ်စေရေး အမြန်ဆုံးဦးစားပေး ပြုပြင်ဆောင်ရွက်ပေးစေလိုကြောင်း မြို့နေပြည်သူများထံမှ သိရသည်။

**ကျော်စိုး(ကော့သောင်း)**




## ရေးမြို့နယ်၌ နေအိမ်သုံးလုံး မီးလောင်

**ရေး မေ ၆**

မွန်ပြည်နယ် ရေးမြို့နယ်နှစ်ကရင်ကျေးရွာ အကွက်(၁၁)နေ ဦးကြာရင်၏ နေအိမ်နောက်ဖေးမီးကြွင်းမီးကျန်မှတစ်ဆင့် ယနေ့နံနက် ၇နာရီ မိနစ် ၄၀ က မီးစတင်လောင်ကျွမ်းမှုကြောင့် နေအိမ် သုံးလုံး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ရေးမြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများက မီးငြှိမ်းသတ်ယာဉ် ခုနစ်စီးဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ နံနက် ၈နာရီ ၆ မိနစ်တွင် မီးလုံးဝငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးပေါ့ဆစွာ သုံးစွဲသူ ဦးကြာရင်အား လမိုင်းနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ထွန်းထွန်း (ရေး)**

## လှိုင်သာယာမြို့နယ်တွင် လူနှစ်ဦးသေဆုံး

**ရန်ကုန် မေ ၆**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၉) ရပ်ကွက်အတွင်းရှိ ပေါင်းကူးလမ်းအနီး ရွှေလင်ဗန်းချောင်းကမ်းစပ်၌ အသက် (၈၀)ကျော် အမျိုးသမီးကြီးတစ်ဦး သေဆုံးနေကြောင်း မေ ၆ ရက် နံနက်က သိရသည်။

ထို့အပြင် လှိုင်သာယာမြို့နယ် အမှတ် (၁၃) ရပ်ကွက် ဂန္ဓဝင်လမ်းဆိုက်ကားဂိတ်ဟောင်းတွင် မေ ၂ ရက် ညပိုင်းက အသက်(၃၀)အရွယ် အမျိုးသားတစ်ဦး အမောဖောက်နေ၍ ဆေးရုံသို့တင်ပို့စဉ် သေဆုံးသွားခဲ့သည်။

အခင်းဖြစ်နေရာသို့ ဒေသခံတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်တာဝန်ရှိသူများက စစ်ဆေးခဲ့ပြီး လှိုင်သာယာမြို့နယ် မြို့မရဲစခန်းက ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**

# ဝက်စ်ဟမ်းကို ရှုံးနိမ့်ပြီးနောက် ပရီမီယာလိဂ်ဖလားအတွက် ခက်ခဲသွားပြီဖြစ်ကြောင်း ဝန်ခံခဲ့သော်လည်း ပြိုင်ပွဲမပြီးဆုံးသေးကြောင်း စပါးနည်းပြ ပိုချက်တီနို ပြောကြား

စပါးအသင်းသည် ဝက်စ်ဟမ်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့ပြီးနောက် စပါးအတွက် ပရီမီယာလိဂ်ဖလားရရှိရန် ခက်ခဲသွားပြီဖြစ်သော်လည်း ချန်ပီယံဆုကို လုံးဝလက်လွှတ်လိုက်ရပြီဟုမဆိုနိုင်ကြောင်း ပိုချက်တီနိုက ပြောကြားခဲ့သည်။ ပိုချက်တီနိုက "ပြိုင်ပွဲပြီးဆုံးသွားတာ မဟုတ်ပါဘူး။ ဒါပေမယ့် ပိုမိုခက်ခဲတဲ့အနေအထားရောက်ရှိသွားပြီဆိုတာကိုတော့ တွေးထားရပါမယ်"ဟု ပြောကြားခဲ့သည်။

စပါးအသင်းသည် ချယ်လ်ဆီးအသင်းကို အနီးကပ်ဖိအားပေးထားနိုင်သည့် တစ်ခုတည်းသောအသင်းဖြစ်ပြီး ယခုနှစ် ပရီမီယာလိဂ်ဖလားကို ရယူရန် အစွမ်းကုန်ကြိုးပမ်းသွားမည်ဟု ပိုချက်တီနိုက အစောပိုင်းကာလကပင် ကတိပြုစကားဆိုခဲ့သည်။ ယခုကဲ့သို့ ပြိုင်ပွဲပြီးဆုံးခါနီးအချိန်တွင် ဝက်စ်ဟမ်းအသင်းကို ရှုံးနိမ့်ခဲ့ခြင်းက စပါးအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်လည်း ဖြစ်လာခဲ့သည်။ ချယ်လ်ဆီးအသင်းသည် လာမည့် တနင်္လာနေ့တွင် မစ်ဒယ်ဘရော့အသင်းကို အိမ်ကွင်း စတန်းဖို့ဒ်ဘရစ်ချ်၌ ဧည့်ခံကစားရမည်ဖြစ်ပြီး လက်ကျန်လေးပွဲတွင် နှစ်ပွဲအနိုင်ရရုံဖြင့် ပရီမီယာလိဂ် ချန်ပီယံဆုကို ဆွတ်ခူးနိုင်တော့မည်ဖြစ်သည်။

သို့သော် စပါးကွင်းလယ်လူ အဲရစ်ဒိုင်ယာက "ကျွန်တော်တို့ ဒီပွဲမကစားခင်က ချယ်လ်ဆီးအသင်းကို လေးမှတ်အကွာနဲ့ ဖိအားပေးထားနိုင်တာပါ။ ဒါပေမယ့် ဒီနေ့ပွဲအပြီးမှာတော့ အခြေအနေတွေက မဖြစ်နိုင်တော့သလောက်ကို ဖြစ်သွားပါတယ်။ အခြေအနေတွေ ဘယ်လိုပဲပြောင်းလဲသွားပါစေ၊ နောက်ဆုံးလက်ကျန်သုံးပွဲမှာတော့ အစွမ်းကုန်ပေးဆပ်သွားမှာပါ"ဟု ဆိုခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ခရစ္စတယ်ပဲလေ့စ်နှင့် မန်ယူအသင်းတို့ကို ရှုံးနိမ့်ခဲ့ပြီးနောက် စပါးအသင်းအနေဖြင့် အမှတ်ကွာဟမှု ကျဉ်းမြောင်းအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ဝက်စ်ဟမ်းအသင်းကို မထင်မှတ်ဘဲ အရေးနိမ့်သွားပြီးနောက် စပါးအသင်း၏ မျှော်လင့်ချက်မှေးမှိန်သွားခဲ့ရခြင်းဖြစ်သည်။






ချယ်လ်ဆီးအသင်းသည် လက်ကျန်လေးပွဲတွင် မစ်ဒယ်ဘရော့(အိမ်ကွင်း)၊ ဝက်စ်ဘရွန်း(အဝေးကွင်း)၊ ဝက်ဖို့ဒ်(အိမ်ကွင်း)၊ ဆန်းဒါးလန်း(အိမ်ကွင်း)တို့ကိုသာ ရင်ဆိုင်ရမည်ဖြစ်ပြီး စပါးအသင်းကမူ မန်ယူ( အိမ်ကွင်း)၊ လက်စတာ(အဝေးကွင်း)နှင့် ဟားလ်စီးတီး(အဝေးကွင်း)တို့ဖြစ်ရာ လက်ကျန်ပွဲစဉ်အနေအထားအရလည်း ချယ်လ်ဆီးအသင်းကသာ ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးရန် ရှိနေခြင်းဖြစ်သည်။

# ဗြိတိန်အားကစားလောကရဲ့အချမ်းသာဆုံးဘောလုံးသမားနေရာကို ရွှန်းနီထံမှ အီဗရာဟီမိုဗစ်လွှဲပြောင်းရယူ




ရွှန်းနီသည် ၂၀၁၆ ခုနှစ်အတွင်း အသားတင်ဝင်ငွေ ပေါင် ၁၁ သန်းအထိ တိုးတက်ရရှိခဲ့သော်လည်း အဆိုပါဝင်ငွေပမာဏက အီဗရာဟီမိုဗစ်၏ ကြွယ်ဝမှုကို ရပ်တန့်အောင်တားဆီးနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ နောက်ကောက်ချခံခဲ့ရသည်။ အီဗရာဟီမိုဗစ်မှာ မန်ယူအသင်းတွင် တစ်ပတ်လုပ်ခပေါင် ၂၂၀၀၀၀ ရရှိနေသူဖြစ်သလို နိုက်ကီနှင့် အခြားစပွန်ဆာကုမ္ပဏီမြောက်မြားစွာတို့မှ ရရှိသော ဝင်ငွေပမာဏကလည်း မိုဗစ်၏ ကြွယ်ဝမှုကို ပိုမိုတိုးပွားစေခဲ့သည်။ ဗြိတိန်အားကစားလောကအတွင်းအချမ်းသာဆုံးစာရင်းတွင် အီဗရာဟီမိုဗစ်နှင့် မန်စီးတီးနည်းပြ ဂွါဒီယိုလာတို့နှစ်ဦးမှာ မျက်နှာသစ်ပုဂ္ဂိုလ်များအဖြစ် ထိပ်တန်း(၁၀)နေရာတွင် ပါဝင်လာခဲ့ကြသည်။

ဗြိတိန်အားကစားလောကအတွင်း အချမ်းသာဆုံးနံပါတ်(၁)နေရာကိုမူ ပြီးခဲ့သည့်နှစ် နံပါတ်(၁)နေရာပိုင်ရှင် ဗြိတိန်ပြိုင်ကားမောင်းသမား ဟာမီလ်တန်ကပင် ဆက်လက်ထိန်းထားနိုင်ခဲ့သည်။ ဟာမီလ်တန်မှာ ပြီးခဲ့သည့်နှစ်က ဖော်မြူလာဝမ်း ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခြင်းမရှိသော်လည်း ပေါင် ၁၃၁ သန်း ပမာဏဖြင့် အချမ်းသာဆုံးနံပါတ်(၁)နေရာကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရီးယဲလ်တိုက်စစ်မှူး ဂါရတ်ဘေးလ်မှာမူ ပြီးခဲ့သည့် တစ်နှစ်တာအတွင်း ဝင်ငွေပေါင်သန်း ၂၀ အထိရရှိခဲ့သော်လည်း ပိုင်ဆိုင်မှု ပေါင် ၅၄ သန်းဖြင့် အဆင့်(၈)နေရာတွင် ရပ်တည်နေသည်။

ဗြိတိန်အားကစားလောကအတွင်း အချမ်းသာဆုံးပုဂ္ဂိုလ် ၁၀ ဦး

| ရပ်တည်မှုအဆင့် | အမည် | ကြွယ်ဝမှုပမာဏ |
|---|---|---|
| ၁ | ဟာမီလ်တန် | ပေါင် ၁၃၁ သန်း |
| ၂ | အီဗရာဟီမိုဗစ် | ပေါင်သန်း ၁၁၀ |
| ၃ | ဝိန်းရွှန်းနီ | ပေါင် ၉၃ သန်း |
| ၄ | ဂျက်ဆန်ဘက်တန် | ပေါင် ၈၆ သန်း |
| ၅ | ရှိုင်းမက်အီရှိုင်း | ပေါင် ၈၃ သန်း |
| ၆ | အန်ဒီမာရေး | ပေါင် ၇၇ သန်း |
| ၇ | ဂျို့စ်မော်ရင်ဟို | ပေါင် ၆၁ သန်း |
| ၈ | ဂါရတ်ဘေးလ် | ပေါင် ၅၄ သန်း |
| ၉ | လော့လ်ဒန်း | ပေါင်သန်း ၅၀ |
| ၁၀ | ဂွါဒီယိုလာ | ပေါင်သန်း ၅၀ |

ဗြိတိန်အားကစားလောကတွင် အချမ်းသာဆုံး ပုဂ္ဂိုလ်များစာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ်က ဒုတိယနေရာ ရရှိခဲ့သည့်အတွက် ဘောလုံးကစားသမားများထဲတွင် အချမ်းသာဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ယမန်နှစ် အချမ်းသာဆုံး ဘောလုံးသမားအဖြစ် ရပ်တည်ခဲ့သူ ဝိန်းရွှန်းနီမှာမူ မိုဗစ်၏နောက် တတိယနေရာတွင်သာ ရှိခဲ့သဖြင့် ရွှန်းနီမှာ မန်ယူတိုက်စစ်ပိုင်းတွင် မိုဗစ်ကို နေရာဖယ်ပေးခဲ့ရသလို အချမ်းသာဆုံးစာရင်းတွင်လည်း နေရာဖယ်ပေးခဲ့ရခြင်းဖြစ်သည်ဟု ဗြိတိန်မီဒီယာများက ရေးသားခဲ့ကြသည်။

**မေလဲ့သင်း - စုစည်းသည်**

# လာမယ့်နွေမှာပင် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန် မက်ပီ သဘောတူညီခဲ့ပြီးဖြစ်

မိုနာကို ဆယ်ကျော်သက်တိုက်စစ်မှူး မက်ပီသည် ဥရောပအသင်းကြီးအတော်များများက ချိတ်ဆက်နေမှုများကြားမှ လာမယ့်နွေဈေးကွက်အတွင်း ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန် လက်ခံသဘောတူလိုက်ပြီဖြစ်ကြောင်း The Sun သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။ မက်ပီကို မိုနာကိုအသင်းတာဝန်ရှိသူများက နောက်တစ်ရာသီ ဆက်လက်ကစားပေးရန် စည်းရုံးခဲ့သော်လည်း ကာယကံရှင်ကိုယ်တိုင်ကမူ ရီးယဲလ်၏ကမ်းလှမ်းမှုကို ခေါင်းညိတ်လက်ခံခဲ့ရာ လာမယ့်နွေဈေးကွက်အတွင်း ရီးယဲလ်နှင့် မက်ပီ လက်တွဲမှုကို မြင်တွေ့ရဖွယ်ရှိနေပြီဖြစ်သည်။

ရီးယဲလ်အသင်းသည် လာမယ့်နွေဈေးကွက်အတွင်း ဟာဇက်၊ ဒီဂီယာနှင့် မက်ပီတို့ သုံးဦးကို အဓိကပစ်မှတ်အဖြစ်ထားရှိပြီး ယခုကတည်းက အကြိုချိတ်ဆက်မှုများကို ခပ်စိတ်စိတ်ဆောင်ရွက်နေခြင်းဖြစ်သည်။ စပိန်သတင်းစာမာကာက အသက်(၁၈)နှစ်သား မက်ပီမှာ ရီးယဲလ်နှင့် လက်မှတ်ထိုးရန် အသင့်ဖြစ်နေပြီး မက်ပီ၏ အသင်းဖော် ဖယ်လ်ကာအိုကလည်း မက်ပီအနေဖြင့် ယင်းအခွင့်အရေးကို လက်လွှတ်မခံသင့်ဟု အကြံပေးခဲ့ကြောင်း ဖော်ပြသည်။

မက်ပီကို မန်ယူ၊ မန်စီးတီးနှင့် အင်တာမီလန်အသင်းတို့မှ ကမ်းလှမ်းနေကြပြီး မက်ပီရဲ့တန်ဖိုးကို ပေါင်သန်း ၁၁၀ အထိ သတ်မှတ်ထားသည်။ မိုနာကိုအသင်းဘက်ကလည်း ဥရောပအသင်းကြီးတစ်ခုသို့ အပြီးသတ်မရောင်းချမီ တစ်ရာသီဆက်ရှိနေရန် လိုလားနေသလို ပီအက်စ်ဂျီ၊ ဂျူဗင်တပ်အသင်းတို့ကို အရေးနိမ့်ခဲ့သည့်ပွဲစဉ်များအတွင်း မက်ပီမှာ သင်ယူလေ့လာရန်လိုအပ်ဆဲအနေအထားကို ထင်ထင်ရှားရှားမြင်တွေ့ခဲ့ရသည်။ မက်ပီမှာ သီယာဂိုဆေးလ်ဗား၊ ဘိုနူချီ၊ ချီလီနီတို့လို အတွေ့အကြုံရင့် ခံစစ်ကစားသမားများကို ကျော်ဖြတ်နိုင်စွမ်းမရှိခဲ့ပေ။ ရီးယဲလ်တိုက်စစ်မှူး ဘင်ဇီမာကလည်း ထိုက်သင့်တဲ့အတွေ့အကြုံမရှိဘဲ အသင်းကြီးတစ်ခုသို့ လျင်လျင်မြန်မြန်ပြောင်းရွှေ့ခြင်းက သင်ယူရဆဲ ကစားသမားတစ်ဦးအတွက် ဒုက္ခကိုသာ ဖြစ်စေမည်ဖြစ်၍ အသက်(၂၁)နှစ်ကျော်မှသာ အသင်းပြောင်းသင့်ကြောင်း အကြံပေးမှုပြုခဲ့သည်။

# အင်တာမီလန်ကို တစ်နေ့ပြန်ရောက်လာနိုင်တယ်ဟု မော်ရင်ဟို ဖြေကြား



မန်ယူနည်းပြ မော်ရင်ဟိုက သူ့အနေနဲ့ တစ်နေ့မှာ အောင်မြင်မှုများစွာရယူခဲ့ဖူးသည့် အသင်းဟောင်း အင်တာမီလန်အသင်းဆီကို ပြန်လာနိုင်တယ်ဟု အီတလီရုပ်သံ အင်တာဗျူးတစ်ခုတွင် ဖြေကြားခဲ့သည်။ မော်ရင်ဟိုသည် အင်တာအသင်းနှင့်အတူ ၂၀၁၀ခုနှစ်တွင် ဖလားသုံးလုံးအောင်မြင်မှု ရယူနိုင်ခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းကို ပြောင်းလဲကိုင်တွယ်ခဲ့သည်။

မန်ယူအသင်းက ဆယ်လ်တာဗီဂိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲစဉ်အပြီးတွင် အင်တာမီလန်အသင်းကို တစ်ကျော့ပြန်ကိုင်တွယ်ရန် အစီအစဉ်ရှိသလားဟု မေးမြန်းခံခဲ့ရရာ မော်ရင်ဟိုက "အခုတော့မဖြစ်နိုင်သေးပါဘူး။ ဒါပေမယ့် တစ်နေ့နေ့ပေါ့ဗျာ" ဟု ဖြေကြားခဲ့သည်။

အင်တာမီလန်အသင်းသည် လက်ရှိတွင် စီးရီးအေအမှတ်ပေးဇယား အဆင့်(၇)နေရာအထိ ရောက်ရှိနေသော်လည်း အသင်းပိုင်ရှင်သစ်များ၏ ကြီးမားသည့်ရည်မှန်းချက်အရ လာမယ့်နွေတွင်အသင်းကို အကြီးအကျယ်ပြုပြင်ပြောင်းလဲသွားမည်ဖြစ်သည်။ သတင်းရင်းမြစ်များ၏အဆိုအရ နည်းပြကွန်တီကို ချယ်လ်ဆီးမှ ထွက်ခွာနိုင်ရန် တစ်နှစ်လုပ်ခပေါင် ၁၃ သန်းဖြင့် ခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။

# စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေကြမ်း

## ပြည်သူများ လေ့လာသိရှိအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

၂၄။ နိုင်ငံတော်ပြင်ပတွင်ချုပ်ဆိုသောစာချုပ်စာတမ်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်လိုသူသည်-

(က) နိုင်ငံတော်အတွင်းသို့ရောက်ရှိသည့်နေ့ရက်မှ ရက်ပေါင်း၁၂၀ အတွင်းမှတ်ပုံတင်ရန် ပုဒ်မ ၇ နှင့်ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ခ) ပုဒ်မ ၇ နှင့်ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ(က)အရ တင်ပြသော စာချုပ်စာတမ်းကို စိစစ်၍ သတ်မှတ်ချက်များနှင့်ညီညွတ်ပါက မှတ်ပုံတင်ပေးရမည်။

(ဂ) မှတ်ပုံတင်လိုသူက ပုဒ်မခွဲ(က) ပါ သတ်မှတ်ရက်ထက်ကျော်လွန်၍ မှတ်ပုံတင်ရန် တင်ပြလာခြင်းဖြစ်ပါက ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

၂၅။ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်းများကို ပစ္စည်းတည်ရှိရာ အရပ်ဒေသရှိ ပုဒ်မ ၁၀နှင့် ပုဒ်မ ၁၁ ပါ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ရမည်။အခြား စာချုပ်စာတမ်းများကို မည်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်မဆို မှတ်ပုံတင်ခွင့်ရှိသည်။

၂၆။ တရားရုံးဒီကရီ သို့မဟုတ် အမိန့်တာဝန်ခံမိတ္တူကို အောက်ဖော်ပြပါ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ရမည်-

(က) မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းနှင့် သက်ဆိုင်ပါက မူလစီရင်ချက်ချမှတ်သည့် တရားရုံးတည်ရှိရာ ပုဒ်မ ၁၀ နှင့်ပုဒ်မ ၁၁ ပါ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ရမည်။

(ခ) ပုဒ်မခွဲ(က)နှင့်သက်ဆိုင်ခြင်းမရှိပါက မည်သည့်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင်မဆို မှတ်ပုံတင်ခွင့်ရှိသည်။

၂၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိများသည် မိမိလက်အောက်ရှိ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက မှတ်ပုံတင်ပေးသည့် မည်သည့်စာချုပ်စာတမ်းများကိုမဆို စစ်ဆေးရန် လိုအပ်ပါက ခရိုင်စာချုပ်စာတမ်းမှတ်ပုံတင်စစ်ဆေးရေးမှူးအား တာဝန်ပေးအပ်၍ စစ်ဆေးစေနိုင်ခွင့် သို့မဟုတ် ဤဥပဒေနှင့်အညီ ဆောင်ရွက်ရန်ညွှန်ကြားခွင့်ရှိသည်။

၂၈။ ခရိုင်စာချုပ်စာတမ်းစစ်ဆေးရေးမှူးသည် ပုဒ်မ ၂၇ အရ တာဝန်ပေးအပ်လာပါက ပုဒ်မ ၇ နှင့်ပုဒ်မ ၈ ပါစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိကိုသော်လည်းကောင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးရှိ ဝန်ထမ်းကိုသော်လည်းကောင်း မှတ်ပုံတင်သွင်းလာသည့် စာချုပ်စာတမ်းနှင့် သက်ဆိုင်သူမည်သူကိုမဆိုဆင့်ဆို၍ စစ်ဆေးနိုင်ခွင့်ရှိသည်။

၂၉။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းနှင့် သေတမ်းစာအပ်နှံခြင်းတို့ကို သာမန်အားဖြင့် ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ ပါ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ဆောင်ရွက်ရမည်ဖြစ်ပြီး အထူးကိစ္စအနေဖြင့် မှတ်ပုံတင်လိုသည့် ပုဂ္ဂိုလ်နေထိုင်ရာအိမ်သို့ သွားရောက်၍ စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းနှင့် သေတမ်းစာအပ်နှံခြင်းတို့ကို လက်ခံဆောင်ရွက်ခွင့်ရှိသည်။

### အခန်း(၆)
### စာချုပ်စာတမ်းများကို မှတ်ပုံတင်ခွင့်ရှိသူများ

၃၀။ ပုဒ်မ ၂၉ နှင့် ပုဒ်မ ၈၂တို့ပါ အချက်မှတစ်ပါး ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ တို့ပါ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အောက်ပါပုဂ္ဂိုလ်တို့က စာချုပ်စာတမ်းများ မှတ်ပုံတင်ခွင့်ရှိသည်-

(က) စာချုပ်ချုပ်ဆိုကြသည့်ပုဂ္ဂိုလ်များ၊ တရားရုံးဒီကရီ သို့မဟုတ် အမိန့်ဖြစ်လျှင် ယင်းဒီကရီ သို့မဟုတ် အမိန့်အရ အကျိုးခံစားခွင့်ရှိသည့်ပုဂ္ဂိုလ်များ၊

(ခ) ပုဒ်မ၃၊ ပုဒ်မခွဲ(ဇ)ပါပုဂ္ဂိုလ်များ၊

(ဂ) ပုဒ်မခွဲ (က)ပါ ပုဂ္ဂိုလ်များကကိုယ်စားလှယ်အဖြစ် တရားဝင်ဆောင်ရွက်ပေးရန် လက်မှတ်ရေးထိုးလွှဲအပ်ထားသည့် အောက်ပါကိုယ်စားလှယ်လွှဲစာရရှိထားသူများ-

(၁) ကိုယ်စားလှယ်လွှဲအပ်သူသည် မြန်မာနိုင်ငံအတွင်း နေထိုင်ပါက လွှဲအပ်သည့်အချိန်တွင် နေထိုင်သည့်ပုဒ်မ ၇ နှင့်ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ ရှေ့မှောက်တွင် ကိုယ်စားလှယ်လွှဲအပ်ကြောင်း လက်မှတ်ရေးထိုး၍ပုဒ်မ ၇ နှင့်ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်းသက်သေခံလက်မှတ်ရေးထိုးထားသည့်ကိုယ်စားလှယ်လွှဲစာရရှိထားသူ။

(၂) ကိုယ်စားလှယ်လွှဲသူသည်မြန်မာနိုင်ငံပြင်ပတွင်နေထိုင်၍ ကိုယ်စားလှယ်လွှဲစာကို ပြည်ပ၌ပြုလုပ်ခဲ့ပြီး လာရောက်မှတ်ပုံတင်ခြင်းဖြစ်ပါက သက်ဆိုင်ရာနိုင်ငံရှိ မြန်မာနိုင်ငံသံရုံးတွင်ခန့်အပ် တာဝန်ပေးအပ်ထားသည့်အရာရှိတစ်ဦးဦး၏ထပ်ဆင့်ထောက်ခံချက် သို့မဟုတ် ယင်းအရာရှိ၏ရှေ့တွင် ပြုလုပ်ထားသည့် ကိုယ်စားလှယ်လွှဲစာရရှိထားသူ။

၃၁။ (က) စာချုပ်စာတမ်းချုပ်ဆိုသူတို့သည်အားလုံးတစ်ပြိုင်တည်းဖြစ်စေ၊ တစ်ဦးချင်းစီဖြစ်စေ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ တင်ပြနိုင်သည်။

(ခ) ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ စာချုပ်စာတမ်းမှတ်ပုံတင် အရာရှိသည် ပုဒ်မခွဲ(က) အရ တင်ပြလာသောစာချုပ်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို စိစစ်ရမည်-

(၁) စာချုပ်စာတမ်းချုပ်ဆိုသူတို့သည် စာချုပ်စာတမ်းကို နှစ်ဦးနှစ်ဖက်သဘောတူချုပ်ဆိုခြင်းဟုတ်၊ မဟုတ်၊

(၂) စာချုပ်စာတမ်းချုပ်ဆိုသူများသည်ကိုယ်တိုင်လာရောက်မှတ်ပုံတင်ခြင်း ဟုတ်၊ မဟုတ်၊

(၃) စာချုပ်စာတမ်းမှတ်ပုံတင်သူသည် စာချုပ်စာတမ်းချုပ်ဆိုသူများ၏ ကိုယ်စား သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်ခံရသူများ ဟုတ်မဟုတ်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ အချက်များသည် ဒီကရီလက်ခံ၊ အမိန့်လက်ခံများနှင့် မသက်ဆိုင်စေရ။

၃၂။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈တို့ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် အောက်ပါအချက်များ နှင့်ညီညွတ်ပါက စာချုပ်စာတမ်းကိုလက်ခံ၍ မှတ်ပုံတင်ခွင့်ပြုနိုင်သည်-

(က) စာချုပ်စာတမ်းမှတ်ပုံတင်သူတို့ကို ကိုယ်တိုင်သိရှိခြင်း သို့မဟုတ် စာချုပ်စာတမ်း ချုပ်ဆိုသူများမှာအမှန်ဖြစ်ကြောင်း အခြားတစ်နည်းနည်းဖြင့်သိရှိခြင်း၊

(ခ) စာချုပ်စာတမ်းမှတ်ပုံတင်သူ သို့မဟုတ် စာချုပ်စာတမ်း မှတ်ပုံတင်သူ၏ ကိုယ်စားဆောင်ရွက်သူများ သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်ခံရသူများက စာချုပ်စာတမ်းကို ချုပ်ဆိုကြောင်း ဝန်ခံခြင်း၊

(ဂ) စာချုပ်စာတမ်းချုပ်ဆိုသူကွယ်လွန်၍ယင်း စာချုပ်စာတမ်းကို တရားရုံး၏ အမိန့်၊ ဒီကရီအရ မှတ်ပုံတင်သွင်းလာခြင်း၊

(ဃ) မည်သည့်စာချုပ်စာတမ်းကိုမဆိုမှတ်ပုံတင်သည့်အခါ မြန်မာနိုင်ငံ တံဆိပ်ခေါင်း အက်ဥပဒေနှင့် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တို့အရ သတ်မှတ်ထားသည့်အခွန်တံဆိပ်ခေါင်းကို လုံလောက်စွာကပ်ထားပြီးဖြစ်ခြင်း။

(င) မိမိရှေ့သို့ရောက်ရှိလာသူတို့သည် စာချုပ်စာတမ်းနှင့်သက်ဆိုင်သူများမှန်ကန်ခြင်း။

၃၃။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် -

(က) မှတ်ပုံတင်သွင်းသောစာချုပ်တွင် ရေးသားဖော်ပြချက်များမှာချုပ်ဆိုသူတို့က မှန်ကန်စွာ ရေးသားချုပ်ဆိုကြောင်းကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးမေးမြန်းရမည် ။

(ခ) စာချုပ်စာတမ်း မှတ်ပုံတင်သွင်းသူတို့ကစာချုပ်ချုပ်ဆိုကြောင်း ဝန်ခံခြင်းရှိ၊ မရှိကိုသာ စစ်ဆေးမေးမြန်းရမည်ဖြစ်ပြီး မှတ်ပုံတင်သွင်းလာသည့် စာချုပ်စာတမ်းအရ လွှဲပြောင်းသောပစ္စည်း၏ ပိုင်ဆိုင်မှုကို စစ်ဆေးမေးမြန်းခြင်း မပြုရ။

၃၄။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် အောက်ပါအချက်များကို စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်ရန်ငြင်းပယ်ရမည်-

(က) စာချုပ်စာတမ်းချုပ်ဆိုသူတို့အနက် တစ်ဦးဦးက ယင်းစာချုပ်စာတမ်းကို ချုပ်ဆိုခြင်း မဟုတ်ကြောင်း ငြင်းဆိုခြင်း သို့မဟုတ် ဝန်မခံခြင်း၊

(ခ) စာချုပ်ချုပ်ဆိုသူသည်အရွယ်မရောက်သေးသူ သို့မဟုတ် ရူးသွပ်သူ သို့မဟုတ် သတိပုံမှန်မရှိသူဟု ထင်မြင်ယူဆခြင်း၊

(ဂ) မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့်စပ်လျဉ်း၍ချုပ်ဆိုသောစာချုပ်စာတမ်းများတွင် ပစ္စည်းစာရင်းအထောက်အထားများကို တိကျရှင်းလင်းစွာဖော်ပြမထားခြင်း၊

(ဃ) မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းတစ်စုံတစ်ရာတွင် ပုဒ်မ ၂၀ ပါ သက်သေခံမြေပုံ ပူးတွဲပါဝင်ခြင်း မရှိသော စာချုပ်များကို မှတ်ပုံတင်သွင်းလာခြင်း။

### အခန်း (၇)
### စာချုပ်စာတမ်းချုပ်ဆိုသူတို့နှင့်သက်သေတို့ကို ကင်းလွတ်ခွင့်ပြုခြင်း

၃၅။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်သွင်းလာသည့် စာချုပ်စာတမ်းနှင့်သက်ဆိုင်သူများ သို့မဟုတ် ကိုယ်စားလှယ်များကို စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍စုံစမ်းမေးမြန်းရေးအတွက် ရုံးသို့ လာရောက်စေရန် ဆင့်ဆိုနိုင်သည်။

၃၆။ (က) အောက်ပါပုဂ္ဂိုလ်များသည် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးသို့ လာရောက်ခြင်းမှ ကင်းလွတ်ခွင့်ရသည်-

(၁) စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့လာရောက်ရန် အခက်အခဲရှိသည့် ကျန်းမာရေးချို့တဲ့နေသူများ၊ ကိုယ်အင်္ဂါမသန်စွမ်းသူများ၊

(၂) အကျဉ်းချထားခြင်း ခံနေရသူများ၊

(၃) တရားရုံးတော်သို့ လာရောက်ခြင်းမှ တည်ဆဲဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသည့်ပုဂ္ဂိုလ်များ။

(ခ) ပုဒ်မခွဲ(က)ပါပုဂ္ဂိုလ်များကစာချုပ်စာတမ်း မှတ်ပုံတင်ပေးရန် လျှောက်ထားလာပါက အဆိုပါပုဂ္ဂိုလ်များ နေထိုင်ရာ နေအိမ်သို့ဖြစ်စေ၊ ဆေးရုံသို့ဖြစ်စေ၊ အကျဉ်းထောင်သို့ဖြစ်စေ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ ကိုယ်တိုင်သွားရောက် ဆောင်ရွက်နိုင်ခြင်း သို့မဟုတ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှ ဝန်ထမ်းတစ်ဦးဦးကို ကော်မရှင်ခန့်စာ ထုတ်ဆင့်၍ ကိုယ်စားသွားရောက်ဆောင်ရွက်စေခြင်းပြုနိုင်သည်။

### အခန်း(၈)
### သေတမ်းစာများ အပ်နှံခြင်း

၃၇။ သေတမ်းစာများကို မည်သည့်အချိန်ကာလတွင်မဆို အပ်နှံခွင့် သို့မဟုတ် မှတ်ပုံတင်သွင်းခွင့်ရှိသည်။

၃၈။ သေတမ်းစာရေးသူသည် သေတမ်းစာကို စာအိတ်တွင် ထည့်သွင်းချိပ်ပိတ်၍ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံတွင် အပ်နှံနိုင်သည်။

၃၉။ ပုဒ်မ ၃၈ အရ အပ်နှံသော သေတမ်းစာထည့်သွင်းချိပ်ပိတ်သည့် စာအိတ်တွင် အောက်ပါတို့ကို ရေးသားဖော်ပြရမည်-

(က) သေတမ်းစာရေးသားသူ၏ အမည် သို့မဟုတ် ကိုယ်စားလှယ်၏ အမည်၊

(ခ) သေတမ်းစာအမျိုးအစား၊

(ဂ) သေတမ်းစာ မှတ်ပုံတင်ရန် တင်ပြသည့် ရက်စွဲ၊

(ဃ) သေတမ်းစာပါ သက်သေတို့၏အမည်များ။

၄၀။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မ ၃၈ အရ အပ်နှံသော သေတမ်းစာကို စိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိရပါက အောက်ပါအချက်များကို မှတ်ပုံတင်စာအုပ် အမှတ် ၅ တွင် မှတ်တမ်းတင်ထားရှိပြီး ယင်းသေတမ်းစာကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံးရှိ ဦးစီးဌာနမှ ထုတ်ပေးသော လုံခြုံမှုအာမခံသေတ္တာ၌ သိမ်းဆည်းထားရမည်။

(က) သေတမ်းစာအပ်နှံသည့် ခုနှစ်၊ လ၊ ရက်၊ နေ့နှင့် အချိန်၊

(ခ) သေတမ်းစာရေးသားသူ သို့မဟုတ် ကိုယ်စားလှယ်တို့၏ အမည်၊

(ဂ) သေတမ်းစာပါသက်သေတို့၏ အမည်များ၊

(ဃ) ချိပ်ပိတ်ထားသော သေတမ်းစာအိတ်ပါဖော်ပြချက်များ။

၄၁။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် အပ်နှံထားသည့်သေတမ်းစာများကို ပြန်လည်ထုတ်ပေးရန်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားချက်လက်ခံရရှိလျှင် လျှောက်ထားသူကို မိမိထံ အပ်နှံသည့် သေတမ်းစာရေးသားသူကိုယ်တိုင် သို့မဟုတ် တရားဝင်ကိုယ်စားလှယ် ဟုတ်၊ မဟုတ်စိစစ်ပြီး မှန်ကန်ကြောင်း တွေ့ရှိပါက သေတမ်းစာကို ပြန်လည်ထုတ်ပေးရမည်။

၄၂။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည်-

(က) ပုဒ်မ ၃၈ အရ အပ်နှံထားသော သေတမ်းစာကို ရေးသားသူကွယ်လွန်သဖြင့် ချိပ်ပိတ်သေတမ်းစာကို ဖွင့်ပေးရန် လျှောက်ထားလျှင် သေတမ်းစာရေးသားသူ အမှန်တကယ်ကွယ်လွန်ခြင်းရှိ၊ မရှိစိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိပါက လျှောက်ထားသူ၏ ကုန်ကျစရိတ်ဖြင့် သေတမ်းစာပါ ချိပ်ကိုလျှောက်ထားသူ၏ ရှေ့မှောက်တွင် ဖွင့်၍သေတမ်းစာပါ အကြောင်းအရာများကို မှတ်ပုံတင်စာအုပ်အမှတ် ၃ တွင် ရေးကူးမှတ်တမ်းတင်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ မှတ်ပုံတင်စာအုပ်၌ ရေးကူးပြီးလျှင် မူရင်းသေတမ်းစာကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံးရှိ ဦးစီးဌာနမှ ထုတ်ပေးသော လုံခြုံမှုအာမခံသေတ္တာတွင် ပြန်လည်သိမ်းဆည်းထားရမည်။

(ဂ) သေတမ်းစာများကို တရားရုံးက တင်ပြရန် အကြောင်းကြားလျှင် တရားရုံးသို့ တင်ပြရမည်။

(ဃ) တရားရုံးသို့တင်ပြချိန်တွင် သေတမ်းစာ၏ချိပ်ကို မဖွင့်ရသေးလျှင် ပုဒ်မခွဲ(က)ပါအတိုင်း ဆောင်ရွက်၍ တရားရုံးသို့တင်ပြပြီးကြောင်း လက်ခံမှတ်ပုံတင်စာအုပ်တွင် မှတ်ပုံတင်ထားရမည်။

### အခန်း(၉)
### သေတမ်းစာနှင့် ကိတ္တိမ သား၊ သမီး မွေးစားခြင်း စာချုပ်မှတ်ပုံတင်ခြင်း

၄၃။ သေတမ်းစာကို မှတ်ပုံတင်ရေးအတွက် သေတမ်းစာရေးသူကသော်လည်းကောင်း၊ သေတမ်းစာရေးသူ ကွယ်လွန်ပြီးဖြစ်လျှင် ယင်းသေတမ်းစာအရ အမွေထိန်းဖြစ်သူ သို့မဟုတ် သေတမ်းစာအရ တစ်နည်းနည်း သက်ဆိုင်သူက သော်လည်းကောင်း မှတ်ပုံတင်ရန် ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ တင်ပြနိုင်သည်။

၄၄။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မ ၄၃နှင့်အညီ မှတ်ပုံတင်ရန်တင်ပြသောသေတမ်းစာကို အခြားစာချုပ်စာတမ်းများနည်းတူ မှတ်ပုံတင်ခွင့်ပြုရမည်။

၄၅။ ပုဒ်မ ၇ နှင့် ပုဒ်မ ၈တို့ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်သွင်းသောသေတမ်းစာများကို အောက်ပါအချက်များနှင့်ညီညွတ်ပါက မှတ်ပုံတင်ပေးရမည် -

(က) သေတမ်းစာရေးသူကိုယ်တိုင် အမှန်တကယ် ရေးသား၍ တင်သွင်းလာခြင်း၊

(ခ) သေတမ်းစာရေးသူမှာကွယ်လွန်ပြီးဖြစ်ပါကသေတမ်းစာရေးသူနှင့် တစ်နည်းနည်းဖြင့် သက်ဆိုင်သူကအထောက်အထားခိုင်လုံစွာတင်ပြ၍တင်သွင်းလာခြင်း၊

၄၆။ ကိတ္တိမ မွေးစားခြင်းစာချုပ်ကို ၁၉၄၉ ခုနှစ်၊ ကိတ္တိမမွေးစားခြင်းအက်ဥပဒေနှင့်အညီ သား၊ သမီးမွေးစားသူ သို့မဟုတ် မွေးစားခံရသူက မှတ်ပုံတင်ရန်တင်ပြလာပါက အခြားစာချုပ်စာတမ်းများနည်းတူ မှတ်ပုံတင်ရမည်။

### အခန်း(၁၀)
### စာချုပ်စာတမ်း မှတ်ပုံတင်ခြင်း၏ အကျိုးသက်ရောက်မှု

၄၇။ ဤဥပဒေအရ မှတ်ပုံတင်ပြီးဖြစ်သော စာချုပ်စာတမ်းသည်-

(က) စာချုပ်ချုပ်ဆိုသည့် နေ့ရက်မှစ၍ အကျိုးသက်ရောက်မှုရှိရမည်။

(ခ) ရွှေ့ပြောင်းနိုင်သည့် သို့မဟုတ် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများနှင့် သက်ဆိုင်လျှင် ယင်းပစ္စည်းများနှင့်စပ်လျဉ်း၍ စာချုပ်စာတမ်းပါ စည်းကမ်းချက်များနှင့် ဆန့်ကျင်သော နှုတ်ကတိ သို့မဟုတ် အကြောင်းကြားကြေညာချက်ကိုလွှမ်းမိုး၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ အကျိုးသက်ရောက်မှုရှိသော်လည်း စာချုပ်စာတမ်းပါ စည်းကမ်းချက်များနှင့်ဆန့်ကျင်သော နှုတ်ကတိ သို့မဟုတ် အကြောင်းကြားကြေညာချက်အရ လက်ရောက်ပေးအပ်ပြီးဖြစ်သော ပစ္စည်းနှင့်သက်ဆိုင်ခြင်းမရှိစေရ။

**ဆက်လက်ဖော်ပြပါမည်။**


ကျားဝါ / ပေ့ပေ့
မိသားစု ကာတွန်းများ


ရွှေဆံရစ်









# ရပ်ဝန်းတစ်ခု လမ်းတစ်လမ်း ဖွံ့ဖြိုးမှုအတွက် လျှောက်လှမ်း

ကိုရင်ညြ



ဓာတ်ပုံ- Insightsonindia.com

ဗြိတိန်နိုင်ငံလုပ် ဝီစကီအရက်၊ ဗီတာမင်အားဆေး၊ အဖျော်ယမကာနှင့် လူသုံးကုန်ပစ္စည်းများကို တင်ဆောင်ထားသော ကုန်ရထားတစ်စင်းသည် ဥရောပမှ အာရှသို့ တရစပ်ခရီးနှင်လာခဲ့သည်။ ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်မှ တရုတ်နိုင်ငံ ယီဝူးမြို့သို့ ဦးတည်ထွက်ခွာလာသော ရထားသည် ပိုးလမ်းမသစ်၏ ပထမဆုံးသော ကုန်ရထားခရီးစဉ်ပင်ဖြစ်လေတော့သည်။

လန်ဒန်မှ ဧပြီ ၁၁ တွင် စတင်ထွက်ခွာလာခဲ့သော အဆိုပါ ကုန်ရထားသည် ဧပြီ ၂၇ ရက်တွင် ယီဝူးမြို့သို့ ဆိုက်ရောက်လာခြင်းမရှိမီ ပြင်သစ်၊ ဘယ်လ်ဂျီယမ်နှင့် ဂျာမနီနိုင်ငံတို့ကို ဖြတ်သန်းခဲ့သည်။ ထိုမှတစ်ဆင့် ပိုလန်၊ ဘီလာရုစ်၊ ရုရှားနှင့် ကာဇက်စတန်နိုင်ငံတို့ကို ဖြတ်ကျော်ခဲ့သည်။

ဥရောပမှ တရုတ်နိုင်ငံသို့ ဆက်သွယ်သော ရထားလမ်းကြောင်းမှာ ရှေးဟောင်း ပိုးလမ်းမကို ပြန်လည်အသက်သွင်းခြင်းပင် ဖြစ်သည်။

**၁၈ ရက်ကြာ ခုတ်မောင်း**

ဗြိတိန်မှ တရုတ်နိုင်ငံသို့ ကုန်ရထားခရီးစဉ် စတင်မှု အထိမ်းအမှတ်အခမ်းအနားကို ဧပြီ ၁၀ ရက်က လန်ဒန်ရှိ ဘူတာရုံ၌ ပြုလုပ်ခဲ့သည်။ ပိုးလမ်းမသစ် ရထားခရီးစဉ်မှာ ခရီးတာ မိုင် ၇၅၀၀ (ကီလိုမီတာ ၁၂၀၇၀) ရှိပြီး ၁၈ ရက်ကြာမျှ ခုတ်မောင်းရသည်။

ရှေးဟောင်း ပိုးလမ်းမမှာ နိုင်ငံတကာ ကုန်သွယ်မှုတွင် သမိုင်းဝင်၊ သမိုင်းတွင်ခဲ့ပြီး ရောမမြို့တော်ကို 'ပြည်ကြီးတွင်လစ် ဂန္ဓာလရာဇ်' အမည်ရှိ တရုတ်ပြည်နှင့် ဆက်သွယ်ခဲ့သည်။ ရှေးဟောင်းပိုးလမ်းမကို နှစ်ပေါင်း၂၀၀၀ ကျော် သက်တမ်းရှည်ကြာ အသုံးပြုခဲ့ပြီး ပိုးထည်၊ သိုးမွေး၊ ရွှေ၊ လက်ဖက်ခြောက်နှင့် ဟင်းခတ်အမွှေးအကြိုင်များကို ရောင်းဝယ်ခဲ့ကြသည်။

နယ်မြေစွန့်စားရှာဖွေသူ မာကိုပိုလိုသည် ပိုးလမ်းတစ်လျှောက် ဖြတ်သန်းကာ တရုတ်ပြည်သို့ ခရီးနှင်ခဲ့ဖူးသည်ဟု သမိုင်းမှတ်တမ်းများတွင် ဖော်ပြသည်။

တရုတ်အစိုးရအဖွဲ့၏ နိုင်ငံတကာ ကုန်သွယ်ရေး အစီအစဉ်သစ်တစ်ရပ်အဖြစ် ယနေ့ကာလတွင် ၂၁ ရာစု ပိုးလမ်းမသစ် ပေါ်ထွန်းလာခဲ့ပေပြီ။

ပြန်လည်အသက်သွင်းလိုက်သော ပိုးလမ်းမမှာ ရေကြောင်း ပိုးလမ်းမနှင့် ကြည်းကြောင်း ပိုးလမ်းမဟူ၍ နှစ်မျိုးရှိသည်။ ၂၁ ရာစု ပိုးလမ်းမသစ် ပေါ်ထွန်းလာခြင်းဖြင့် ကမ္ဘာ့ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုပေလိမ့်မည်။

တရုတ်နိုင်ငံသည် "ပိုးလမ်းမ စီးပွားရေး ရပ်ဝန်း" နှင့် "၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမ" (One Belt, One Road) ဟု အမည်ပေးထားသော အစီအစဉ်တစ်ရပ်နှင့် ပတ်သက်၍ မေလလယ်တွင် နိုင်ငံတကာ ထိပ်သီးညီလာခံတစ်ရပ်ကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံဖြတ်ကျော် အခြေခံအဆောက်အအုံ တည်ဆောက်ရေး စီမံကိန်းဖြစ်သော OBOR အစီအစဉ်၏ ရည်မှန်းချက်မှာ တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးမှုနည်းပါးနေဆဲ ဒေသများကို အာရှအလယ်ပိုင်းဒေသကို ဖြတ်သန်း၍ ဥရောပနှင့် ဆက်သွယ်နိုင်ရန်ဖြစ်သည်။

ပိုးလမ်းမ စီမံကိန်း၏ ဒုတိယအဆင့်အရ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေသော အရှေ့တောင်အာရှဒေသကို တရုတ်နိုင်ငံ၏ တောင်ပိုင်းပြည်နယ်များနှင့် ချိတ်ဆက်နိုင်ရေးအတွက် ပင်လယ်ဆိပ်ကမ်းများ တည်ဆောက်ခြင်းနှင့် ရထားလမ်းများ ဖောက်လုပ်ခြင်းတို့ ပြုလုပ်သွားရန် ရည်မှန်းထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဒေသဆိုင်ရာဖွံ့ဖြိုးရေး မဟာဗျူဟာတစ်ရပ်အဖြစ် 'ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်း' အစီအစဉ်ကို အဆိုပြုခဲ့သည်။ ပိုးလမ်း စီးပွားရေး ရပ်ဝန်းမှာ ကြည်းလမ်းကြောင်းအပေါ် အခြေပြုပြီး ၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမှာ ပင်လယ်သမုဒ္ဒရာအပေါ် အခြေပြုသည်။

OBOR အစီအစဉ်ကို တရုတ်သမ္မတ ရှီက အာရှအလယ်ပိုင်းနှင့် အရှေ့တောင်အာရှဒေသတို့သို့ သွားရောက်ခဲ့စဉ်က ထုတ်ပြန်ကြေညာခဲ့သည်။

'ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်း' အစီအစဉ်သည် အာရှနှင့် ဥရောပတိုက်ကြီးနှစ်တိုက်အပေါ် အခြေခံကျကျ လွှမ်းခြုံထားပြီး ကမ္ဘာ့နိုင်ငံပေါင်း ၆၀ ခန့် အကျုံးဝင်လျက်ရှိသည်။ ပစိဖိတ်သမုဒ္ဒရာ အလယ်ပိုင်းရှိ ကျွန်းများအပေါ် ဗဟိုပြုသော နိုင်ငံများနှင့် အရှေ့အာဖရိက ဒေသတို့မှာလည်း ယင်းအစီအစဉ်တွင် ပါဝင်သည်။

'ရပ်ဝန်းတစ်ခု' ဟူသော နယ်မြေအဝန်းအဝိုင်းအတွင်း မူလပိုးလမ်းမပေါ်ရှိ နိုင်ငံများ ပါဝင်နေပြီး အာရှအလယ်ပိုင်းဒေသ၊ အနောက်အာရှဒေသ၊ အရှေ့အလယ်ပိုင်းဒေသနှင့် ဥရောပတို့ကို သွယ်တန်းထားသည့် လမ်းကြောင်းဖြစ်သည်။

အခြေခံအဆောက်အအုံ တည်ဆောက်ခြင်း၊ နိုင်ငံများအကြား ယဉ်ကျေးမှုဖလှယ်ခြင်း၊ ကုန်သွယ်ရေးလုပ်ငန်း မြှင့်တင်ခြင်းတို့မှတစ်ဆင့် ပေါင်းစည်းထားသော စီးပွားရေးဒေသကြီးတစ်ရပ်အဖြစ် ပေါ်ထွန်းလာရေးကို အခြေခံရည်မှန်းချက်အဖြစ် သတ်မှတ်ထားသည်။

'ရပ်ဝန်း' တွင် အကျုံးဝင်သည့် နယ်မြေအား တိုးချဲ့လျှင် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသကိုပါ ချိတ်ဆက်နိုင်မည်ဖြစ်သည်။ 'ရပ်ဝန်း' ၏ အစိတ်အပိုင်းအဖြစ် ပါဝင်သော နိုင်ငံအများအပြားမှာ တရုတ်နိုင်ငံက ဦးဆောင်သော အာရှ အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံရေးဘဏ် (အေအိုင်အိုင်ဘီ)၏ အဖွဲ့ဝင်နိုင်ငံများလည်း ဖြစ်ကြသည်။

မြောက်ပိုင်း 'ရပ်ဝန်း'၊ အလယ်ပိုင်း 'ရပ်ဝန်း'နှင့် တောင်ပိုင်း 'ရပ်ဝန်း' တိုးချဲ့ရန်လည်း အဆိုပြုထားသည်။ မြောက်ပိုင်းရပ်ဝန်းမှာ အာရှအလယ်ပိုင်း၊ ရုရှားတို့မှသည် ဥရောပသို့ ဆက်သွယ်ရန်ဖြစ်သည်။ အလယ်ပိုင်း ရပ်ဝန်းမှာမူ အာရှအလယ်ပိုင်းဒေသ၊ အနောက်အာရှဒေသတို့မှသည် ပါရှားပင်လယ်ကွေ့နှင့် မြေထဲပင်လယ်တို့အထိ ပေါင်းကူးရန်ဖြစ်သည်။ တောင်ပိုင်း ရပ်ဝန်းမှာ တရုတ်နိုင်ငံမှသည် အရှေ့တောင်အာရှဒေသ၊ တောင်အာရှဒေသနှင့် အိန္ဒိယသမုဒ္ဒရာတို့အထိ ပေါင်းကူးနိုင်ပေလိမ့်မည်။

**လုံခြုံရေးကောင်းမွန်ပါမှ**

အလယ်ပိုင်းရပ်ဝန်းတစ်လျှောက်၌ ခွဲထွက်ရေးဝါဒီများ၏ လှုပ်ရှားမှုများနှင့် ဘာသာရေးအစွန်းရောက်မှု ပြဿနာများနှင့်အတူ ရှုပ်ထွေးပွေလီလျက်ရှိသဖြင့် ယင်းရပ်ဝန်းတွင် ပိုးလမ်းမလှုပ်ရှားမှုများ မပြုလုပ်နိုင်ဘဲရှိနေပေရာ ဒေသဖွံ့ဖြိုးရေးဟူသည် လုံခြုံရေးကောင်းမွန်မှုအပေါ် အခြေခံနေသည်ဟု ကျွန်ုပ်တို့ သင်ခန်းစာရယူနိုင်ပေသည်။

တရုတ်နိုင်ငံ၏ ရပ်ဝန်းတစ်ခု မဟာဗျူဟာသည် ကာဇက်စတန်နိုင်ငံ၏ နော်လီဇိုး အခြေခံအဆောက်အအုံ အစီအစဉ်မှတစ်ဆင့် အာရှအလယ်ပိုင်းနှင့် ပေါင်းစည်းနိုင်ရန် မျှော်မှန်းသည်။

**ပင်လယ်ရေကြောင်းပိုးလမ်းမ**

'၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမ' ဟု သိရှိကြသော ပင်လယ်ရေကြောင်း ပိုးလမ်းမှာ ဒေသတွင်းနိုင်ငံများ ပေါင်းစည်းလုပ်ကိုင်ကြခြင်းဖြင့် ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးမှုအတွက် အထောက်အကူပေးနိုင်ရန် ဖြစ်သည်။

တောင်တရုတ်ပင်လယ်၊ တောင်ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာတို့ဖြစ်သည့် တစ်ဆက်တစ်စပ်တည်း တည်ရှိနေသော ပင်လယ်သမုဒ္ဒရာများကို ဖြတ်သန်းကာ အရှေ့တောင်အာရှဒေသ၊ ပစိဖိတ်ကျွန်းနိုင်ငံများနှင့် အာဖရိကမြောက်ပိုင်းဒေသတို့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရန် ပင်လယ်ရေကြောင်း ပိုးလမ်းမက ရည်မှန်းသည်။

ပင်လယ်ရေကြောင်း ပိုးလမ်းမ အစီအစဉ်ကို သမ္မတရှီက ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် အင်ဒိုနီးရှား ပါလီမန်၌ မိန့်ခွန်းပြောကြားစဉ်အတွင်း ပထမဆုံးအကြိမ် အဆိုပြုခဲ့သည်။

ပိုးလမ်းမနှင့် အကျုံးဝင်သည့် အခြေခံအဆောက်အအုံ ထူထောင်ရေးဆိုင်ရာ စီမံကိန်းများအတွက် ရန်ပုံငွေရရှိနိုင်ရန် အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံရေးဘဏ်က ငွေချေးပေးမည်ဖြစ်သည်။ အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများအတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၆၀ အထိ သုံးစွဲရန် စီစဉ်ထားကြောင်း တရုတ်နိုင်ငံက ၂၀၁၅ ခုနှစ်အတွင်း ထုတ်ပြန်ကြေညာခဲ့သည်။

ပိုးလမ်းမရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ ရှိ ဖွံ့ဖြိုးရေးရန်ပုံငွေတစ်ရပ်ကို ထူထောင်နိုင်ရန် သမ္မတရှီက ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ကြေညာခဲ့သည်။

တရုတ်နိုင်ငံသည် စီးပွားရေးအရ လွန်စွာအရေးပါသော ပိုးလမ်းမအတွက် ရင်းနှီးမြှုပ်နှံမှုများကို အကြီးအကျယ်ပြုလုပ်ရန် တာစူလျက်ရှိသည်။

ပင်လယ်ရေကြောင်း ပိုးလမ်းသည် အာဆီယံဒေသနှင့် အိန္ဒိယသမုဒ္ဒရာတို့ကို ဖြတ်သန်းသွားသဖြင့် အိန္ဒိယနှင့်သာမက မြန်မာနိုင်ငံနှင့်လည်း သက်ဆိုင်သည်။

ပိုးလမ်းဒေသသည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့အတွက်သာမက ဒေသဖွံ့ဖြိုးရေးအတွက်လည်း အကျုံးဝင်သည်။

ပိုးလမ်း၏ တောင်ဘက်စွန်းရှိ ယူနန်ပြည်နယ်သည် တရုတ်နိုင်ငံ၌ ဖွံ့ဖြိုးဆဲပြည်နယ်များတွင် ပါဝင်ပြီး ပိုးလမ်းသစ်နှင့် ဆက်သွယ်နိုင်အောင် အခြေခံအဆောက်အအုံ တည်ဆောက်မှု ပြုလုပ်နိုင်ရန် အစီအစဉ်များ ရေးဆွဲထားသည်ဟု လေ့လာသိရှိရသည်။ ယူနန်ပြည်နယ်သည် မြန်မာ၊ လာအို၊ ဗီယက်နမ်နှင့် နယ်စပ်ချင်းထိစပ်နေပြီး ထိုင်းနှင့် ကမ္ဘောဒီးယားတို့ကို မဲခေါင်မြစ်မှတစ်ဆင့် ဆက်သွယ်ထားသည်။

ယနေ့ကာလတွင် ကျွန်ုပ်တို့၏ မြန်မာနိုင်ငံသည် အာရှ-ပစိဖိတ်ဒေသအတွင်း ခိုင်မာသည့် ပေါင်းစည်းဆက်နွှယ်မှုအတွက် မိတ်ဖက်ပြု ဆောင်ရွက်မှုများကို တိုးမြှင့်ပြုလုပ်လျက်ရှိရာ ဒေသတွင်းနိုင်ငံများ၏ တူညီသော ရည်မှန်းချက်အတွက် စုပေါင်းဆောင်ရွက်ရေးမှာ အထူးပင်အရေးကြီးလှသည်။ အာဆီယံဒေသအတွင်းတွင် စီးပွားရေးအသိုက်အဝန်းတစ်ရပ်ကို ထူထောင်နိုင်ရန် ကြိုးပမ်းလျက်ရှိပြီး တစ်ခုတည်းသော ဈေးကွက်နှင့် တစ်ခုတည်းသော ကုန်ထုတ်လုပ်မှု အခြေခံထူထောင်ရန် ရည်မှန်းထားသဖြင့် **"ရပ်ဝန်းတစ်ခု လမ်းတစ်လမ်း"** အစီအစဉ်သည် အာဆီယံနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပေးနိုင်မည်ဟု တွေးဆမိရင်း **"ရပ်ဝန်းတစ်ခု လမ်းတစ်လမ်း ဖွံ့ဖြိုးမှုအတွက် လျှောက်လှမ်း"**ဟူ၍ ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

*Reference :*
*China's nwes Silk Road initiative linking Asia, Africa and Europe*



ဓာတ်ပုံ- Media.licdn.com

## သုံးဆယ်ရေလှောင်တမံစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ပဲခူး မေ ၆**
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် မေ ၆ ရက် နံနက် ၈ နာရီခွဲက စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်၊ သာယာဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးနေဝင်း၊ ဌာနဆိုင်ရာများနှင့် အတူ သုံးဆယ်ရေလှောင်တမံ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် လုပ်ဆောင်နေမှုအား ကြည့်ရှုစစ် ဆေးခဲ့သည်။

ရှေးဦးစွာ သုံးဆယ်ရေလှောင်တမံ တည်ဆောက်ရေး ရှင်းလင်းဆောင်၌ ပဲခူးတိုင်းဒေသကြီး ရေအသုံးချမှု စီမံခန့်ခွဲရေးနှင့် ဆည်မြောင်းဦးစီး ဌာန တည်ဆောက်ရေး(၉) ဒုတိယ ညွှန်ကြားရေးမှူးဦးညီညီလွင်က တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က အလေအလွင့်မရှိစေဘဲ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစွာဖြင့် သတ်မှတ်ကာလအတွင်း စံချိန်စံနှုန်းပြည့်မီစွာ ပြီးစီးအောင် တည်ဆောက်ကြရန်၊ လုပ်သားများ၏ ကျန်းမာရေးအတွက်လည်း အထူးဂရုပြုနေထိုင်ကြရန် မှာကြားခဲ့သည်။

စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အကြိုတည်ဆောက်ခြင်း၊ တမံတည်ဆောက်ခြင်း၊ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်တည်ဆောက်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်း၊ ရေလွှဲဆည်တည်ဆောက်ခြင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်း၊ တူးမြောင်းအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သည်။

တူးမြောင်းလိုင်နင်စီးခြင်း လုပ်ငန်းတွင် စုစုပေါင်းလျာထားပမာဏ ပေ ၂၀၀၀၀ ရှိပြီး ယခုအခါ ၁၇၃၇၂ ပေ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ၈၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ သုံးဆယ်ရေလှောင်တမံစီမံကိန်းဆည်ရေသောက်ဧရိယာအတွင်း စံပြလယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်းတွင် လျာထားပမာဏ ဧက ၅၀၀၀ ရှိသည့်အနက် ၂၈၇ ဧကဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

သုံးဆယ်ရေလှောင်တမံသည် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် လှည်းလမ်းကူးကျေးရွာအနီးရှိ သုံးဆယ်ချောင်းပေါ်တွင် အလျားပေ ၁၃၂၀၊ အမြင့် ပေ ၁၅၀၊ ရေလှောင်ပမာဏ ၂၃၇၅၂၀ ဧကပေ သိုလှောင်နိုင်မည့် မြေသားရေလှောင်တမံတစ်ခုဖြစ်ပြီး လယ်မြေဧက ၄၂၀၀၃ ဧကခန့် ရေပေးဝေစိုက်ပျိုးနိုင်သည်။

သုံးဆယ်ရေလှောင်တမံ တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် ဒေသအတွင်း လယ်မြေဧရိယာ ၄၂၀၀၃ ဧကခန့်အား စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည့်အပြင် ကျေးလက်ဒေသ၏ လယ်ယာကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်သည်။ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာသည်နှင့်အမျှ ဆက်နွယ်လျက်ရှိသော အလုပ်အကိုင် အခွင့်အလမ်းများရရှိခံစားနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာမှုကြောင့် ကျန်းမာရေးနှင့် လူမှုရေးနယ်ပယ်များတွင် ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူပြုလာမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**





## သထုံ၌ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံတည်ဆောက်

**သထုံ မေ ၆**
မွန်ပြည်နယ် သထုံမြို့နယ် ကြာပန်းကျေးရွာရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ သထုံဓာတ်အားပေးစက်ရုံဝင်းအတွင်း ကမ္ဘာ့ဘဏ်ချေးငွေဒေါ်လာ သန်း ၁၄၀ ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုပမာဏ ၁၁၈ ဒသမ ၉ မဂ္ဂါဝပ်ရှိ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ တစ်ရုံ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အား မလုံလောက်မှုနဲ့ ပြတ်တောက်မှုတွေ ကြုံတွေ့နေရတယ်။ ဒါတွေကို အသက်သာဆုံးဖြစ်အောင်၊ လျော့နည်းသွားအောင် ဓာတ်အားပေးစက်ရုံ တည်ဆောက်ရခြင်းဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလလောက်ကတည်းက တည်ဆောက်မှုစတင်ခဲ့တာ အခုဆိုရင် ပြီးစီးတော့မှာဖြစ်ပြီး ဇွန်လလောက်မှာ စက်အရန်ပစ္စည်းတွေကို သယ်ယူတော့မှာဖြစ်ပါတယ်။ စီမံကိန်းတစ်ခုလုံးဆိုရင်တော့ ၂၀၁၈ နှစ်ဆန်းပိုင်းလောက်ပြီးဖို့ မျှော်မှန်းထားပါတယ်။ ဒီစီမံကိန်းကို ကမ္ဘာ့ဘဏ်ချေးငွေ ဒေါ်လာသန်း ၁၄၀ နဲ့တည်ဆောက်နေတာဖြစ်ပါတယ်" ဟု သထုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှ အင်ဂျင်နီယာမှူး ဦးကျော်သက်က ပြောသည်။

သထုံသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးအတွက် လေထုထဲသို့ ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏ၊ ဆူညံသံထုတ်လွှတ်မှု အဆင့်တို့ကို ကမ္ဘာ့ဘဏ်၏ စံချိန်စံညွှန်းများနှင့်ကိုက်ညီအောင် ဆောင်ရွက်ထားပြီး စက်ရုံမှထွက်သည့် ရေဆိုး၊ ရေညစ်များကို ရေသန့်စင်စက်ဖြင့် ပြန်လည်သန့်စင်ကာ ထွက်လာသည့် ရေသန့်များကို စက်ရုံအတွင်း ပြန်လည်အသုံးပြုသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

စက်ရုံတွင် ပြင်သစ်နိုင်ငံထုတ် ဓာတ်ငွေ့တာဘိုင်နှစ်လုံး၊ တရုတ်နိုင်ငံထုတ် ဘွိုင်လာနှစ်လုံးနှင့် ရေနွေးငွေ့တာဘိုင်တစ်လုံးတို့ကို တပ်ဆင်သွားမည်ဖြစ်ပြီး စုစုပေါင်း ဓာတ်အားထုတ်လုပ်နိုင်မှု ၁၁၈ ဒသမ ၉ မဂ္ဂါဝပ်ရှိကာ စက်ရုံမှထွက်သည့်ဓာတ်အားများကို ၂၃၀ ကေဗီနှင့် မဟာဓာတ်အားလိုင်းများသို့ ပေးပို့ထည့်သွင်းသွားမည်ဖြစ်ကြောင်း၊ စက်ရုံသစ်ပြီးစီးသွားပါက လက်ရှိလည်ပတ်လျက်ရှိသည့် သထုံသဘာဝဓာတ်ငွေ့သုံးစက်ရုံအား အရန်အဖြစ် ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## တစ်နှစ်အောက်ကလေးငယ်များအတွက် ဆေးရုံအခြေပြုကာကွယ်ဆေးထိုးဆေးခန်းများဖွင့်လှစ်ပေးမည်

**မန္တလေး မေ ၆**
မြန်မာနိုင်ငံတွင် တစ်နှစ်အောက်ကလေးငယ်များအတွက် ဆေးရုံအခြေပြုကာကွယ်ဆေးထိုးဆေးခန်းများကို မေလအတွင်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး လက်ရှိတွင် ဆေးရုံကြီးများရှိ သူနာပြုဆရာများအား သင်တန်းများ ပေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ဆေးခန်းများတွင် ကာကွယ်ဆေးထိုးလုပ်ငန်းများကို ပြည်သူလူထုက လက်လှမ်းမီသော အခွင့်အရေးပိုမိုရရှိစေရန်၊ ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပြီးသော ကလေးအရေအတွက်မြင့်မားစေရန်နှင့် ဆေးရုံများတွင် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေစေရန်ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲမှ အဖွဲ့ခေါင်းဆောင် ဒေါက်တာနှင်းနွယ်နီအေးက ပြောကြားသည်။

"ကာကွယ်ဆေးထိုးလုပ်ငန်းကို ၁၉၇၈ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ပေမယ့် အရင်က ဒေသန္တရကျန်းမာရေးဌာနတွေမှာပဲ ပြည်သူကို အခြေပြုပြီးထိုးပေးတဲ့အတွက် လာထိုးတဲ့သူတွေရှိသလို မအားလပ်လို့ လာမထိုးနိုင်တဲ့သူတွေလည်းရှိခဲ့တယ်။ အခုလို ဆေးရုံတွေမှာ ဆေးခန်းဖွင့်လှစ်ထိုးပေးတဲ့အတွက် ဖွင့်ရက်တွေမှာ အချိန်မရွေး လာထိုးနိုင်တဲ့ အခွင့်အရေးတွေရရှိသွားတာပေါ့" ဟု ၎င်းက ပြောသည်။

အဆိုပါ ကာကွယ်ဆေးထိုး၊ ဆေးခန်းများကို ခုတင် ၂၀၀ အထက် ဆေးရုံကြီးများတွင် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆေးရုံပေါင်း ၉၈ ရုံတွင် ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ဆေးရုံ ၁၁ ရုံတွင် ကာကွယ်ဆေးထိုးဆေးခန်းများ ဖွင့်လှစ်ပေးမည်ဖြစ်ရာ မန္တလေးမြို့၌ ခုတင် ၅၅၀ ဆံ့ကလေးဆေးရုံ၊ ခုတင် ၃၀၀ ဆံ့ကလေးဆေးရုံ၊ ခုတင် ၃၀၀ သင်ကြားရေးဆေးရုံနှင့် ဗဟိုအမျိုးသမီးဆေးရုံများတွင် ဖွင့်လှစ်ပေးမည်ဖြစ်ပြီး ပြင်ဦးလွင်၊ မိတ္ထီလာ၊ မိုးကုတ်၊ ရမည်းသင်း၊ ကျောက်ဆည်၊ ညောင်ဦးနှင့် မြင်းခြံမြို့တို့တွင်လည်း ဖွင့်လှစ်ပေးမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအထိ အဆိုပါဌာနမှ ကောက်ယူထားသည့် တစ်နှစ်အောက်ကလေးများ အရေအတွက်မှာ ၁၀၉၃၄၅ ဦးရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**






## တရားရုံးအသုံးပြုသူများဝန်ဆောင်မှုဆင့်ပွားသင်တန်းဖွင့်လှစ်

**မုံရွာ မေ ၆**
တရားရုံး အသုံးပြုသူများ ဝန်ဆောင်မှု ဆင့်ပွားသင်တန်းကို မေ ၆ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ မုံရွာခရိုင်တရားရုံး၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့် တက်ရောက် အမှာစကား ပြောကြားကာ အဆိုပါ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ မုံရွာခရိုင်တရားရုံးမှ ခရိုင်တရားသူကြီး၊ ဒုတိယခရိုင်တရားသူကြီးများနှင့် သင်တန်းတက်ရောက်ကြမည့် အရာထမ်း၊ အမှုထမ်း ၂၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးချမ်း (မုံရွာ)**

## မိဘများထံပြန်လည်အပ်နှံ

**မင်္ဂလာတောင်ညွန့် မေ ၆**
ရန်ကုန်ဘူတာကြီး အမှတ်(၁)စင်္ကြံ၌ မေ ၃ ရက် ည ၉ နာရီခန့်က ရထားစီးခရီးသည်များ နားနေသည့်ခုံတန်းလျားတွင် မဖြူဖြူသင်း အသက် (၁၄) နှစ်အား မသင်္ကာဖွယ်ရာ တွေ့ရသဖြင့် ရထားရဲတပ်ဖွဲ့ဝင်များက ခေါ်ယူစစ်ဆေးပြီး စခန်းမှူးရဲအုပ် ကြည်ဝင်းက မိဘများထံ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။ **(၁၁၈)**

## အရောင်းဝန်ထမ်းအလိုရှိသည်

နေပြည်တော် တွင် အသစ်ဖွင့်လှစ်မည့်
**နိုင်ငံတကာအဆင့်မီရွှေနန်းတော် စိန်ရွှေရတနာဆိုင်**
အရောင်းဝန်ထမ်းများ လျှောက်ထားနိုင်ပါသည်။

အရောင်းဂန်ထမ်း အမျိုးသမီး (၂၀) ဦး

- ➤ ဘွဲ့ရပြီးသူဦးစားပေးမည်။
- ➤ အနည်းဆုံး ပညာအရည်အချင်း (၁၀) တန်းအောင်ဖြစ်ရမည်။
- ➤ ကျောင်းကိစ္စကင်းရှင်းသူဖြစ်ရမည်။
- ➤ အသက် (၁၈ နှစ်မှ ၂၅) ရုပ်ရည်ချောမောပြေပြစ်သူဖြစ်ရမည်။
- ➤ အပြောအဆိုသွက်လက်ချက်ချာသူဖြစ်ရမည်။
- ➤ ရိုးသားမှုရှိရမည်။
- ➤ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- ➤ အချိန်ပိုဆင်းနိုင်သူဖြစ်ရမည်။

အလုပ်ခန့်ပြီးသည့် ဂန်ထမ်းများအား နေစရိတ်၊ စားစရိတ်ငြိမ်း ဖြင့် ရန်ကုန်တွင် Training (6) လ တက်ရောက်ရမည်။
နေပြည်တော် ၊ လယ်ဝေး၊ ပျဉ်းမနားမြို့တွင်း နှင့် အနီးတစ်ဝိုက်ဒေသရှိ သူများအား ဦးစားပေးမည်။
ခံစားခွင့်များ - အခြေခံလစာ + ကော်မရှင် + အချိန်ပိုကြေး
စိတ်ပါဂင်စား လျှောက်ထားလိုပါက အောက်ပါ အစီအစဉ်အတိုင်း Job Fair တွင် လာရောက်လျှောက်ထားနိုင်ပါသည်။
(မှတ်ချက် ။ ။ လူတွေ့စစ်ဆေးခြင်းပါ တစ်ခါတည်းဂင်ရပါမည်။)
ကျင်းပမည့်နေရာ - Meeting Room (မင်္ဂလာသီရိဟိုတယ် - နေပြည်တော်)
ကျင်းပမည့်ရက် - (၁၄.၅.၂၀၁၇)
ကျင်းပမည့် အချိန် - မနက် ၉ နာရီ မှ - ညနေ ၅ နာရီ
စုံစမ်းမေးမြန်းလိုပါက 01-656623 /09-401586557 သို့လည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဦးကျော်သူရ၊ ဒေါ်နွယ်နွယ်ရှိန် စီမံအုပ်ချုပ်သော

## ကံ့ကော်မြေ ပညာ့ရိပ်သာ

**၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀ တန်းခွဲများ**

**၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ။**




| | | |
|---|---|---|
| ၁။ | မြန်မာစာ | Dr မောင်မောင်ဦး |
| ၂။ | အင်္ဂလိပ်စာ | Dr ရွှေဦးမွန် |
| ၃။ | သင်္ချာ | ဆရာကြီး ဦးထက်အောင် |
| ၄။ | ဓာတုဗေဒ | ဆရာမဒေါ်ယဉ်ယဉ်အောင် |
| ၅။ | ရူပဗေဒ | Dr မောင်မောင်တင်၊ Dr နှင်းသီတာငြိမ်း |
| ၆။ | ဇီဝဗေဒ | Dr USA |

ပဉ္စမတန်းမှတက္ကသိုလ်ဝင်တန်းအထိ အဆောင်နေကျောင်းသူ လက်ခံပါသည်။
ပဉ္စမတန်း မှ သတ္တမတန်း ၂၅ သိန်း အဋ္ဌမတန်း ၂၉ သိန်း
နဝမတန်း ၃၀ သိန်း တက္ကသိုလ်ဝင်တန်း ၄၀ သိန်း
ခြံအမှတ်(၆၈)၊ အောင်သပြေလမ်း၊ ကျွန်းတောရပ်ကွက်(လယ်)၊စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ (အ.ထ.က(၂)စမ်းချောင်းအနီး)။ ဖုန်း-၀၉ ၇၃၂၀၉၃၂၂၊၀၉ ၅၁၉၅၆၄၅၊ ၀၁၅၀၁၀၁၇

### အမည်ပြောင်း

ဦးအောင်သက်ထွန်းဦး [၁၄/ ရကန(နိုင်)၀၉၇၂၃၈]၏ သမီး ဖြစ်သူ မဆုပြည့်ပြည့်ကြွယ်အား ယနေ့မှစ၍ မဆုပြည့်ပြည့်ဟု ခေါ်ဆိုပါရန်။ **မဆုပြည့်ပြည့်**

**ကြယ်စင်မိုး** စက်ချုပ်သင်တန်း
အခြေခံမဝတ်အင်္ကျီ
(၁၅)ရက်အတတ် - 45,000 ကျပ်
အခြေခံမဝတ်စကတ် - 45,000 ကျပ်
တိုက် (၈/B)၊ အခန်း (၄)အနော်ရထာ အိမ်ရာ၊ လှည်းတန်း။ 09-5037910

**Air-Con,** ရေခဲသေတ္တာ အဝတ်လျှော်စက်ကျွမ်းကျင် နှင့်အလုပ်သင်ဝန်ထမ်းများ အလိုရှိသည်။
09-5191361

**Queenswood**
**Beauty Spa**
ဆံပင်ညှပ်(ကျား/မ)သင်တန်း
တောက်၊ ညှပ်၊ ဖြောင့်၊ Colour ဆိုး Digital တောက်
စာတွေ့/လက်တွေ့သင်ကြားပေးသည်။
သင်တန်းကာလ - (၂)လ
သင်တန်းကြေး - (၁) သိန်း
အမှတ်(၁၃၅)ဦးချစ်မောင်လမ်းကွေ့လယ်၊ ရန်ကင်းစင်တာအနီးစေတန်းရုန်ကုန်။
Ph: 09 5177025



**ဆပ်ဆွယ်** (SUD SUAI)
ဆံပင်ဖယောင်းပေါင်းဆေး
ဖယောင်းပေါင်းဆေးနှင့်
အအေးပေါင်း၊စက်နှင့်ပေါင်း
ကြိုက်နှစ်သက်ရာဖြင့် ပေါင်းနိုင်ပါသည်။
ဆံပင်ထိုးထားတွှင်ဖြစ်စေ ... 
အမှတ် (၆၀)၊ အနော်ရထာလမ်းနှင့်ဗိုလ်အောင်ကျော်လမ်းထောင့်၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း -(၀၁) ၂၄၅၄၉၃၊၀၉-၅၀၇၂၄၄၅၊၀၉-၅၄၀၀၄၁၈၊၀၁-၃၇၃၄၉၈



# ကြော်ငြာ

**သီတဂူရွှေပြည်ဟိန်း စက္ကူဒါနဆေးရုံ မေလ ၂၀၊ ၂၁ (ဂု၉) ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

မေလ ၁၃ ရက်တွင် စတင်လက်ခံ၍ မေလ ၂၀၊ ၂၁ ရက်များတွင် ၇၉-ကြိမ်မြောက် ဦးရေ (၁၀၀၀၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်မှ မျက်စိအထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင် အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ကူဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာသာ၊ ရန်ကင်း။ (ကျိုက္ကဆံဘုရားပါဝင်၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉၊ ၀၉-၄၄၃၀၅၆၅၆၉
ရွှေဝိုင်းကမ္ဘောဇဘဏ် - အရှင်ဓမ္မဓာသီရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## မင်္ဂလာဆည့်ခံပွဲကျေးဇူးတင်လွှာ

ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၁)ရပ်ကွက်၊ (၁၀)လမ်းနေ (ဦးဖိုးထွား+ဒေါ်နှင်းဆီ)၊ ဦးကျော်ဒင်+ဒေါ်ခင်လှိုင်တို့၏ မြေး၊ ဦးအောင်မြင့်(အင်ဂျင်နီယာမှူးကြီး-ငြိမ်း၊ မြန်မာ့လျှပ်စစ်)+ဒေါ်မြစန်း (ဌာနခွဲစာရေးကြီး-ငြိမ်း၊ မြန်မာ့စိုက်ပျိုးရေး)တို့၏ သားကြီး၊ မောင်ကျော်ဇင်မိုး(B.E-E.P)၊ မသိမ့်စန္ဒာလှိုင်(B.E-E.P) တို့၏ အစ်ကို

**ဒေါက်တာ ကျော်ဇင်လတ် (M.B., B.S)**
**(လက်ထောက်ဆရာဝန်၊ လှိုင်ကော်ပြည်သူ့ဆေးရုံကြီး)**
**နှင့်**

လှိုင်ကော်မြို့၊ နောင်ယားကြ(က)ရပ်ကွက်၊ (၉)လမ်းနေ (ဦးထွန်းခင်+ဒေါ်စပ်ချစ်)၊ မင်္ဂလာရပ်ကွက်နေ (ဦးစောသိန်း+ဒေါ်တင်ရွှေ)တို့၏ မြေး၊ ဦးခင်မောင်ဖြူ(အင်ဂျင်နီယာမှူးကြီး၊ လမ်းဦးစီးဌာန-ငြိမ်း)၊ (ဝန်ကြီး-လမ်းပန်း/လျှပ်စစ်)+ဒေါ်ခင်အေးဝင်း (ဌာနခွဲစာရေးကြီး-ငြိမ်း၊ ပြည်နယ်တရားရုံး)တို့၏ သမီးကြီး၊ မောင်အေးမင်းခန့် (Grade-10, B.E.H.S-2)၏ အစ်မ

**ဒေါက်တာ ခင်ဇေယျာထွန်း (M.B., B.S)**
**(လက်ထောက်ဆရာဝန်၊ လှိုင်ကော်ပြည်သူ့ဆေးရုံကြီး)**

တို့သည် ၆-၅-၂၀၁၇ ရက်နေ့တွင် လှိုင်ကော်မြို့၌ ထိမ်းမြား မင်္ဂလာဆောင်နှင်းပြီးဖြစ်ပါကြောင်းနှင့် ကြွရောက်ချီးမြှင့်ပေးပါသော ပြည်နယ်အကြီးအကဲများ၊ ဆွေမျိုးမိတ်သင်္ဂဟများကိုလည်းကောင်း၊ အစစအရာရာ ကူညီဆောင်ရွက်ပေးကြသူများအားလုံးကို လည်းကောင်းလှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**Dr.ကျော်ဇင်လတ်+Dr.ခင်ဇေယျာထွန်း**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

PARADISO CINEMAS COMPANY LIMITED မှ ဒုတိယမြောက် ရုပ်ရှင်ရုံဖြစ်သော ''မုံရွာ အဆင့်မြင့်ရုပ်ရှင်ရုံ'' အား ၅-၅-၂၀၁၇ ရက်နေ့တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်း အတွက် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ရည်မှန်းချက်အတိုင်း ရုပ်ရှင်ရုံ (၁၀၀) ကို အောင်မြင်စွာစဉ်ဆက်မပြတ် ဆက်လက်ဖွင့်လှစ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Galaxy Monywa Co.ltd
Taikkyi Tharlay Construction Co.ltd
TZ Construction Co.ltd
Regal State Construction Co,ltd
Htet Moe Yan Construction Co,ltd
Zay Yar Nann Construction Co,ltd
Solar Palace Construction & Decoration Co,ltd




**"MBA နှင့် ဒြဲ့လမ်းညွှန်ဝင်ခွင့် အနီးကပ်အထူးသင်တန်း"**

၂၀၁၇ခုနှစ် မေလတွင် ဖြေဆိုရမည့် (MBA) ဝင်ခွင့် စာမေးပွဲနှင့် ဒြဲ့လမ်းညွှန် ဝင်ခွင့်စာမေးပွဲတို့အတွက် အနီးကပ်သင်တန်းအား ဆရာဦးညွန့်ဝေမိုး(အင်္ဂလိပ်စာ)နှင့် ဆရာကြီး ဦးဘိုသိန်း(စက်မှု)တို့မှ သင်ကြားပေးပါမည်။

အခြား Language & Professional သင်တန်းများ
KNOWLEDGE CENTER

အမှတ်(၆၈)၊ (၄)လွှာ၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း-၀၉-၇၈၅၁၆၉၇၅၇/၀၉-၇၈၅၃၉၆၅၆၅**

**လူပျောက်ကြော်ငြာ**

ကိုမျိုးမင်းအောင်(ခ)အောင် ချေ[၁၁/ရဗန (နိုင်)၀၄၃၇၅၆] အသက်(၃၈)နှစ်သည် ၂၉-၄-၂၀၁၇ ရက် နံနက်၀၀း၄၈နာရီခန့် တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း- ၀၉-၄၅၁၃၂၁၉၃၁၊
၀၉-၂၅၄၀၁၉၃၂၉၊
၀၉-၉၇ ၁၁၈၈၇၀၀၊
၀၉-၉၇၅၅၄၅၅၉၅ သို့ ဆက်သွယ်ပေးပါရန် လေးစားစွာ အကူအညီတောင်းအပ်ပါသည်။




သက် ရှိ လော က တည် မြဲ ဖို့ သ ဘာ ၀ တော တွေ ထိန်း သိမ်း စို့

လှိုင်သာယာမြို့ရှိ ဈေးဝယ်သူ မိဘပြည်သူများအတွက် နိုင်ငံတကာအဆင့်မီ Shopping Center

Ocean SUPERCENTER (လှိုင်သာယာဆိုင်ခွဲ)

NOW OPEN!

၂၀၁၇ ခုနှစ်
မေလ (၇) ရက်နေ့တွင်
ဖွင့်လှစ်ပါမည်။

7th May ~ 18th June, 2017
Ocean Supercenter အပါအဝင်
ဆိုင်ခန်းများအားလုံးမှ ငွေရှင်းဖြတ်ပိုင်းများကိုပေါင်း၍
ကျပ် သုံးသောင်းနှင့်အထက် ဝယ်ယူသူတိုင်း

အထူးဆု
ကျပ် (၁၀)သိန်းတန် ဈေးဝယ်ခွင့်ကတ်
အပါအဝင် အဖိုးတန် ဆုမဲပေါင်းများစွာ

စနေ၊ တနင်္ဂနွေနေ့တိုင်း
ပျော်ရွှင်ဖွယ်ရာ Fun Game အစီအစဉ်များ

စားသောက်ဆိုင်ခန်းများ
SEASONS Bakery & Café
LOTTERIA
YKKO Since 1988
SHWE LAR HOT POT
RICH CAFE'
TEA. COFFEE. NOODLES.

ခေတ်မှီဖက်ရှင်နှင့်အသုံးအဆောင်များ
NEXT GENERATION
BEST Style
iQ VISION Eye Care Center
ERKE
ADV
CHERRY OO WATCH GALLERY
JAPAN STORE

ကျန်းမာရေးနှင့်အလှအပ
78 Hair Design
CityCare

လက်ဝတ်ရတနာဆိုင်
VJM

အမှတ် (၂၄၆)၊ မင်းကြီးမဟာ မင်းခေါင်လမ်းနှင့် မဂ္ဂ ရာမင်းကြီး မောင်ပျိုလမ်း ထောင့်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ကြော်ငြာ


IGCSE Class @ Grace Education Services & Learning Center

Open in May

GRACE Education Services

**IGCSE**

> အတွေ့အကြုံရှိသောဝါရင့် Lectures များမှသင်ကြားပေးမည်၊ နောက်ထပ်ကျူရှင်ယူစရာမလိုပါ၊
> IGCSE ပြီးပါကနိုင်ငံတကာတက္ကသိုလ်၊ကောလိပ်များသို့ဝင်ခွင့်၊ ထောက်ပံ့ကြေး၊ ပညာသင်ဆုများရအောင်ဆောင်ရွက်ပေးပါမည်၊
> GES မှ နိုင်ငံပေါင်း(၁၄)နိုင်ငံနှင့်ကျောင်းပေါင်း (၁၀၀)ကျော်ချိတ်ဆက်ထားရှိသည်၊



- သင်တန်းကာလ – ၁၂ လ
- သင်တန်းချိန် – Mon-Fri :8:00 AM - 1:30 PM & Sat-Sun :8:00AM-4:30 PM
- ဘာသာရပ် – English, Additional Maths, Pure Maths, Phy, Che Elective ( optional ) - Human Bio, ICT, Accounting
- ဝင်ခွင့် – Grade10, Sec 4 (or) Grade 9, Sec 3 Passed
- English Placement test ဖြေဆိုရမည်၊
- Facilities: Small Class Size, Air-con class room, Hostel arrangement, Downtown area ( near Sule Pagoda )

> IELTS - Sat+Sun -3:00-4:30 pm > TOEFL- Sat + Sun - 4:30-6:00 pm

Ya Thar Condo
7A, 7th Fl,
Corner of 31 ST &
Bandoola Rd,
Pabedan Tsp
Yangon
09 51 40 802
0978 51 40 802



IGCSE [CIE/Edexcel]

*Chemistry, Biology, Human Biology*

Learning center: No.298/302,5th floor,
40th street [upper block], Kyauktada Township, Yangon
Ph: 09965166926, 09254008408, 095028512


**အမည်မှန်**

ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ်(၂/၈)နေ အဖ ဦးထွန်းအောင်၏သမီး မစန္ဒာ [၉/ပမန(နိုင်)၁၈၈၉၇၄]၏ အမည်မှန်မှာ မစန္ဒာအိကို ဖြစ်ပါကြောင်း။

**မစန္ဒာအိကို**


ရွှေလမ်းညွှန်

ဘားအံ၊ မြဝတီ၊ မဲဆောက်

58000 Ks

May 26

09-420087371, 09-252705136, 09-259302029



P.E.S.

English Speaking

ဖော်ရမည်၊ တတ်ရမည်၊ ကျွမ်းရမည်၊

0979 5155 324



GW 0973226006 0973133528 0973077569

အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။

09401505559


### ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်းသားဟောင်းများအသင်း စတုတ္ထအကြိမ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားစာ

ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်းသားဟောင်းများအသင်း၏ စတုတ္ထအကြိမ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသားများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်ရက် | - | ၂၁-၅-၂၀၁၇ရက် (တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | - | မွန်းလွဲ ၁၅း၀၀နာရီ |
| ကျင်းပမည့်နေရာ | - | ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်း၊ အင်းလျားကန်ရှိ ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်း အစည်းအဝေးခန်းမ |

**အမှုဆောင်အဖွဲ့**


ACE® PE WATER TANK

KOREA HI-TECH



* ရေညှိတက်ခြင်းနှင့် ဘက်တီးရီးယား ပိုးမွှားအန္တရာယ် လျော့နည်းအောင် စီမံထားပါသည်။ Silver Nano treated BACTECIDE®
* သောက်သုံးရေနှင့် အစားအသောက်ပစ္စည်းများ သိုလှောင်ရန် ၁၀၀% အထူး သင့်လျော်ပါသည်။ (အမေရိကန် FDA လက်မှတ်ရ ကိုရီးယားကုန်ကြမ်း)
* နှစ်(၁၀)အာမခံပါသည်။
* Chemical Tank အဖြစ်အသုံးပြုလိုပါက သီးခြားမှာယူနိုင်ပါသည်။

နည်းပညာအသစ်ကြောင့် ကျန်းမာရေးနှင့် ညီညွတ်သည် ခိုင်ခံ့သည်



anti-bacteria မပြုလုပ်မီပုံ anti-bacteria BACTECIDE® ပြုလုပ်ပြီးပုံ

HORIZONTAL TYPE (အလျားလိုက်)
70, 110, 170, 220, 250 GAL

VERTICAL TYPE (ဒေါင်လိုက်)
70, 110, 170, 220, 250, 400, 500, 600, 800, 1000, 1500, 2000 GAL

ရန်ကုန်မြို့တွင်း အရောက်ပို့ပေးပါသည်။

Ph: 01 684743, 09 73094221, 09 450048469

အမြို့မြို့အနယ်နယ်ရှိ ကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ရွှေဝါလမ်း၊ တိုက်အမှတ်(၅၅၇)၊ ပထမထပ်(ခြေရင်းခန်း)ဟုခေါ်တွင်သော(၁၅'×၅၀')အကျယ်အဝန်းရှိတိုက်ခန်းနှင့်ယင်းတိုက်ခန်းတွင် ဆက်စပ်တွယ်တာလျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဒေါ်ခင်မာကြိုင် (၁၂/တမန(နိုင်)၀၅၉၇၀၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| တရားလွှတ်တော်ရှေ့နေများ | | | အထက်တန်းရှေ့နေများ |
|---|---|---|---|
| ဦးသန်းညွန့်(စဉ်-၃၅၅၀) LL.B,C.P.T,C.J.T | ဦးအောင်နိုင်ဦး(စဉ်-၄၂၇၂) LL.B | ဦးမျိုးညွန့်(စဉ်-၅၁၄၂) LL.B,D.B.L | ဒေါ်လှိုင်ယဉ်မွန်(စဉ်-၄၀၆၄၈) LL.B |
| ဒေါက်တာဆွေဇင်ဘော် (စဉ်-၉၃၀၁) LL.B,LL.M,M.Res,Ph.D | ဒေါ်ခင်စန္ဒာဆက်ထွန်း(စဉ်-၁၀၄၂၉) LL.B,D.B.L,D.I.L | | ဒေါ်အေးသူဇာ(စဉ်-၃၀၂၆၄) LL.B,D.B.L,D.I.L |

အမှတ်(၁)၊ ပင်ရှွေညောင်လမ်း၊ (II.BC ကျောင်းအနီး)၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၀၁ – ၅၅၁၁၉၇၊ ၅၄၁၅၀၁၊ ၀၉ ၂၅၄ ၂၉၇ ၉၉၈၊ ၀၉ ၇၇၀ ၆၅၆၅၆
E.mail : saikhungnoung1995@gmail.com


BRAND'S®
Unlocking Greatness

ထက်မြက်ကျန်းမာဖို့ နေ့စဉ်သောက်ကြစို့




ဘရင်း ကျန်းမာသွက်လက် ဉာဏ်ထက်မြက်


SAMSUNG
Galaxy S8 | S8+
Unbox your Phone
Best Signal
Premium Care Service
No worry crack
from 12 May 2017 to 12 May 2018
MPT
လစဉ် ၅,၀၀၀ ကျပ်ငွေဖြည့်ပြီး အခမဲ့
အင်တာနက် လစဉ် 1.5 GB (၆) လ ရယူပါ။
စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်ရှိသည်။
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
7AM to 11PM


Sheer
Driving Pleasure
The all-new BMW 5 Series
THE ALL-NEW BMW 5 SERIES.
BUSINESS ATHLETE.
The all-new BMW 5 series is a modern business sedan with the beating heart of an athlete. It unites legendary BMW engineering with standout design and intelligent business assistance system. The new, lightweight chassis with near 50:50 weight distribution improves handling significantly and gives you the confidence to harness the irresistible 4-cylinder engine, an engine that can take you from 0 - 100 km/h in just 6.2 seconds. Release the power within in take sheer driving pleasure to the next level.
Visit Prestige Automobiles or call 01 230 6133 for a test drive today.
Yangon Service Hotline : 01 230 6144. Mandalay Service Hotline : 099 6868 7070
Gesture Control
BMW Display Key
Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar. Website: www.bmwmyanmar.com www.facebook.com/BMWPAC


mazda
SKYACTIV TECHNOLOGY ဖြင့် အကောင်းဆုံးထုတ်လုပ်ထားသော
MAZDA 6 နှင့် CX-5 ကားများကို
ရန်ကုန်လိုင်စင် ဖြင့် ပိုင်ဆိုင်နိုင်မည့်အခွင့်အရေး
CX-5
MAZDA 6
SKYACTIV-G2.0
SKYACTIV-DRIVE
SKYACTIV-BODY
SKYACTIV-CHASSIS
Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Yangon No.96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
Mandalay No.10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 09 456 1111 04, 09 456 1111 05
Made In JAPAN
3 YEARS Mazda WARRANTY



# မြစ်ကြီးနားခရိုင်၌ တဝမ်တံတားဆောက်လုပ်ပြီးစီး၍ ဒေသခံများ၏ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာ

**မြစ်ကြီးနား မေ ၆**

ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် မြစ်ကြီးနားခရိုင်အတွင်းတွင် တံတားတည်ဆောက်ရေးအဖွဲ့(၁) တံတားအထူးအဖွဲ့(၁)က တံတားကိုးစင်း တည်ဆောက်လျက်ရှိသည်။

အဆိုပါတံတားကိုးစင်းမှာ မြစ်ကြီးနားခရိုင်အတွင်းတွင် မြစ်ကြီးနား-နမ္မတီး-ပန်ဆောင်လမ်းတွင် တဝမ်တံတား၊ ရွှေဘို-မြစ်ကြီးနားလမ်းတွင် ဆားမော်တံတား၊ သိုက်ဝါးကုန်းတံတား၊ ပွင့်ဖြူတံတား၊ အင်းကုန်းတံတား၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

# တရုတ်နိုင်ငံမှဝယ်ယူထားသည့် ဒီဇယ်ရထားစက်ခေါင်းများ ရောက်ရှိ

**ရန်ကုန် မေ ၆**

မြန်မာ့မီးရထားအတွက် တောင်ပေါ်လမ်းနှင့် မြေပြန့်ရထားလမ်းပိုင်းများတွင်ပါ အသုံးပြုနိုင်သည့် ဒီဇယ်ရထားစက်ခေါင်းများ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တရုတ်နိုင်ငံ ဒါလီယန်ကုမ္ပဏီမှ ဝယ်ယူထားသော မြင်းကောင်ရေ ၂၀၀၀ အားရှိ ခေတ်မီ ဒီဇယ်လျှပ်စစ် စက်ခေါင်း ငါးခေါင်းမှာ ဒါဆောင်းသင်္ဘောဖြင့် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ မေ ၁ ရက်တွင် ရောက်ရှိလာခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် သင်္ဘောပေါ်မှ စတင်သယ်ချခဲ့ကြောင်း သိရသည်။

အဆိုပါ ကုမ္ပဏီမှ စက်ခေါင်း ၂၂ ခေါင်း မှာယူခဲ့ရာတွင် ပထမအကြိမ်အဖြစ် စက်ခေါင်း ခုနစ်ခေါင်း ရောက်ရှိခဲ့ပြီးဖြစ်ပြီး **စာမျက်နှာ ၃ ကော်လံ ၆ သို့ ✻**





# မြန်မာနိုင်ငံတွင် အကြီးဆုံးနှင့် ခေတ်အမီဆုံး လောင်စာဆီသိုလှောင်စခန်း ဖွင့်လှစ်

**ရန်ကုန် မေ ၆**

ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်သိုလှောင်ပို့ဆောင်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးကုမ္ပဏီ PUMA Energy နှင့် မြန်မာပြည်တွင်းကုမ္ပဏီ Asia Sun Energy(ASE)တို့ အကျိုးတူပူးပေါင်းဆောင်ရွက်သော PUMA Energy Asia Sun(PEAS)မှ အမေရိကန်ဒေါ်လာ ၉၂ သန်း ရင်းနှီးမြှုပ်နှံထားသော လောင်စာဆီသိုလှောင်စခန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသိုလှောင်စခန်းတည်ရှိရာ ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း မြေကွက်အမှတ်-၃ တွင် ကျင်းပသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ○**

# အိမ်ရှင်မြန်မာခြင်းလုံးအသင်း ရွှေတံဆိပ်ဆုရရှိ

**ရန်ကုန် မေ ၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၊ အာရှခြင်းလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ Hitachi Soe Electric &Machinery Co., Ltd ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇ အာရှဖိတ်ခေါ်ခြင်းလုံးပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ **စာမျက်နှာ ၉ ကော်လံ ၅ သို့ ✪**




ရွှေတံဆိပ်ရရှိခဲ့သည့် မြန်မာ(က) အသင်း ယှဉ်ပြိုင်နေစဉ်။




# ရှမ်းယူနိုက်တက်နှင့် Southern အသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် မေ ၆**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်(၁၂) ပထမနေ့ကို ယနေ့ညနေပိုင်းက စတင်ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းနှင့် Southern အသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

**(တောင်ကြီးကွင်း)**

| | | |
|---|---|---|
| ရှမ်းယူနိုက်တက် | - | နှစ်ဂိုး |
| ဇွဲကပင် | - | ဂိုးမရှိ |

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❑**

ဂုဏ်ထူး မြန်မာစာ ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့် ပညာရေး ဘော်ဒါ
"တက္ကသိုလ်ဝင်တန်းတွင် တစ်နိုင်ငံလုံးမြန်မာစာ ပထမဆုရှင် တပည့်များနှင့် တစ်နိုင်ငံလုံး ဘာသာစုံ ရမှတ်အများဆုံး စာရင်းဝင် တပည့်ရင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းခဲ့သည်။" (စတုတ္ထတန်းမှ တက္ကသိုလ်ဝင်တန်းအထိ)

မေ(၅)ရက် တန်းခွဲများ ဖွင့်ပြီ
ဌှန် တန်းခွဲသစ် စာရင်းလက်ခံပြီ
ဝိုင်းအပ်နှံရန်...
● ဂုဏ်ထူးမြန်မာစာ နည်းပြနှင့် ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဘော်ဒါ ၁၈၈(၃)ထပ်၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ ရန်ကုန်မြို့။ ဖုန်း ၀၁ ၃၇၂၂၃၇၊ ၀၉ ၅၀ ၁၂၆၁၁၊ ၀၉၇၆၈၃၁၀၁၂
● ခြံအမှတ် ၂၀(A)+၂၀(B)၊ ဝေဇယန္တာလမ်းမကြီး၊ ဗွစ္စိုတ်အိမ်ရာ၊ (ORANGE SUPER MART ညာဖက်) သင်္ဃန်းကျွန်းမြို့နယ်။ ဖုန်း ၀၉ ၅၀ ၂၄၀၄၁၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉၄ ၂၀၃၀၇၂၇
အထွေထွေအုပ်ချုပ်ရေးမှူး ဆရာမကြီး ဒေါ်ကြည်ကြည်တင် M.Sc(Final)

# မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

မေ ၇၊ ၂၀၁၇ (တနင်္ဂနွေနေ့)


**ဝတ္ထုတို**

# ကုန်းမြေပေါ်မှာပွင့်သော ဗေဒါများ

မြင့်ငွေ
စစ်ကိုင်းပညာရေးကောလိပ်



မနက်ခင်းတစ်ခုတွင် တောသွားလမ်းလေးအတိုင်း လမ်းလျှောက်ထွက်လာခဲ့သည်။ ရွာသို့ အလည်ပြန်ရောက်ခိုက် တော၏အငွေ့အသက်များကို ခံစားချင်၍လည်း ပါပါသည်။ သကြၤန်တွင်းက ရွာခဲ့သည့်မိုးကြောင့် အပင်များသည် ပို၍စိမ်းလန်းနေကြသည်။ လမ်းတစ်လျှောက်တွင် တမာပန်းတို့က မွှေးအီအီရနံ့ဖြင့် နှုတ်ဆက်ကြသည်။

ယာကန်သင်းပေါ်က တောစံပယ်ပန်းလေးများကလည်း သင်းပျံ့ပျံ့ရနံ့များကို ကျွန်တော့်ဆီအရောက်ပို့လွှတ်ပေးကြသည်။ ခင်ပုပ်ပန်းလေးကတော့ မိုးနှံ့ချုံအတွင်းကနေချောင်းကြည့်နေရှာလေရဲ့။ ထိုထိုသောတောပန်းလေးများကို လူတို့က တန်ဖိုးထားမှု၊ မြတ်နိုးမှုနည်းကြပါသည်။ သို့ပေမယ့် နွေနေအပူကြားထဲကပင် လောကကို အလှဆင်နေကြသည်။ လူမမြင်၊ လူမသိ၊ လူမကြည့်ပေမယ့် သူတို့ရနံ့မွှေးပျံ့စေမည်ဟု ခံယူထားကြပုံရနေပါသည်။

ဆရာကြီးဟုခေါ်သံကြားလိုက်၍ ဘေးဘီဝဲ၊ ယာလှည့်ကြည့်မိသည်။ တစ်ဦးတစ်ယောက်မျှ မတွေ့မိ။ စိတ်အမှတ်မှားသည်ထင်မိခိုက် ဆရာကြီးအလည်ပြန်လာတာလားဟု ထပ်၍ကြားလိုက်ရပြန်သည်။ သည်တစ်ကြိမ်တွင်မတော့ အသံလာရာကို သတိထားမိလိုက်သည်။ အသံလာရာ အပေါ်သို့ မော့ကြည့်လိုက်ရာ မန်ကျည်းရွက်ခူးနေသော တပည့်ဟောင်းနှစ်ဦးဖြစ်နေသည်။ သူတို့သည် ရှစ်တန်းကို ပူပူနွေးနွေး အောင်ပြီးကာစကလေးများဖြစ်သည်။ သူတို့နှင့်စကား အနည်းငယ်ပြောဆို နှုတ်ဆက်ကာ လမ်းဆက်လျှောက်ခဲ့ပါသည်။ ကျွန်တော်နှင့်အတူ ကျွန်တော့်အတွေးထဲတွင် သူတို့လိုက်ပါလာခဲ့ကြပါသည်။

သူတို့သည် လက်လုပ်လက်စား မိသားစုမှဖြစ်ကြသည်။ ဆင်းရဲသည်တော့မဟုတ်။ လူတန်းစေ့နေနိုင်စားနိုင်သောက်နိုင်ကြပါသည်။ ယခုလိုနွေရာသီကျောင်းပိတ်ရက်တွင်မဆိုထားနှင့် သာမန် စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များမှာပင် အအားမနေကြ။ ရရာအလုပ်တစ်ခုခုရှာ၍ လုပ်ကြသည်။ ပေါင်းနုတ်၊ ပဲကောက်၊ ပဲရိတ်အငှားလိုက်ကြသည်။ မိသားစုဝင်ငွေကိုတစ်ဖက်တစ်လမ်းမှ တတ်နိုင်သမျှရှာဖွေပေးကြသည်။ ဟိုးတစ်ချိန်ကဆိုလျှင် ကျွန်တော်တို့လို တောရွာများတွင်ကြီးပြင်းခဲ့ကြရသောသူများသည် မိဘလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ရင်းကျောင်းတက်ခဲ့ကြပါသည်။

နွားစာရိတ်၊ နွားကျွေး၊ ပေါင်းကောက်လုပ်ခဲ့ကြရသည်။ ယခုခေတ်တွင် ဤသို့မဟုတ်တော့ပေ။ ကိုးတန်း၊ ဆယ်တန်းရောက်သည်နှင့် မြို့သို့ပို့လိုက်ကြသည်။ ယခုလည်း သူတို့နှင့်အတူရှစ်တန်းအောင်ကြသော ကလေးများသည် မြို့ပေါ်ရှိဘော်ဒါကျောင်းများတွင် ရောက်နေကြပေပြီ။ ပညာသင်ယူနေကြလေပြီ။ မိဘဖြစ်သူတို့၏ ဆန္ဒအရလည်းပါပါသည်။ ကိုယ့်သားသမီးကိုပို၍တော်ပို၍တတ်စေချင်ကြသည်မှာ မိဘတိုင်း၏စေတနာဖြစ်ပါသည်။

ဤသို့ဆိုလျှင် သူတို့နှစ်ဦး၏မိဘများကရော။ အတူတူပင်။ သူတို့ကိုဘော်ဒါကျောင်းတွင် ထားပေးမည်ဟုပြောကြောင်းသိရပါသည်။ သို့သော် သူတို့ကလက်မခံခဲ့။ အစိုးရကျောင်းများတွင်သာနေ၍ ကြိုးစားမည်ဟု ပြောကြသည်။ ဘော်ဒါကြေး ၁၀ သိန်း၊ ၁၅ သိန်းကုန်ကျမည်ဆိုသည်ကြောင့်လည်း ဖြစ်နိုင်ပါသည်။ တစ်ဦးနှင့်တစ်ဦး အယူအဆ၊ အတွေးအမြင် မတူညီကြသည်မှာ သဘာဝပင်ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ၎င်းတို့သည်လည်းဘဝသင်ခန်းစာများကိုသင်ယူနေကြခြင်းပင်ဖြစ်ပေသည်။ ကိုယ်တိုင်အလုပ်လုပ်နေရသဖြင့် ငွေရှာရသည်မှာ မလွယ်ကူကြောင်းသိနိုင်လာသည်။ သို့ဖြင့် အလဟဿ ငွေကုန်မည့်ကိစ္စများကို ပြုလုပ်ချင်စိတ်နည်းလာနိုင်သည်။ လူမှုဆက်ဆံရေးကောင်းမွန်လာနိုင်သည်။ အလုပ်ရှင်နှင့်ဆက်ဆံရေးနှင့် လုပ်ဖော်ကိုင်ဖက် အချင်းချင်းဆက်ဆံရေးတွင် လိုက်လျောညီထွေ ပြုမူနေထိုင်တတ်လာနိုင်သည်။ မိမိကိုယ်မိမိယုံကြည်မှုရှိလာခြင်း၊ ကိုယ်တိုင်ဆုံးဖြတ်တတ်ခြင်း၊ သူတစ်ပါးကိုအားကိုးချင်စိတ် လျော့နည်းလာခြင်းတို့လည်း ဖြစ်ပေါ်လာနိုင်ပါသည်။ ဘဝကိုရင်ဆိုင်ရဲသော တစ်နည်းအားဖြင့် လောကဓံကို ကြံ့ကြံ့ခံဖြေရှင်းနိုင်သော စွမ်းအင်သတ္တိများ ရရှိလာနိုင်ပါသည်။

အမေသုံးခဲ့သော စကားလုံးတစ်လုံးရှိပါသည်။ လက်ကြောမတင်းဘူးဆိုသည့်စကားလုံးဖြစ်သည်။ အဓိပ္ပာယ်မှာငယ်စဉ်အရွယ်မှစ၍ အရွယ်ရောက်သည့်တိုင် ဘာမျှမလုပ်ရ၊ မကိုင်ရ၊ ဘာမျှပါဝင်လုပ်ဆောင်ရခြင်း မရှိဖူးသူသည် ဘာလုပ်လုပ်မလုပ်တတ် မကိုင်တတ်၊ ထို့ပြင် မလုပ်ချင် မကိုင်ချင်ဖြစ်နေခြင်းကို ဆိုလိုပါသည်။ စာပေချည်းသက်သက်သင်ယူနေရုံဖြင့် ဘဝအတွက် အဆင်မပြေနိုင်ပါ။ ထို့ကြောင့် မိဘတို့သည် သားသမီးများကို နေ့စဉ်လုပ်ငန်းတာဝန်များ ပေးထားသင့်သည်။ မနိုင်ဝန်တော့ မဖြစ်သင့်ပေ။ သို့မှသာလက်ကြောတင်းသော တစ်နည်းအားဖြင့် လုပ်ချင်ကိုင်ချင်စိတ်ရှိသော အဖိုးတန်များဖြစ်လာပေလိမ့်မည်။

ဟိုတွေးသည်တွေးဖြင့် လမ်းလျှောက်လာခဲ့သည်မှာ ရွာနှင့်အတော်လှမ်းခဲ့ပေပြီ။ အပူရှိန်ကလည်း တဖြည်းဖြည်းမြင့်လာ၏။ ရွာဆီသို့ခြေဦးပြန်လှည့်ခဲ့သည်။ လေပူတစ်ချက်ဝှေ့၍ တိုက်သွားသည်။ အပြန်လမ်းတစ်လျှောက်ချုံပင်နွယ်ပင်တို့သည် ဘယ်၊ ညာယိမ်းကာ နှုတ်ဆက်နေကြသည်။ ထနောင်းပင်တို့ကလည်း အစိမ်းရောင်ဝတ်ရုံအသစ်ဖြင့် အပူကိုအန်တုရဲ့ နွေအလှကို သရုပ်ဖော်နေကြသည်။ ရွာထဲအရောက်တွင် “မန်ကျည်းရွက်ဝယ်ကြဦးမလား တစ်ပုံ ၁၀၀” ဟု ဈေးအော်ရောင်းသံကြားလိုက်ရသည်။ ကြည့်လိုက်တော့ သူတို့ပင်။ နေပူပူတွင် သူတို့တစ်ကိုယ်လုံးချွေးတို့ဖြင့် ရွှဲရွှဲစိုနေကြသည်။ တစ်ယောက်က နဖူးမှစီးကျလာသောချွေးကို လက်ဖနောင့်ဖြင့် သုတ်လိုက်သည်။ ထိုချွေးတို့သည် သူတို့တစ်ကိုယ်လုံးကို အေးစေကာ အပူဒဏ်ကို အကာအကွယ်ပေးနေပေတော့သည်။

## တောဓလေ့

ယခင်ချိန်ခါ၊ ကျေးတောရွာဝယ်
အညာဓလေ့၊ ဘာသာငွေ့နှင့်
ပျော်မွေ့စွာပင်၊ ရွာပျိုခင်တို့
သံစဉ်တေးသွား၊ နားဆင်ကြားရင်း
ရစ်များကိုဆင်၊ တလင်းပြင်ဝယ်
ဗိုင်းငင်လေရှာ ဓလေ့ရှာ။
လမင်းဝါဝါ၊ ထိန်ထိန်ဖြာသည့်
လသာညတိုင်း၊ စုဖွဲ့ဝိုင်း၍
ရှုတိုင်းယဉ်ပေ၊ ခင်ပျိုတွေနား
ပလွေတေးသွား၊ သံစဉ်များဖြင့်
ရွာသားတစ်သိုက်၊ တောစရိုက်နှင့်
စိတ်လိုက်မာန်ပါ ပျော်ဖြေရှာ။
ကျေးလက်ဒေသ၊ သဘာဝကို
လှပဖြိုးဖွေး၊ လုံမလေးများ
ဆိုတေးသံစဉ်၊ သောတဆင်လျက်
ဘဝင်နှလုံး၊ ရွှင်ကြည်ပြုံးကာ
စုရုံးညီညာ၊ ဓလေ့ရွာဝယ်
ပျော်စွာရက်ကန်း ခတ်ကြတယ်။
ပျိုစင်နသွေး၊ လုံမလေးတို့
ဘိုးဘေးဘီဘင်၊ ဟိုယခင်လို
ပျော်ရွှင်မွေ့မွေ့၊ ရွာဓလေ့နဲ့
ချည်သေ့ချည်ငင်၊ ကွက်ဆန်းထွင်ကာ
အမြင်ဆန်းဆန်း၊ လက်ရက်ကန်းကို
ညချမ်းချိန်ခါ ရက်ကြရှာ။ ။

**ဇော်လင်း(မြို့သာ)**

## သဟဇာတ

ကျင်လည်ရာ လူ့ဘဝမှာဖြင့်
အမှုကိစ္စ စုံစုံလင်။
ဝန်းကျင်နယ် လိုက်လျောညီပေမှ
သောကဖယ်စင်။
စကားကျွံ နုတ်မရပြီမို့
ထုတ်ဟသည့် နှုတ်ကိုပြင်
ဉာဏ်ဆင်ခြင် သတိဖုံး။
စဉ်းစားကာရယ်...
ငြင်းပွားမယ် မကြိုလိုက်ပါနဲ့
နှုတ်တိုက်ပွဲ ရန်တွေဆောင်တာက
စိတ်အမှောင် အညစ်ကြေးပေမို့
ဖြေတွေးလို့ရှုန်း။ ။

**လင်းဝင့်မြူ(ပြင်ဦးလွင်)**

## မျိုးဆက်သစ်ရင်ပြင် လူငယ်စာပေလက်ရာရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် “မျိုးဆက်သစ်ရင်ပြင်” အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။ ထိုသို့ရေးသားပေးပို့ရာတွင် စာမူများကို ခေတ်သစ်ရေးဟန်ဖြင့်ရေးသားနိုင်သော်လည်း ရေးသားသူ၏ ရည်ရွယ်ချက်၊ စေတနာ၊ တင်ပြပုံ၊ အကြောင်းအရာတို့ကို စကားပြေဖြင့်ဖြစ်စေ၊ စကားပြောဖြင့်ဖြစ်စေ (စကားပြေနှင့် စကားပြော မရောစေဘဲ) လိုရင်းတိုရှင်းရေးသားပေးပို့နိုင်ပါသည်။ လူငယ်လူရွယ်များ စိတ်ဝင်တစားရေးသားပေးပို့ကြသည့်အတွက် ကြေးမုံကကျေးဇူးအထူးတင်ရှိပါသည်။

ပေးပို့သောစာမူများမှာ များပြားသဖြင့် အဆိုပါလေးချက်နှင့်ကိုက်ညီပြီး ဆီလျော်အောင်ရေးသားသောစာမူများကို ဖော်ပြပေးသွားမည်ဖြစ်ပြီး ပေးပို့သော စာမူအားလုံးအတွက် အကြောင်းပြန်ကြားမပေးနိုင်သေးခြင်း၊ မဖော်ပြပေးနိုင်သေးခြင်းတို့ကို နားလည်ခွင့်လွှတ်စေချင်ပါသည်။

စာမူပေးပို့ရာတွင် အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကျောင်း၊ မိမိ၏ နှစ်သက်ရာဓာတ်ပုံတစ်ပုံ၊ စာမူကို ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားသော သတင်းစာတိုက်၊ မဂ္ဂဇင်းတိုက်များသို့ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြု ဖော်ပြပါရှိရမည်ဖြစ်သည်။

**အထူးပန်ကြားလိုသည်မှာ စာမူများကို**

**mirrormyosathit@gmail.com**

**သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။** ဖော်ပြပါရှိသည့် စာမူခများကို အမှတ် (၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။ **(စာတည်းအဖွဲ့)**

ဆောင်းပါး

# ကလေးငယ်များ လမ်းမမှားစေချင်

## နှင်းနွယ်(ကလေး)

ယနေ့ ခေတ်ကာလတွင် ကုသရန် ခက်ခဲသော ရောဂါဆိုးများ ပိုမိုများပြားလာသလို လူတို့၏ စိတ်ခါတ်များတွင်လည်း အချောင်နေ၊ အချောင်စား၊ အချောင်ရယူချင်သော အချောင်စိတ်ခါတ်များသည် ကူးဆက်ရောဂါ သဖွယ် ပျံ့နှံ့အမြစ်တွယ်လာကြသည်။ လောဘ၊ ဒေါသများကို ဆင်ခြင် ထိန်းချုပ်နိုင်သည့် ဉာဏ်ပညာ၊ အသိတရားများလည်း ခေါင်းပါးလာနေကြ၏။ ခေတ်ပေါ်ပစ္စည်း အသစ်အဆန်းများ၏ မြူဆွယ် ဖြားယောင်းမှုများကြောင့် ထိုပစ္စည်းတို့ကို ပိုင်ဆိုင်လိုသည့် လောဘဇောနှင့် အမှောင်တောကို ဖြတ်သန်းသွားလာဖို့ ဝန်မလေးကြတော့ပေ။ လိုအပ်ချက်မျိုးစုံ၊ အခက်အခဲမျိုးစုံကို အဓိကဖြေရှင်းပေးနိုင်သည့် ငွေကြေး ရရှိရေးအတွက် ကာယ၊ ဉာဏအားကို အသုံးပြု ငွေရှာဖို့ထက် လူ့တန်ဖိုးဖြစ်သည့် ကိုယ်ကျင့်တရားကို လွယ်လွယ်ရောင်းစားဖို့သာ အားသန်နေကြသည်။ လူအားလုံး ထိုစိတ်ချည်း မရှိကြ။ ကိုယ်ကျင့်တရားကို တန်ဖိုးထားပြီး ရိုးသားကြိုးစားသူတွေလည်း အများကြီးပါ။ သို့သော် တိုးတက်လာသည့် ခေတ်၏ ဘေးထွက်ဆိုးကျိုးအဖြစ် ကိုယ်ကျင့်တရားပျက်လာသူတွေ ဘယ်သူသေသေ ငတေမာလျှင်ပြီးရော ဆိုသူတွေ ပိုမိုများပြားလာတာတော့ သေချာလှသည်။

ထိုပတ်ဝန်းကျင်တွင် မွေးဖွားလာကြသည့် မျိုးဆက်သစ် ကလေးတွေမှာ ကိုယ်ချင်းစာတရား ခေါင်းပါးပြီး စာနာကရုဏာထားတတ်သည့်စိတ်တွေ ချို့ယွင်းလာနေသည်။ မိဘများကလည်း ရှန်းကန်ရ ခက်ခဲလွန်းသည့် ခေတ်ထဲတွင် သားသမီး၏ စိတ်ခါတ်တွေ မြင့်မြတ်ဖွံ့ဖြိုးလာအောင် သွန်သင်ဆုံးမဖို့ အချိန်မရတော့ပေ။ ဆရာ ဆရာမများကလည်း ကြုံကြိုက်တိုင်း ပြောဆိုဆုံးမကြသော်လည်း ပတ်ဝန်းကျင်မှ စရိုက်ဆိုးများကို တွေ့မြင်ရတာ ပိုများတော့ အဆိုးအကောင်း နားမလည်ဘဲ အတုယူနေကြသည်ထင်ရဲ့။

တစ်ရက် ကျွန်မ သူငယ်ချင်းတစ်ယောက်နှင့် ရုပ်ရှင်သွားကြည့်ကြသည်။ ကျွန်မတို့ ရှေ့ခုံမှာက (၁၀)နှစ်ဝန်းကျင် ကလေးနှစ်ယောက်။ သူတို့ဘေးမှာ ခုံလွတ်နှစ်ခုံပိုနေရဲ့။ ကျွန်မရဲ့ ဘေးနားမှာက ကလေးတစ်ယောက်ကို ပေါင်ပေါ်တင်ပြီး ရုပ်ရှင်ကြည့်နေသည့် ကလေးအမေ။ ကလေးက တော်တော်လေးကြီးနေပြီမို့ အမေဖြစ်သူမှာ ညောင်းရှာလိမ့်မည်။ ရုပ်ရှင်လက်မှတ် နှစ်ခုံစာမဝယ်နိုင်၍ ဖြစ်မည်ထင်၏။ ကျွန်မကလည်း ကိုယ့်ဘာသာ မနေတတ်။ ရုပ်ရှင်ဇာတ်ကား တစ်ဝက်ကျိုးနေပြီမို့ ရှေ့ခုံလွတ်မှာ ကြည့်သူလာတော့မည် မထင်။ ထို့ကြောင့် ကျွန်မက ရှေ့က ကလေးတွေကို "ဘေးခုံက လူမလာတော့ရင် ဒီအန်တီရဲ့ ကလေးကို ထိုင်ခိုင်းလိုက်ပါ။ အန်တီ သက်သက်သာသာ ထိုင်လို့ရတာပေါ့"လို့ ပြောလိုက်၏။ ကလေးတစ်ယောက်က "လက်မှတ်ဖိုး တစ်ဝက်ပေးရင်ထိုင်ခိုင်းမယ်"တဲ့။ ရုတ်တရက်ဆိုသလို လွတ်နေတဲ့ ခုံကို သူ့ခြေထောက်တစ်ဖက်ကို ခွတင်လိုက်၏။ ကျွန်မ ဒေါသဖြစ်မိသည်။ ကလေးဖြစ်ပြီး ညစ်ပုပ်သည့် စိတ်ကို မကြိုက်။ သူတို့ ပိုက်ဆံပေးဝယ်ထားသည့် ခုံဆိုသော်လည်း လူမလာတော့မယ့် အတူတူ အားနေသည့် ခုံကို တခြားလူ ထိုင်ခိုင်းလိုက်ဖို့ကို မလိုလား။ လက်မှတ်ခတစ်ဝက်ပဲရရ အကြံအဖန်ရှာ တတ်သည့် ဦးနှောက်ကို ချီးကျူးရမည်လား မပြောတတ်။ ထိုကလေးမျိုး လူကြီးဖြစ်လာလျှင် ကြောက်ဖို့ ကောင်းလိမ့်မည်။

ကျွန်မအိမ်သို့ ရပ်ကွက်ထဲမှ ဆယ်တန်းဖြေထားသည့် မီးမီး ဆိုသည့် ကောင်မလေးနှင့် (၆) တန်းကျောင်းသား ကိုဖြိုးတို့ နှစ်ယောက် အလည်လာကြသည်။ စပ်မိစပ်ရာ စကားပြောကြရင်း မီးမီးက ကျွန်မကို မကြီးက အင်တာနက် သုံးလားတဲ့။ ကျွန်မက Facebook တော့ သုံးပါတယ်။ ခုတလော ဖုန်းဘေမရှိလို့ မသုံးမိဘူးလို့ပြောလိုက်သည်။

"မကြီးကလည်း ဖုန်းဘေ မကုန်အောင် မသုံးတတ်ဘူးလား။ ကိုယ့်ပိုက်ဆံ မကုန်အောင် ဖုန်းဘေ စပွန်ဆာ ရှာလိုက်ပြီးရော"တဲ့။ ကိုဖြိုး အပြောကို ကျွန်မ ရုတ်တရက် နားမလည်။ အနုပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများတွင် အကျိုးအမြတ် တစ်စုံတစ်ရာကြောင့် နောက်ကွယ်က ရင်းနှီးစိုက်ထုတ်ပေးထားတာကို စပွန်ဆာပေးသည်ဟု ကျွန်မ သိထားသည်။ ကိုယ့်သုံးသည့် ဖုန်းဘေကို ဘယ်သူက စပွန်ဆာပေးမှာလဲ၊ ဘာကြောင့်ပေးကြတာလဲ ကျွန်မ မသိ။ "ဟုတ်တယ် မကြီးရဲ့။ သမီးဆို ဘယ်တော့မှ ကိုယ့်ပိုက်ဆံနဲ့ ဖုန်းဘေ မထည့်ဘူး။ သမီးနဲ့ Chating ပြောတဲ့ ကောင်လေးတွေကို ဖုန်းဘေမရှိဘူးလို့ ပြောလိုက်ရင် ဖုန်းဘေ ထည့်ပေးကြတယ်။ သမီးက ဖုန်းဘေကို အဲဒီလိုပြောပြီး ထည့်ခိုင်းတာပဲ"။ မီးမီးပြောလိုက်မှ ကျွန်မ အဖြေပေါ်တော့သည်။ ဩော်. . ဒီလိုလည်း လုပ်လို့ရတယ်၊ လုပ်လည်း လုပ်နေကြတယ်ပေါ့လို့ အံ့ဩမိရဲ့။

လူ့လောကကြီးအကြောင်း ဘာမှ မသိသေးသည့် ပညာတစ်ပိုင်းတစ်စနှင့် ကလေးတွေက မဟုတ်သည့်ဘက်တွင် တော်နေ၊ တတ်နေကြသည်မှာ စိတ်ပျက်ဖို့ကောင်းသည်။ ဒီလောကမှာ အလကားရတာ ဘာမှမရှိဘူး။ တန်ရာ တန်ကြေး ပြန်ပေးရတတ်တယ်ဆိုတာ သူတို့ နားမလည်ကြသေး။ ကျွန်မလည်း သူတို့ အရွယ်တုန်းကလည်း မသိပါဘူး။ ဘာဆို ဘာမှ မသိ နားမလည်တဲ့ ကလေးပီသစွာ ကြီးပြင်းလာသည်။ ကလေးချင်း အတူကစား၊ အတူကျောင်းတက်ကြရင်း ဖြူစင်စွာ ရိုးအခဲ့ကြ၏။ မောင်မောင်ဆိုသည့် ကလေးက တစ်မျိုး။ တခြားကလေးတွေ ဖုန်းကိုင်လာကြတော့ ချို့တဲ့သည့် မိဘကို ပူဆာပြီး ဝယ်ခိုင်း။ မိဘက ဖြစ်အောင်ဝယ်ပေးပြန်တော့ နောက်ဆက်တွဲ ပြဿနာကရှိလာပြန်ရဲ့။ မောင်မောင်သည် သူ့အိမ်လာသည့် ကြက်ကို ထောင်ဖမ်းနေတာမို့ ကျွန်မက ဘာလို့ သူများကြက်တွေကို ဖမ်းနေတာလဲ မေးမိသည်။ "ဖုန်းပျက်လို့ ဖုန်းပြင်ဆိုင်ပို့ထားတာ သုံးထောင်နဲ့ ရွေးရမှာ၊ ပိုက်ဆံလိုလို့ သူများကြက်ဖမ်းပြီး ပိုက်ဆံရအောင် ရောင်းမလို့"ဆိုပဲ။ သူများပိုင်တဲ့ ကြက်ကို ကိုယ့်ခြံထဲလာသော်လည်း ဖမ်းရောင်းရင် သူခိုးပဲလို့ မောင်မောင်နားလည်ဟန် မတူ။ လိုသည့်ငွေကို ရအောင်ရှာဖို့တော့ တတ်နေပြီ။

ထိုသို့ လမ်းမှားရောက်နေသည့် ကလေးတွေ များသည်ထက် များလာနေသည်။ တွေ့နေရသည်။ ကလေးတိုင်း မဟုတ်ပါ။ ပင်ကို ဗီဇကောင်းသည့်ကလေး၊ မိဘဆိုဆုံးမတာကို နားထောင်သည့် ကလေးလိမ္မာများလည်း အများအပြားပင်။ အဖြူထည် ကလေးတွေ အရောင်မစွန်းကြစေရန် ကလေးတွေအတွက် မလိုအပ်သေးသည့် ပစ္စည်းတွေကို မိဘများအနေဖြင့် အလိုလိုက်၍ မဝယ်ပေးသင့်ဟု ထင်သည်။ ကျောင်းစာကို စိတ်ဝင်စားမှု လျော့နည်းသွားနိုင်သည်။ သင့်တော်သည့် အချိန်မှ သင့်တော်သည့် ပစ္စည်းကို သုံးရမည်ဟု မိဘ၊ ဆရာများက ကလေးတွေ နားလည်အောင် ပြောပြနိုင်ရမည်။ ဖယောင်းလို ပျော့ပျောင်းနူးညံ့သည့် ကလေးစိတ်သည် မဟုတ်သည့်ဘက်တွင် ယိမ်းယိုင်သွားလျှင် စိုးရိမ်စရာကောင်းလှသည်။

မိဘတိုင်း ကိုယ့်ကလေး အနာဂတ်ကို အလေးထားစေချင်သည်။ ငယ်ရွယ်စဉ် အချိန်တွင် ကလေးတွေ စာပေကို ဝါသနာပါအောင်၊ မင်္ဂလာတရားတော်နှင့်အညီ နေတတ်ထိုင်တတ်အောင်၊ ကိုယ်ချင်းစာတရားတွေ တိုးပွားအောင် ပြုစုပျိုးထောင်ပေးရမည်။ သို့မှသာ လူလူချင်း စာနာသနားတတ်၊ ညှာတာတတ်သည့် နူးညံ့ဖြူစင်သော ကလေးတွေ ပိုမိုများပြားလာနိုင်လိမ့်မည်။ ကျွန်မတို့ မှီခိုအားထားရမည့် ကလေးတွေ ပညာတတ်ပြီး လိမ္မာယဉ်ကျေးသူတွေ ဖြစ်လာကြမှသာ ကျွန်မတို့ ပြန်လည်နားခိုရမည့် ကလေးတွေ၏ အရိပ်က အေးချမ်းနေလိမ့်မည်။ အနာဂတ် ရတနာ ကလေးတွေ၏ ဘဝလမ်းတစ်လျှောက်လည်း သာယာဖြောင့်ဖြူးပြီး တိုးတက်အောင်မြင်ကြလိမ့်မည်ဟု ယုံကြည်နေမိပါသည်။ ။

ဆောင်းပါး

# အဖေ့လက်ဖဝါး

## မေနွယ်စိုး(မြန်မာစာ)

အဖေသည် တောမှပြန်လာတိုင်း ကျွန်မ၏ပါးပြင်ကို လက်ကြမ်းကြမ်းကြီးများဖြင့် ပွတ်သပ်လေ့ရှိခဲ့သည်ကို ကျွန်မ မှတ်မိနေဆဲပင်။ ကျွန်မမူလတန်းကျောင်းသူဘဝတစ်လျှောက်လုံး ကျွန်မပါးပြင်ကို အဖေ့ လက်ကြမ်းကြမ်းကြီးများဖြင့် ပွတ်သပ်ကျီစယ်ခံခဲ့ရသည်။ နေ့စဉ်နေ့တိုင်း စဖန်များလာသောအခါ အဖေတောမှပြန်လာတိုင်း အဖေမမြင်အောင် ပုန်းကွယ်နေခဲ့ရဖူးပါသည်။ တောအလုပ်အကိုင်ဖြစ်သော တောင်သူသစ်ခုတ်၊ ဝါးခုတ်၊ မျှစ်ချိုးစသည့် အလုပ်မျိုးစုံကိုလုပ်ကိုင်နေရသည့်အတွက် အဖေ့လက်ဖဝါးများမှာ အလွန်ကြမ်းတမ်းလှသည်။

ထိုသို့ ကြမ်းတမ်းရခြင်းသည် မိသားစုဝမ်းစာရေးနှင့် ကျွန်မပညာရေးဖြောင့်ဖြူးစေရေးဟု မသိသေးသည့် ထိုအရွယ်တွင် အဖေ့လက်ဖဝါးခပ်ကြမ်းကြမ်းကြီးကို ကျွန်မပါးပြင်နှင့်ထိတွေ့မိမှာ အလွန်စိုးရွံ့ခဲ့ဖူးပါသည်။ အဖေ့လက်ဖဝါးကြမ်းတမ်းလွန်း၍လားမသိ။ အခြားသူများ၏လက်ဖဝါးများကို သတိထားငေးမောတတ်လာသည်။ "သမီးတို့ဆရာကြီးလက်ကိုကြည့်တော့အဖေ့လက်လိုမညစ်ပတ်ဘူး"ဟု ကျွန်မကပြောမိသောအခါ အဖေက သဘောကျစွာဖြင့် အားပါးတရ ရယ်မောပါသေးသည်။

အလယ်တန်းနှင့် အထက်တန်းကျောင်းသူဘဝများတွင်တော့ အဖေ့ဇာတိရပ်ရွာဖြစ်သောနယ်မြို့လေးဆီသို့ မိသားစုနှင့်မိုင်ရာချီခွဲခွာကာ ကျောင်းတက်ခဲ့ရသည်။ စာသင်နှစ်တစ်နှစ်လုံးမှသုံးကြိမ်မျှသာအဖေလိုက်လာနိုင်တော့သည့်အခြေအနေမျိုးတွင်မူ မူလတန်းကျောင်းသူဘဝတစ်လျှောက်လုံး ကြောက်ရွံ့ခဲ့ရသော အဖေ့လက်ဖဝါးကြမ်းကြမ်းကြီးကို သတိတရလွမ်းဆွတ်ခဲ့ဖူးပါသည်။

သို့သော် ကျွန်မအလယ်တန်းကျောင်းသူဘဝမှစ၍ ကျွန်မပါးပြင်ကို အဖေကပွတ်သပ်ကျီစယ်ခြင်းမပြုတော့။ ချစ်ပုံချစ်နည်းပြောင်းလဲသွားခဲ့သည်။ရပ်ဝေးတွင် ပညာရေးအတွက် ခွဲခွာနေရသောသမီးငယ်လေးကို စိတ်ခါတ်ပျော့သွားမှာစိုးရိမ်၍လားမသိ။ ချစ်မြတ်နိုးသောအပြုအမူပုံစံများလုပ်မပြုတော့။"အဖေတို့ပင်ပန်းသလိုင့်သမီးလေး မပင်ပန်းစေချင်ဘူး။ ပညာတတ်ကြီးဖြစ်အောင်လုပ်။ အသက်မွေးဝမ်းကျောင်းနုနယ်အောင်လို့။ ညည်းအစ်ကိုသုံးယောက်ကိုကြည့်လိုက်ဦး။ အဖေကျောင်းထားသားနဲ့ သူတို့မနေချင်ကြတော့ကျောင်းထွက်ရော၊ ဘာပညာမှမတတ်တော့ ခုဆိုပင်ပင်ပန်းပန်းလုပ်စားနေကြရပြီ"ဟူ၍ မကြာခဏသွန်သင်ရှာသည်။

ငွေနှင့်ရိက္ခာလာပို့သည့်အခါတိုင်း အဖေ့လက်ဖဝါးလေးများကို ခိုးကြည့်သည့်အခါ အဖေ့လက်ဖဝါးပေါ်တွင် အသားမာအထပ်ထပ်တက်နေဆဲ။ အလယ်တန်းနှင့် အထက်တန်းကျောင်းသူဘဝ နှစ်စဉ်ဆုယူရတိုင်း အဖေသည်ဆုပေးသည့်စင်မြင့်အောက်မှသူ၏လက်ဖဝါးကြမ်းကြမ်းကြီးများနှင့်အားပါးတရလက်ခုပ်တီးသည်။ဆုကတ်ပြားလေးများကို သူ၏လက်ဖဝါးကြမ်းကြီးများနှင့်အသာအယာပွတ်သပ်ကြည့်ရှုရင်း ဝမ်းသာမျက်ရည်လည်နေလေ့ရှိသည်။

ယခုတော့ အဖေ့လက်ဖဝါးကြမ်းကြီးများ၏ပျိုးထောင်မှုအောက်တွင် အလယ်တန်းပြဆရာမတစ်ဦးအဖြစ်ဘဝကို ပညာဖြင့် အသက်မွေးခွင့်ရခဲ့ပြီဖြစ်သော်လည်း အဖေက ကွယ်လွန်ခဲ့လေပြီ။ အသက်ဆုံးပါးသွားသည်အထိ နုနုနယ်နယ် ဖြစ်မသွားရှာသောအဖေ့လက်ဖဝါးတစ်စုံအတွက်စိတ်မကောင်းဖြစ်ရုံမှတစ်ပါးဘာမျှလုပ်မပေးနိုင်ခဲ့။ ကုသိုလ်ကောင်းမှုပြုလုပ်တိုင်းအဖေ့ကို အမျှဝေသည်။ အဖေ၏နောင်ဘဝများကို နုနုနယ်နယ်အသက်မွေးဝမ်းကျောင်း၍ဖြတ်သန်းနိုင်ပါစေဟု ဆုတောင်းပေးမိပါသည်။

အဖေ၏လက်များသည်ကြမ်းတမ်းလှ၏။သို့သော် ကျွန်မဘဝ၏အသက်မွေးဝမ်းကျောင်းနုနယ်စေရန် ထုဆစ်ပေးနိုင်စွမ်းရှိသဖြင့် အနုပညာဆန်သော၊သိမ်မွေ့သော၊ ကျေးဇူးကြီးမားသောလက်ဟုဆိုလိုက်ချင်ပါသည်။ ငယ်ငယ်တုန်းကတော့အဖေ့လက်ဖဝါးကိုကြည့်မိတိုင်းကြမ်းတမ်းလွန်းသည်ဟုထင်မိသော်လည်းအသက်အရွယ်ကြီးပြင်း၍ အသိတရားဖြင့်သုံးသပ်သောအခါအဖေ့လက်ဖဝါးသည် သိမ်မွေ့နူးညံ့လွန်းလှပါသည်။အကြည့်ဖြင့်သုံးသပ်စဉ်က ကြမ်းတမ်းသည်ထင်ရသလောက် အသိဖြင့်သုံးသပ်သည့်အခါ အဘယ့်ကြောင့် နူးညံ့နေရပါသနည်းဟု ကျွန်မစဉ်းစားကြည့်မိသည့်အခါ အကြည့်နှင့်အသိသည် မတူညီဟု ထင်မြင်မိပါသည်။ အကြည့်ဖြင့်သုံးသပ်ခြင်းထက် အသိဖြင့် သုံးသပ်ခြင်းက ပို၍မှန်ကန်မည်ဟု ယုံကြည်မိပါတော့သည်။

## အပြုံးပန်းနှင့် လန်းစေချင်

◆ ဖုန်လုံးမြူထ
နွေအလုကို ရင်မှဖွဲ့သီ
ပန်းချီခြယ်မှုန်း မဆုံးသေးခင်
စင်စင်မိုးဖွဲ ကျလာပြီ။

◆ မုတ်သုံမိုးမင်း သွန်းဖြိုးဆင်း၍
တေးချင်းဖွဲ့သီ မဆုံးမီတွင်
ငွေရည်မှုန်ပျ နှင်းတွေကျ။

◆ ဟေမန္တဆောင်း စာဖွဲ့ကောင်းလည်း
ရွက်ဟောင်းရယ်ကြွေ လျှပ်ပွေ၍
နွေလေရောယှက် ပင်ယံထက်မှ
ချိုးငှက်တေးသံ ကြားရပြန်၏။

◆ နေ့ညမစောင်း လရာသီပြောင်းကာ
တိုတောင်းပေစွ ဤဘဝတွင်
လောကကောင်းကျိုး ရွက်သယ်ပိုးရင်း
မညှိုးပန်းသွင် စိမ်းလန်းချင်။
လူဖြစ်ရစဉ် ဘဝတွင်။ ။

ဝန်းလက်

ဆောင်းပါး

## နောင်တခါးခါး

**မောင်ငြိမ်းချမ်း (ခရမ်းမြေ)**

ကျောင်းတွေ ပြန်ဖွင့်ချိန်နီးပြီဖြစ်သလို ဆယ်တန်းအောင်စာရင်းများလည်း ထွက်ဖို့သိပ်မလိုတော့ပေ။ မောင်မယ်များတို့သည် ကျောင်းပြန်တက်ချိန်တွင် အသင့်ဝတ်ဆင်လို့ရအောင် အင်္ကျီအဖြူ ပုဆိုးအစိမ်းတို့ကိုကြိုတင်ချုပ်နေကြပြီ။ ထို့အပြင် မိုးတွင်းစီးဖိနပ်၊ ထီး၊ မိုးကာအင်္ကျီများကိုလည်း အဆင်သင့်ဖြစ်အောင် ဝယ်ယူနေကြပေသည်။ သည်အချိန် သည်ကာလရောက်လေတိုင်း နောင်တတရားတို့ ဖုံးလွှမ်းနေသော ကျွန်တော့်စိတ်အစဉ်သည် လွန်ခဲ့သော ခုနစ်နှစ်ခန့်ဆီသို့ ပြန်လည်ရောက်ရှိသွားတတ်ပါသည်။

၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် ကျွန်တော်ဆယ်တန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့ပါသည်။ သုံးလဆိုသော ကျောင်းပိတ်ရက်သည် ဘာမျှသိပ်မကြာ။ ဟိုလှည့်သည်လှည့်နှင့် ကျောင်းကြီးပြန်ဖွင့်ပြီ။ ဆယ်တန်းအောင်စာရင်းများက ကျောင်းဖွင့်ပြီး တစ်ပတ်လောက်အကြာမှ သိရပါသည်။ ကြိုတင်တွေးထင်ထားသည့်အတိုင်း ကျွန်တော်စာမေးပွဲကျခဲ့ပါသည်။ ထိုအချိန်က ကျွန်တော်တို့အတန်းတွင် ကျောင်းသား ၃၈ ယောက်ရှိပြီး ၂၂ ယောက်မှာ စာမေးပွဲအောင်မြင်ခဲ့၍ အောင်ချက်ကောင်းသည့်နှစ်ဟုပင်ဆိုရမည်။ စာမကြိုးစားသော်လည်း ကျောင်းကိုခင်တွယ်သော ကျွန်တော်သည် ကျောင်းပြန်တက်ဖို့ အဖေနှင့်အမေ့ကို ပူဆာခဲ့သည်။ ကျောင်းပြန်ထားပေးလျှင် စာကိုသေချာကြိုးစားပါ့မည်ဟု ကျွန်တော်ကတိပေးခဲ့သည်။ ကျွန်တော်ပေးသောကတိကို ယုံကြည်သော အဖေနှင့်အမေက ကျောင်းပြန်ထားပေးမည်ဆို၍ ကျွန်တော်အလွန်ပျော်ရွှင်ခဲ့ရပါသည်။ ကိုယ့်အောက်က အငယ်တွေနှင့် အတူတက်ရမည်ကို အနည်းငယ်ရှက်ရွံ့မိသော်လည်း ကျွန်တော်နှင့်အတူ စာမေးပွဲကျသော သူငယ်ချင်းနှစ်ယောက်ပါ ပြန်တက်မည်ဟုသိရ၍ ကျွန်တော်တစ်ယောက်တည်းမဖြစ်တော့ပေ။ အားငယ်စရာလည်းမလိုတော့ပါ။ အိမ်က ကျွန်တော့်ကို ခက်ခက်ခဲခဲ ကျောင်းပြန်ထားပေးရသည်ကို ထိုအချိန်က မစဉ်းစားမိခဲ့ပါ။ ကျောင်းပြန်တက်မည်။ သူငယ်ချင်းများနှင့် ပျော်ပျော်ပါးပါးနေမည်။ ထိုသို့မကောင်းသော အတွေးအကြံများသာ ရှိခဲ့ပါသည်။

တနင်္လာနေ့တွင် ကျွန်တော်တို့ သူငယ်ချင်းသုံးယောက်စု၍ ကျောင်းသွားအပ်ကြသည်။ ကျောင်းအုပ်ဆရာကြီး၏ ဆုံးမဩဝါဒကို ကျွန်တော်တို့ခံယူကြရသည်။ စာကို သေချာကြိုးစားသင်ယူဖို့နှင့် မရှိသည့်ကြားက ပညာတတ်ကြီးဖြစ်စေချင်၍ ကျောင်းကိုပြန်ထားပေးသည့် မိဘများ၏ စေတနာကိုနားလည်ကြဖို့ သွန်သင်ဆုံးမပြောဆိုနေသဖြင့် နာရီဝက်ခန့်ကြာမှပြီး၏။ ဆရာကြီး၏ စည်းကမ်းချက်များကို လိုက်နာပါမည်ဟု ကတိပေးပြီး ကျွန်တော်တို့ပြန်ခဲ့ကြသည်။

အင်္ဂါနေ့မနက်။ ကျွန်တော်တို့ သူငယ်ချင်းသုံးယောက် ကျောင်းကိုလာကြသည်။ ကျွန်တော်တို့သုံးယောက်ကို တစ်ခုံတည်း မထိုင်ခိုင်းပါ။ အတူထိုင်ရင် စကားများပြီး စာမလုပ်မှာကို အတန်းပိုင်ဆရာမက ကောင်းကောင်းသိသဖြင့် လူခွဲ၍ထိုင်ခိုင်းခြင်းဖြစ်သည်။ ကျွန်တော်နှင့်အတူထိုင်သော ကျောင်းသားလေး နှစ်ယောက်ကစာတော်ကြသည်။ စကားလည်းတစ်ခွန်းမျှမပြော။ သူတို့စာ သူတို့လုပ်နေကြသည်။ ကျွန်တော်က သူတို့နှစ်ယောက်အလယ်မှာ ထိုင်ရသည်။ အချိန်ပြည့်စာပဲလုပ်နေ၍ ကျွန်တော့်မှာ ပျင်းရိလာသည်။ အစပိုင်း သူတို့တွေလို လိုက်ပြီးကြိုးစားနိုင်သော်လည်း ကြာတော့ဇာတိကပြလာသည်။ တစ်နေ့တစ်နေ့ ကျောင်းဆင်းချိန်မြန်မြန်ရောက်ပါစေလို့ ဆုတောင်းရတာအမော။ အတူထိုင်သည့် ကောင်လေးနှစ်ယောက်စာလုပ်တာကိုပင် ကြည့်မရချင်သလိုဖြစ်ရသည်။ သူတို့စာလုပ်တာ ကျွန်တော့်မှာ အတော်အနေခက်ရသည်။ ဟိုနှစ်ကောင်လည်း ကျွန်တော့်လိုပင်ဖြစ်သည်ဟု ကျောင်းဆင်းချိန်တိုင်း ညည်းညူပြောဆိုလာသည် ။

ပထမဆုံးအကြိမ် လပတ်စာမေးပွဲဖြေဆိုရတော့မည်။ ကျွန်တော်ဘာစာမှမရသေး။ ကျက်ရမှတ်ရလွယ်သော အီကို(Eco)ဘာသာကို ထပ်တလဲလဲကျက်နေမိသည်။ မနက်ဖြန်ဖြေဆိုရမည့် မြန်မာစာကိုဖြင့် စာအုပ်မဖွင့်ရသေးပေ။ အမေ့ကို စာကြိုးစားမည်ဟုပေးထားသော ကတိသည် ခဏမျှသာတည်နိုင်ခဲ့သည်။



တစ်နေ့ နှစ်ဘာသာနှုန်းဖြင့် ဖြေဆိုရသည်။ အမှတ် ထွက်တော့ ကျွန်တော် စွဲမြဲကျက်သော အီကို (Eco)တစ်ဘာသာပဲ အောင်သည်။ ကျန်ဘာသာများကျ၍ နှစ်တက်ကျောင်းသားလေးများ၏ အထင်သေးသော အကြည့်ကို ရင်ဆိုင်ရသည်။ ကျောင်းအုပ်ဆရာကြီး၏ သုံးဘာသာအထက် ကျသူများ မိဘခေါ်ဆွေးနွေးမည်ဆို၍ ကျွန်တော် အလွန်စိတ်ညစ်ရသည်။

မိဘခေါ်ရမည်ဆိုသောကြောင့် လေးဘာသာကျသော ငတက်ဟုကျွန်တော်တို့နောက်ပြောင်ခေါ်သော တက်နေထွန်းက ကျောင်းထွက်သွားသည်။ ကျွန်တော်နှင့် ဇော်မင်းထွန်းသာ ကျန်တော့သည်။ နောက်တစ်နေ့ ကျွန်တော်က အမေ့ကို ခေါ်လာပြီး ဇော်မင်းထွန်းက သူ့အဖေကို ခေါ်လာသည်။ နှစ်ယောက်သားမျက်နှာပေါ်မှာ ရှက်ရွံ့အားငယ်ခြင်းတွေ ကြီးကြီးမားမားရှိမနေခဲ့ပါ။ ထို့အပြင် မိဘများ၏ မျက်နှာပေါ်က ကြေကွဲဝမ်းနည်းမှု အရိပ်အယောင်တွေကိုလည်း ပုံဖော်မကြည့်ခဲ့ပါ။ အရေးလည်း မစိုက်ခဲ့ပေ။ မသိဟန်ဆောင်ကာနေခဲ့ကြသည် ။

အင်္ဂလိပ်ဆရာမ ဂျူတီအချိန်။ မနေ့က လုပ်ခိုင်းလိုက်သော အိမ်စာများနှင့် ကျက်စာများကို တစ်ယောက်ချင်းပြန်မေးမည်ဆို၍ ဘာမှလုပ်မလာသော ကျွန်တော် ခေါင်းကြီးရသည်။ ဇော်မင်းထွန်းကို လှမ်းကြည့်လိုက်တော့လည်း ချွေးစေးတွေပြန်နေသည်ကို ကျွန်တော်မြင်ရသည်။ အိမ်စာပေးလိုက်သည်ကို မလုပ်လာခြင်းသည် ပေါ့သေးသေးဒုက္ခမဟုတ်။ အလွန်စိတ်ညစ်ရသည်။ ရှေ့ဆုံးခုံမှာထိုင်ရသော ဇော်မင်းထွန်းကို ဆရာမက အရင်မေးနေပြီ။ အထစ်ထစ်အငေါ့ငေါ့ဖြင့် ဖြေနေသော ဇော်မင်းထွန်းကို ဆရာမက ဆူပူပြီး အတန်းရှေ့ထွက်၍ ထိုင်ထလုပ်ခိုင်းသည်။

အားလုံးပိုင်းရယ်ကြ၍ ပထမဆုံးအကြိမ်ရှက်သွားသော ဇော်မင်းထွန်း၏မျက်နှာကို ကျွန်တော်မြင်လိုက်သည်။ ထိုနေ့က ကံကောင်းထောက်မစွာဖြင့် စာသင်ဦးမည်ဟုဆိုကာ အချိန်မရ၍ ကျွန်တော့်ကို မမေးဖြစ်။ စိတ်ထဲကနေ ဆရာမကိုသာ ကျေးဇူးတွေတင်နေမိတော့သည်။

နောက်တစ်နေ့မနက် ကျောင်းရောက်တော့ ဇော်မင်းထွန်းကိုမတွေ့၍ အတန်းပိုင်ဆရာမထံ သွားရောက်မေးကြည့်တော့ ဇော်မင်းထွန်း ကျောင်းထွက်စာတင်သွားသည်ဟုပြောသည်။ အတန်းပိုင်ဆရာမ၏ စကားကြောင့် ကျွန်တော်စိတ်ညစ်သွားသည်။ ကျွန်တော့်မှာ အဖော် မရှိတော့ပေ။ ကျွန်တော်တစ်ယောက်တည်း ပျင်းရိငြီးငွေ့စွာ ကျစ်ရစ်ခဲ့တော့သည် ။

ပထမနှစ်ဝက်စာမေးပွဲကြီးပြီးတော့ ကျွန်တော်ကျောင်းမှာ မပျော်တော့ပေ။ ကျောင်းထွက်ချင်စိတ်တွေသာ လွှမ်းမိုးနေခဲ့သည်။ အဖေနှင့်အမေ့ကို မပြောရဲ၍ ဟန်မပျက်ဆက်တက်နေခဲ့သည်။ ကျောင်းကိုတော့ဖြင့် အချိန်မှန်မသွားတော့ဘဲ လမ်းခုလတ်မှာရှိသော ဇယ်ဝိုင်း၊ ခြင်းဝိုင်းတွေမှာ ကျွန်တော်အချိန်ဖြုန်းခဲ့သည်။ ကြာတော့ အမေသိသွားပြီး ကျွန်တော့်ကို ဆူလည်းဆူ၊ ငိုလည်းငိုသည်။ ကျောင်းထွက်တော့မယ် အမေလို့ ကျွန်တော်ပြောတော့ စိတ်ထိခိုက်ခံစားရပြီး နွမ်းဖျော့သွားသော အမေ့မျက်နှာလေးကို ယနေ့ထိ မမေ့နိုင်။ ကျွန်တော်ကျောင်းထွက်ပြီး ဆိုင်ကယ်(ကယ်ရီ)မောင်းသော အလုပ်ကို လုပ်ရချိန်မှာ ပညာ၏ တန်ဖိုးကို နားလည်လာသည်။ အထူးသဖြင့် အဖေနှင့်အမေ၏ကျေးဇူးကို အထူးသိမြင်လာရသည်။

သူငယ်ချင်းများဖြစ်သော ငတက်က သူ၏အဖေနှင့်အတူ ပိုက်ဆွဲ၍တံငါသည်အလုပ်ကို လုပ်ရပြီး ဇော်မင်းထွန်းကတော့ ကျပန်းလုပ်ရသည်။ သေချာတာတစ်ခုက ကျွန်တော်တို့ အတော်မိုက်မဲခဲ့ကြသည်။ ရည်မှန်းချက်၊ ရည်ရွယ်ချက်ပန်းတိုင်ဆိုတာ မရှိခဲ့ပါ။ ထားလည်းမထားခဲ့ပေ။ ကျောင်းကို အပျော်သဘောထားပြီး တက်ခဲ့ကြသည်။ ယနေ့ခေတ် ပညာသင်ကြားနေသော မောင်မယ်များတို့ကိုဖြင့် ကျွန်တော်တို့လို မဖြစ်စေချင်ပါ။ နောင်တခါးခါးတွေလည်း မရစေချင်ပါ။ ကြိုးစားစေချင်ပါသည်။ ရှေ့ကို မြော်မြင် ရည်မှန်းထားသည့် ပန်းတိုင်တစ်ခု အခိုင်အမာရှိစေချင်ပါသည်။

ပန်းတိုင်ရှိမှသာလျှင် အောင်မြင်မှုလမ်းစတွေ့မည်ဖြစ်သည်။ ကျွန်တော်တို့ကတော့ ကိုယ့်မိုက်ပြစ်နှင့်ကိုယ် လောကကြီး၏ ဘဝဇာတ်ခုံပေါ်တွင် ကြမ်းတမ်းစွာ ဖြတ်သန်းလှုပ်ရှားနေရပြီမို့ ပညာ၏တန်ဖိုးကို အထူးသိလာချိန်ဆိုလည်း မမှားပေ။ ထို့ကြောင့် ယနေ့ခေတ်၊ ယနေ့အချိန် ပညာသင်ကြားနေသော မောင်မယ်များတို့သည် မိဘ၊ ဆရာသမားများ၏ ဂုဏ်ကျေးဇူးကို အထူးသိတတ်ပြီး ပညာရေး၌ ထူးချွန်ထက်မြက်သော နိုင်ငံ၏ သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်ကြစေဖို့ တိုက်တွန်းနှိုးဆော်သည့်အနေဖြင့် ကျွန်တော်ရရှိခဲ့သော နောင်တခါးခါးတို့နှင့်ပမာပြု၍ မွန်မြတ်သောစေတနာဖြင့် ရည်ရွယ်ရေးသားလိုက်ပါသည်။ ။

**ကျွန်တော်တို့ကတော့ ကိုယ့်မိုက်ပြစ်နှင့်ကိုယ်
လောကကြီး၏ဘဝဇာတ်ခုံပေါ်တွင် ကြမ်းတမ်းစွာဖြတ်သန်းလှုပ်ရှားနေရပြီမို့
ပညာ၏တန်ဖိုးကို အထူးသိလာချိန်ဆိုလည်း မမှားပေ။ ထို့ကြောင့် ယနေ့ခေတ်၊
ယနေ့အချိန် ပညာသင်ကြားနေသော မောင်မယ်များတို့သည်
မိဘ၊ ဆရာသမားများ၏ ဂုဏ်ကျေးဇူးကို အထူးသိတတ်ပြီး**

## ကဆုန်အလှပသာဒ

○ ဖွားပွင့်ဟောစံ ဗုဒ္ဓဒိတ်ခံသည့်
မှတ်ရန်နေ့မြတ် နေရှိန်တက်၍
ပွင့်ချပ်စံကားဝါ မွှေးပျံ့ပါသော
အခါရက်ကြုံ လကဆုန်။
○ ရာသီပြိုသ ကဆုန်လဌ
ထွန်းပဝိသာခါ ကောင်းကင်ပြာတွင်
တိမ်လွှာတိမ်ရိပ် နေရာစိတ်၍
တိမ်လိပ်တိမ်ခဲ လေတွင်ဝဲလျက်
နေလည်းပူပူ ရေတွေဆူခန်း
မီးဓာတ်လွှမ်း၍
မြိုင်နန်းတစ်လျှောက်သွေ့ခြောက်ခြောက်။
○ ငှက်ကျေးဖိုမ ရင်သွေးလှတို့
မြူးကြွပျံသင် ထက်ကောင်းကင်ဝယ်
ပျော်ရွှင်ငြိမ်းချမ်း ဘဝလမ်းကို
ဖြတ်သန်းနိုင်ပေ ပျံတတ်စေဖို့
ဖေမေဖေးမ သဘာဝကို
ကဆုန်လတွင်မြင်ရ၏။
○ သာယာပေစွ ကဆုန်လတွင်
ဗုဒ္ဓပွင့်ရာ ညောင်ပင်သာကို
မြတ်စွာအသိ သဒ္ဓါငြိ၍
ပရိဘောဂ စေတီယဟု
သိကြရည်မှန်း ရေစင်ဖျန်းလျက်
ရွှင်လန်းစွာပင် ဆင်နွှဲယဉ်သည်
ညောင်ပင်ခြေမှအခါပွဲ။

**ဇာနည်အောင်(မန္တလေး)**

## ကာရန်တွေနေညိုတော့မည်လော

ကာရန်နဘေ၊ အသတ်တွေနှင့်
သံနေသံညှင်း၊ ရသသွင်း၍
ဝင်္ဂနင်းကာရန်၊ ခွထောက်ကန်လျက်
ထိုးအန်ဒေါသ၊ ပစ်ပယ်ချကာ
ဂုဏလက်ာ၊ ဥပနာသည့်
မြန်မာတို့သွေး၊ ကဗျာတေးသည်
ယဉ်ကျေးမှု၏ ရေသောက်မြစ်။
ကဝိသည်းအူ၊ ကဗျာဟူသည်
ပြည်သူ့သနင်း၊ ဘုရင်မင်းနှင့်
ခပင်းလူတော်၊ ရဟန်းကျော်တို့
ထုတ်ဖော်ဆွတူး၊ ပညာလူး၍
သီကျူးရွတ်ဆို၊ နားဝယ်ချိုလျက်
ပြည်ကိုထမ်းပင့်၊ သောကလွင့်လျက်
ချွေးနှင့်မျက်ရည် သုတ်သောပန်း။
ဩော်...
ခုချိန်ခုခါ၊ ပြည်မြန်မာဝယ်
ကြမ္မာမယိုး၊ ဂြိုဟ်မဆိုးပဲ
လူမျိုးမသိမ်၊ ခေတ်လည်းထိန်လျက်
မိုးတိမ်မထင်၊ နေမဝင်ဘဲ
ခေါင်းလျှင်ဟောင်းလောင်း၊ ဝန်အပြောင်း၌
ရှေးဟောင်းဂန္ထဝင်၊ ကဗျာစဉ်ကို
နေဝင်ချိန်ပုပ်၊ ရင်ခွင်တုပ်၍
မိုးချုပ်ပစ်ရတော့မည်လော။ ။

**သာကီနွယ် (နတ်မောက်)**

မျိုးဆက်သစ်ရနံ့

ကြေးမုံ

ဝတ္ထုတို

# ကျွန်မအချစ် နှစ်တစ်ရာတိုင်ချင်သည်

နဒီသင်း (ကုန်းဇောင်း)

“ကျွီ”

အိမ်ရှေ့ ကားတစ်စီးထိုးရပ်တာကို ခုတင်ပေါ်မှ မန်ကျည်းသီးထုရင်း လှမ်းမြင်လိုက်သည်။

ကျွန်မတို့လို ဆင်းရဲသားအိမ်ရှေ့ ကိုယ်ပိုင်ကားရပ်ဖို့ဆိုတာ အိပ်မက်ထဲတောင်မမက်ဖူးပါ။ ကားဆိုလို့ အဖေ သေတုန်းကပဲ နာရေးကား လာရပ်တာ ကြုံဖူးခဲ့သည်။ ကားပေါ်မှ ရှေ့ဆုံးကဆင်းလာသူကို ကြည့်လိုက်ပြန်တော့ ကျွန်မယောကျ်ားအလုပ်လုပ်သည့် အလုပ်ရှင် အစ်ကိုကြီးကိုထွန်းထွန်း ဖြစ်နေသည်။

သူ့ကြည့်ရတာ ရေးကြီးသုတ်ပျာနိုင်လှသည်။ “ဟဲ့ အေးကြည် အမြန်လာ။ ကားပေါ်တက်”။ ထိုလူကြီးက ကျွန်မကို လက်မဆွဲရုံခေါ်နေသည်။ ကျွန်မလည်း သူခေါ်လို့သာ လိုက်လာရသည်။ ဘာဖြစ်လို့ဖြစ်မှန်းမသိ။လူကတော့ ကားပေါ်အလိုလို ရောက်သွားလိုက်တာ မမေးမစမ်းနှင့်။ ကားပေါ်ပါလာသည့် လူသုံးယောက်မျက်နှာ ကြည့်လိုက်ပြန်တော့ စိုးရိမ်နေသည့်ပုံ။ မနေသာ အဖြေရှာရတော့မည်။

“တော် ကိုကြီးထွန်းထွန်း ကျုပ်က ဘယ်လိုက်လို့ ဘာလုပ်ရမှာလဲတော်”။ ကျွန်မဘက်ကို လှမ်းမကြည့်ဘဲ ပြောလိုက်တာကတော့ “ဟိုရောက်သိလိမ့်မယ်”။

ထိုစကားအနည်းငယ်သာ ပြောသည်။ ကျွန်မ အမျိုးသားက သူတို့အိမ်က ကားစပယ်ယာ။

ကားပေါ်က ပြုတ်ကျ၍လား၊ မိန်းမနောက်လိုက်သွား၍လား။ လားပေါင်းများစွာနှင့် သူတို့ကို မမေးရဲပေ။

အလုပ်ရှင်နှင့် အလုပ်သမားအဆင့်မို့ ထပ်မမေးရဲချေ။ အလုပ်ရှင်က စေတနာကောင်းသလောက် မျက်နှာကြောတင်းတာကြောင့်လည်း ပါသည်။ အရှိန်အဝါကြီးသည်ဆိုသည်မှာ ထိုအရာဟု မှတ်ထင်မိသည်။ အသာလေး စဉ်းစားလိုက်လာတာပဲ အကောင်းဆုံးဖြစ်မည် ထင်ပါသည်။

ကား၏လေအရှိန်က ကျွန်မပါးပေါ်က ဒဏ်ရာကို စပ်ဖျဉ်းဖျဉ်းဖြစ်စေသည်။ လက်နှင့် အသာပွတ်မိသည်။ သည်ဒဏ်ရာက သူ့ကြောင့်ဖြစ်ပေါ်ခဲ့ကြရသည်။ သူ့ကို စိတ်နာသည်။ စိတ်နာအောင် သူလုပ်သွားခဲ့သည်။ သူဆိုသည်မှာ ကျွန်မယောကျ်ား ကိုချစ်မောင်ဖြစ်သည်။ သူနှင့်ညက လင်မယားချင်း ရန်ဖြစ်သည်။ ရန်ဖြစ်ရခြင်း အကြောင်းကလည်း ဆင်းရဲသားတို့ထုံးစံအတိုင်း ထမင်းမလောက်လို့မဟုတ်။ ကျွန်မအတွက် ထမင်းမလောက်ငတာ ခံနိုင်သည်။ အချစ်မလောက်ငတာတော့ မခံစားနိုင်ပေ။ ယခင်က ကျွန်မယောကျ်ား ထိုကဲ့သို့ မဟုတ်ချေ။ သူနှင့် ပေါင်းလာသည်မှာ လူသားငါးယောက်လူ့လောကထဲ ရောက်လာသည်အထိပင် ဖြစ်သည်။

ကျွန်မက ဆယ့်သုံးနှစ်ကျော်၍ လေးနှစ်ထဲရောက် လုရောက်ခင်အရွယ်နှင့် သူနှင့်တွေ့ဆုံခဲ့ကြ၊ မေတ္တာရည် ဂဟေဆက်ကြသည်မှာ သားအကြီးတောင် မိန်းမရပြီ ဖြစ်သည်။ သူ့အသက်ကလည်း ဘာထူးမလဲ ကျွန်မထက် ကြီးလှ တစ်နှစ်ပေါ့။ မနူးမနပ်သည့် အရွယ်ပဲပြောပြော၊ အချစ်ကိုကစားစရာမှတ်နှင့် ကစားနေသည်ဟု ဆိုချင်ဆို နှစ်ယောက်သား မီးပုံထဲ လက်ပစ်ကူးခဲ့ကြတာတော့ အမှန်ပင်ဖြစ်သည်။

ထိုအချိန်တုန်းကတော့ ပျော်စရာကောင်းလှသည်။ ရာသီပေါ်အလုပ်လုပ်တတ်သည်။ မိန်းမသားနှင့် အဆင်ပြေသည့် ကောက်စိုက်ချိန် ကောက်စိုက်လိုက်သည်။ ပဲနုတ်ချိန် ပဲနုတ်လိုက်သည်။ ဒွေးမြက ဆန်ရွေးခေါ်လျှင် သွားလိုက်တာပါပဲ။ အပြန်ကျ ဆန်လေး၊ ဆီလေး ပေးလိုက်၏။ ကျွန်မယောကျ်ားကလည်း ပေါ်ပင်အလုပ်လုပ်ရှာပါသည်။ ပျိုးနုတ်ချိန် ပျိုးနုတ်၊ ကောက်လှိုင်းသယ်သည့်နေ့ဆိုလျှင် အိမ်ပြန်မလာ။ လယ်ခင်းရှင်က ကျွေးသည့်ထမင်းစား၊ တစ်နေကုန်အောင်လုပ်တော့သည်။ အလုပ်မရှိသည့်နေ့ဆိုလျှင် လင်မယားနှစ်ယောက် မန်ကျည်းပင်ပေါ်တက်ကြသည်။ မန်ကျည်းရွက်ခူးချိန် ခူးပြီး ဈေးထဲသွားရောင်းသည်။

မန်ကျည်းသီးမှည့်ချိန်ဆို အပင်ပြတ်သုံးသောင်းမျိုး၊ လေးသောင်းမျိုးဈေးပေး အပင်ကြည့်ဝယ်လိုက်သည်။

နွေရာသီဆို နွေလယ်ထဲ မဆင်းရချိန်လေး မန်ကျည်းသီး အမှည့် ရောင်းရသည်မှာ အဆင်ပြေလှသည်။ သည်လိုနှင့် ကလေးတစ်ယောက်ပြီးတစ်ယောက် မွေးလာခဲ့ကြသည်။ အချစ်များ ဆတက်ထမ်းပိုး တိုးသထက်တိုးလာခဲ့ကြသည်။

ပစ္စည်းဥစ္စာသာ မပေါ်ရှိမည်။ လူကတော့ချမ်းသာသည်။ လူချမ်းသာဆို ဗိုက်ထဲကကလေး အပြင်ထွက်ရုံရှိသေး နောက်ကလေးက နေရာယူနေပြီ။ နောက်ကလေးက ရှေ့ကလေးကို တွန်းချသလား အောက်မေ့မိသည်။ ဈေးထဲက မန်ကျည်းသီးမှည့်အမြဲဝယ်သည့် ကုန်ခြောက်ဆိုင်က အပျိုကြီး မမခိုင်ကတော့ ပြောပါသည်။

“ဟဲ့ကလေးမ နင့်ဟာကလည်း တစ်နှစ်နှစ်သားဖြစ်နေပြီ။ ဆေးလေးဘာလေး ကူဦးလေဟာ။” သူပြောသည့် ဆေးလေး ဘာလေးကလည်း လွယ်တာလိုက်လို့၊ မှန်မှန်စားနိုင်မှ လက်ညှိုးထိုးဆေးတစ်ကတ်ကို သုံးရာလားငါးရာလားမသိ။ မေ့သွားသည့်နေ့ဆိုလျှင် အသစ်က ပြန်စားရမည်။ သည်ကြားထဲရှိရင် ရှိသွားတာပါပဲ။ တစ်ခါတစ်ခါများ စဉ်းစားမိပါရဲ့၊ လူများ အကုသိုလ်များ၍ ထင်ပါသည်။ ချမ်းသာသည့် မိဘဝမ်းထဲမဝင်ဘဲ ကျွန်မတို့လို မရှိဆင်းရဲသားဘဝထဲ ဝင်စားကြသည်။

ကျွန်မကတော့ မွေးသမျှ လက်ခံမည်။ ရတနာဆိုတာ ထိုက်မှရတာပါ။ ဟိုလမ်းထိပ်က တိုက်ကြီးပေါ်က လှလှ ကလေးမလေး ကလေးမရနိုင်လို့ ဆေးခန်းပြတာ သိန်းသုံးဆယ် ကုန်သည်ဆိုပဲ။ ကျွန်မတော့ တစ်ပြားမှ မကုန်ရဘဲ ဟောတစ်ယောက် ဟောတစ်ယောက်နှင့်။

ညရောက်လျှင် ကလေးတို့အဖေဖုန်းမှ “တုန်တုန်” ဆိုသည့်အသံ ကြားရသည်။ ဖုန်းလာတာလည်း မဟုတ်ပေ။ သူ့ကြည့်လိုက် မျက်နှာကပြုံး၍ စာရိုက်နေသည်။ တစ်ခါတစ်ခါများ ကျွန်မကို ရှိတယ်လို့တောင်မထင်တော့ပေ။ သူ့မျက်လုံးက ဖုန်းပေါ်မှာ အမြဲရောက်နေသည်။ ကျွန်မတို့လင်မယားဘဝက ပြတင်းပေါက်ကလေးများလိုပါ။ နေ့မှာခွဲနေပြီး ညမှပေါင်းရသည့်အဖြစ်ပါ။

ရွာလယ်က လူပျိုကြီးကတော့ ကျွန်မကို ကြည့်ပြီး ပြောပါသည်။ “ဟဲ့ အေးကြည် နင့်ဟာက လူလုပ်စက်ရှိတယ်မှတ်တယ်။ တစ်ယောက်ပြီး တစ်ယောက်ဟာ”ဟု မယားစိတ်ကုန်သည့်ပုံနှင့် ပြောသွားသည်။ သူက လူပျိုကြီးကို ဘယ်ကိုယ်ချင်းစာမလဲ။

ကျွန်မ ကလေးငါးယောက် နာမည်က အဆန်းသာ။ အထွေအထူး စဉ်းစားမနေပေ။ မွေးပေးသည့်လက်သည်က ပေးတာများသည်။ ဗိုက်ဆံချမ်းသာသည့် လူများလို နာမည်ကြီး ဗေဒင်ဆရာဆီသွား၍ မေးစရာမလိုပေ။ မီးတွင်းထဲမှာပင် မျက်နှာမှာအမှတ်ပါသည့်ကလေးဆို မှတ်ကြီး။ ဖွေးဖွေးဖောက်ဖောက်ကြီးဆို တရုတ်မကြီး။ အသားအနည်းငယ်မည်းလျှင် ကုလား။ ပိန်သေးသေးလေးဆိုလျှင် မိပိန်။ အခု နောက်ဆုံးမွေးသည့် ကလေးကို နောက်ထပ်မွေးလောက်မည်မထင်သောကြောင့် သားထွေးဟု အမည်ပေးထားသည်။ ထိုကဲ့သို့ အမည်ပေးထားတာမှ ထပ်မွေးလာလျှင် လူပို၊ လူလျှံဟု ခေါ်ရဦးမည်ထင်သည်။ သူများတွေလို ရက်တစ်ရာပြည့် မွေးနေ့လည်း မလုပ်ပေးမိချေ။ ပညာရေးအနေနှင့်တော့ မူလတန်းကျောင်းမှာ ကျောင်းသွားအပ်သည်။ သို့သော်လည်း သူတို့စာမကြိုးစားနေပေ့ါဟု ပညာရေးနှင့်ပတ်သက်ပြီး အရေးမထားပါ။ ဝမ်းရေးကို ပညာရေးက မနိုင်ပေ။ မနိုင်သည့်အတူတူ မတိုက်တာကောင်းပါသည်။ ထိုကြားထဲမှ မိပိန်က စာကြိုးစားချင်သည့်စိတ်ရှိသည်။ ကြိုးစားသူထားမည်ဟု စိတ်ဆုံးဖြတ်ထားသည်။ သူတို့ကံတရားပဲ။

ကျွန်မသားအလတ်ကောင် ကုလားက သိပ်လိမ္မာသည်။ ခူးပြီးသား မန်ကျည်းရွက်များကို ဈေးသို့သွားရောင်းတတ်သည်။ မှာစရာရှိသည့် ဟင်းချက်စရာကို စာရေးမှာလိုက်သည်။ “ဆန်လေးဘူး၊ ဆီငါးကျပ်သား၊ ဆန်းငွေတစ်ထုပ်၊ ငရုတ်မှုန့်က တစ်ရာဖိုး” မင်္ဂလာဆောင်ဖိတ်စာ အဟောင်းပေါ် ရေးပေးလိုက် အပြန်အကုန်ပါလာသည်။

အရင်နေ့က ဈေးကပြန်လာ ပြောသေးသည်။ “အမေ့စာကလည်း စာလုံးပေါင်းမမှန်ဘူးတဲ့။ ဆိုင်က အန်တီကြီးက ပြောလိုက်တယ်။ ရှက်လိုက်တာဗျာ။” “ဟဲ့ ဒါရှက်စရာလား စာလုံးပေါင်းမှန်ဖို့ထက် ထမင်းနပ်မှန်အောင် စားရဖို့က အဓိကဟဲ့” ဒေါက်ခနဲ ခေါင်းခေါက်လိုက်သည်။ ခေါင်းကို တဗျင်းဗျင်းကုတ်၍ ထွက်သွားသည်။

ကလေးများက တဖြည်းဖြည်းနှင့် အရွယ်ရောက်လာတော့ ယခင်က ဆန်တစ်ဘူးချက်လျှင် အဆင်ပြေသည်။ အခုတော့ ဆန်နှစ်ဘူး ပိုချက်ရသည်။ အသုံးစရိတ်မှစ၍ နှစ်ဆတက်လာသည်။ ရေမြင့်ကြာမြင့်သလို ဝင်ငွေပိုရှာရသည်။ ကလေးတို့အဖေ အလုပ်ရှာသွားသည်မှာ ညနေစောင်းမှ ပြန်လာသည်။ အိမ်ထဲဝင်ဝင်ချင်း မျက်နှာကို အရင်ကြည့်ရသည်။ အဆင်ပြေပါ့မလား၊ အလုပ်ရပါ့မလား ဆိုသည့်စိတ်နှင့် ကြည့်လိုက်သည်ဆိုလျှင်ပဲ မျက်နှာကတော့ ပုံမှန်ပါပဲ။ “တော် ကိုချစ်မောင် အလုပ်အဆင်ပြေလား” ခေါင်းညိတ်ပြသည်။

ထို့နောက် အိမ်ပေါ်တက်ရင်းပြောသည်မှာ “ကားစပယ်ယာရခဲ့တယ်။ စရိတ်ငြိမ်း ငါးထောင်တဲ့။ နေ့ချင်းပြန်” အမလေးတော် အလုပ်ရတာများ ဝမ်းသာအားရမပြောဘူး။ မနက်ဖြန်အတွက် ဝမ်းမှောက်ရတော့မယ့် အခြေအနေက လွတ်သွားပြီ”။ ကျွန်မလေ ပျော်လိုက်တာ မပြောပါနှင့်။

ကလေးတို့အဖေအလုပ်က မနက်ဆို ခြောက်နာရီလောက် အိမ်ကထွက်သွားသည်။ ညမိုးချုပ်မှ ပြန်လာသည်။ တစ်ခါတလေ စောစောပြန်ရောက်တတ်သည်။ ဆန်အလုံးတစ်ရာ ထမ်းရသည့်နေ့ဆိုလျှင် သူ့ကျောပြင်မည်းမည်းပေါ်မှာ ဒဏ်ရာဒဏ်ချက်များကို “ပရုပ်ဆီလေး ပွတ်ပေးစမ်းပါဟ”ဟု ပြော၍ ပွတ်လူးပေးရသည်။

ကျွန်မယောကျ်ား ထိုသို့ပင်ပန်းတာ မြင်ရပြန်တော့ စိတ်မကောင်း ဖြစ်မိသည်။ သူ့အရက်ကလေး သောက်လာလျှင် မပြောပါ။ ပင်ပန်းလို့သောက်ပါစေဟု လွှတ်ထားလိုက်သည်။ ကလေးတို့အဖေ အခုတစ်လောရောဂါထနေသည်။ သူမှ မဟုတ်ပေ။ ရွာတောင်ပိုင်းက ဆိတ်ကျောင်း ကုလားလေးလည်း ရောဂါထနေသည်။ ရွာအရှေ့ပိုင်းက အရီးလေး ဒေါ်နီသမီး ယုန်လေးလည်း ရောဂါထနေသည်။ ဘယ်သူ့ကြည့်လိုက်ကြည့်လိုက် ထိုရောဂါထနေသည်။ သူတို့ပြောတာတော့ ခေတ်မီတယ်ဟု ပြောသေးသည်။ သူတို့ ခေတ်မီပုံက ပိုက်ဆံကုန်၊ အချိန်ကုန် ပတ်ဝန်းကျင်ကို ဂရုမစိုက်ကြတော့ပေ။ ဟိုတစ်ရက်ကလည်း ရွာမြောက်ပိုင်းက တစ်ခုလပ် မလှမေ ယောကျ်ားရသံကြားရသည်။

ထို့နောက် ရွာလယ်က ဒေါ်အေးသမီးအပျိုမလေး ကလေးသုံးယောက်အဖေနှင့် လိုက်ပြေးသွားသံကြားလိုက်ရသေးသည်။ သူတို့ရောဂါက ဘာတဲ့။ အင်တာနက်ဖုန်းဆိုလား၊ ဖေ့ဘွတ်ဆိုလား၊ ဗိုက်ဘာဆိုလား ကျွန်မသိတာတော့ အပျိုကြီး မတင်အိတစ်ယောက် ဗိုက်ပါလာတာကိုပဲ ထိုထိုရောဂါ ကုရာနတ္ထိ ဆေးမရှိ။

“အေးကြည် ငါ ဖုန်းဝယ်မလို့”၊ စားစရာမရှိပါဘူးဆို မြွေပူရာကင်းမှောင့်ဆိုသလို ဖြစ်နေပြီ။ မျက်လုံးအပြူးသားနှင့် ကြည့်လိုက်သည်။ အလုပ်ထဲက ကိုကြီးကျော်ဆန်းက စိုက်ထုတ်ပေးမယ်၊ တစ်နေ့ ငါးရာသွင်းတဲ့ အဲဒါကြောင့် ဝယ်မလို့။ မဝယ်လို့ မဖြစ်ဘူးလားတော်။ “အင်း”ဟု ခေါင်းညိတ်ပြပြီး သူ့ငွေက ခေါ်ချင်ရင် လွယ်အောင်လို့ပါ။ ထိုကဲ့သို့ပြောတော့လည်း ဟုတ်တာပဲ။ စိတ်ထဲ ထောက်ခံလိုက်သည်။ ခေါင်းလည်း ညိတ်မိသည် ထင်ပါသည်။ နောက်နေ့ကျ ဖုန်းအသစ်ကလေးတစ်လုံးကခုန်ပြီး အိမ်ပေါ်တက်လာပါတော့သည်။

လာခြင်းမကောင်းမှန်းသိလျှင် လက်မခံခဲ့ကြတာ အမှန်ပါ။ ယခုတော့ -

“ညရောက်လျှင် ကလေးတို့အဖေဖုန်းမှ “တုန်တုန်” ဆိုသည့်အသံ ကြားရသည်။ ဖုန်းလာတာလည်း မဟုတ်ပေ။ သူ့ကြည့်လိုက် မျက်နှာကပြုံး၍ စာရိုက်နေသည်။ တစ်ခါတစ်ခါများ ကျွန်မကို ရှိတယ်လို့တောင်မထင်တော့ပေ။ သူ့မျက်လုံးက ဖုန်းပေါ်မှာ အမြဲရောက်နေသည်။ ကျွန်မတို့လင်မယားဘဝက ပြတင်းပေါက်ကလေးများလိုပါ။ နေ့မှာခွဲနေပြီး ညမှပေါင်းရသည့် အဖြစ်ပါ။ သူက ထိုသို့မဟုတ်ပါ။ သူ့ဖုန်းက တုန်တုန်သံလောက် မည်သည့်အရာမှ စိတ်မဝင်စားတော့ပေ။ ကြာလာတော့ ရွာထဲက လူများပြောသံဟုတ်သည်ဟု ဆိုချင်လာသည်။ ဖုန်းထဲက ကောင်မလေးနှင့် ဇာတ်လမ်းရှုပ်နေသည်မှာ ဟုတ်မည်ထင်သည်။ တစ်ဖက်ကလည်း ဘာမသိ၊ ညာမသိ၊ ဘယ်သူမှန်းမသိ၊ ကလေးအဖေလားမသိ၊ မမြင်ရဘဲ ကြိုက်တတ်ကြသည်။ အသံအပေါ်သာယာနေကြသည်။ တစ်ဖက်ကလည်း အပျော်ပါဟု ဆိုပြန်ပါသေးသည်။ မည်သူ့ကို အပြစ်တင်သင့်သနည်း။ ပတ်ဝန်းကျင်ကြားရီစရာ ကောင်းလှသည်။ သူ့ယောကျ်ား ရုပ်ဆိုးကြီးကို သူမို့မက်နေဟု ပြောချင်ပြောကြပါစေ။ ကျွန်မချစ်၍ ယူထားသောယောကျ်ား သူများနောက်ပါမသွားစေချင်ပေ။ သဝန်တိုသည်ဟု ဆိုချင်ဆို၊ သူများကို အချိန်ပေးနေတာ မကြိုက်ပါ။ မခံနိုင်သူက ထပေါက်ကွဲတော့သည်။

“တော် ဖုန်းပေးစမ်း”၊ “ဘာလို့ပေးရမှာလဲ၊ မပေးဘူး။” ကျွန်မကို မျက်ထောင့်နီကြီးနှင့် ကြည့်နေသည်။ စားတော့မည့် ဝါးတော့မည် ပုံစံမျိုးနှင့် စိတ်ဆိုးနေသည်။ ဖုန်းလေးတောင်းတာကို ဖြစ်နေလိုက်တာဟု စိတ်အချဉ်ပေါက်၍ ပွဲကြမ်းပစ်သူကကျွန်မပါ။ “ဟဲ့ နင့်မယားက ဘာတွေဒီလောက်အရေးကြီးနေလို့လဲ။ ဖုန်းခွဲပစ်မလို့ဟေ့။ “ထဘီကို ပြင်ဝတ်ရင်းက ရန်ထောင်နေသည်။” “မပေးဘူးဟာ ဘာလုပ်ချင်လဲ။”ကျွန်မကို စိန်ခေါ်နေသည့်ယောကျ်ားကို လည်ပင်း ကုတ်ဆွဲလိုက်သည်။ သူ့လက်သီးချက်က ကြယ်များအစုလိုက် အထွေးလိုက် မြင်သွားရသည်။ ကျွန်မ အသားနာတော့ အဆဲမျိုးစုံနှင့် ကောင်းချီးပေးလိုက် သည်။ ကားပေါ်က ပြုတ်ကျပါစေ။ မယားငယ်ကအနိုင်ကျင့်ပါစေ။

ကျွန်မနှင့် ရန်ဖြစ်ပြီး အိမ်ပေါ်က ဆင်းသွားသည်မှာ ယခု ကျွန်မ သည်ကားပေါ်ရောက်သည့်အချိန်ထိ ဖြစ်သည်။ ကားကြီးက မကွေးဆေးရုံကြီးထဲ ရောက်တော့မှ အေးကြည်ဆင်းတော့ဟု ဆင်းခိုင်း၍သာ ဆင်းလာရသည်၊ ဘာကြောင့်မှန်းမသိပေ။

ကိုကြီးထွန်းထွန်းတို့ခေါ်ရာ ဆေးရုံအဆောင်ထဲဝင်ခဲ့သည်။ အမျိုးသားဆောင်ရောက်တော့ အခန်းနံပါတ် (၃) ဆိုသည့် အခန်းထဲဝင်လိုက်သည်ဆိုလျှင်ပဲ ခြေထောက်မှာ ပတ်တီးအဖွေးသားနှင့် ခုတင်ပေါ်က ကျွန်မယောကျ်ား၊ ကလေးတို့အဖေ ကိုချစ်မောင်ကို ပက်လက်အနေအထားနှင့် အိပ်နေတာတွေ့လိုက်ရသည်။ ကျွန်မဘာမပြော၊ ညာမပြော ပြေး၍ အမလေး ကိုချစ်မောင်ရဲ့။ ဒီလိုမှန်းသိတော့်ကို မကျိန်ပါဘူးတော်။ ကျုပ်မှားပါတယ်။ ကျုပ်ကို ခွင့်လွှတ်ပါတော် အီးဟီး။

အိပ်နေသူမှာ မျက်လုံးအကြောင်သားနှင့်ကြည့်နေသည်။ ဘာမှမဖြစ်ပါဘူးဟ နင်ကလည်း၊ ငါသေတဲ့အတိုင်းပဲ။ မျက်စောင်းက ထိုးပစ်လိုက်သည်။ သူ့ကိုစိတ်ပူလိုက်ရတာ။ တကယ်များ သေသွားမှဖြင့် ကျုပ်ရင်ကျိုးမှာဆိုသည့်ပုံနှင့်ပါ။ သူ့ကြည့်လိုက်ပြန်တော့ ဘာမှမဖြစ်သည့်ပုံပါပဲ။

မိန်းမက ငါ့တော်တော်ချစ်တာပဲ။ ညကငါနည်းနည်း လက်လွန်သွားတယ်။ တော်တော်နာသွားလား။ ပြုံးပြုံးကြီး ပြောနေသည်မှာ အသည်းယားစရာ။ မျက်နှာက အညို အမည်း ဒဏ်ရာက သူ့အလိုလို ပျောက်သွားမည်ဆိုတာ သိပါသည်။ ထို့အတူပဲ ရင်ထဲကဒဏ်ရာကလည်း သူ့မြင် ပျောက်သွားပါပြီ။ သူ့မျက်ဝန်းနက်နက်ကြီး၏အကြည့်ကို သမီးရည်းစားဘဝက ချိန်းတွေ့ခဲ့စဉ်ကအတိုင်း ရင်ခုန်နေမိသည်။

သွား ဘာမှန်းလည်း မသိဘူး။ သူ့ရင်ဘတ်ကြီးကို တဒုန်းဒုန်း ထုပစ်လိုက်သည်။ အား နားတယ်ဟ။ မျက်နှာက စပ်ဖြီးဖြီးနှင့် ကျွန်မလက်ကို လှမ်းဖမ်းပြီး ဆုပ်ကိုင်ထားသည်။ အဟမ်းအဟမ်း အခန်းထဲဝင်လာသည့် အစ်ကိုကြီးထွန်းထွန်းကြောင့် လက်ပြန်ရုပ်လိုက်သည်။ နင့်ယောကျ်ား ကားပေါ်ကပြုတ်ကျတာဟေ့ ကံကောင်းလို့မသေတယ်။ အစ်ကိုကြီးထွန်းထွန်း မျက်နှာကပြုံးစိစိနှင့် ကျွန်မကို ရှင်းပြနေသည်။ ကျွန်မ ကိုချစ်မောင်ကို ကြည့်လိုက်ပြန်တော့ ပြုံး၍ခေါင်းညိတ်ပြသည်။

ထိုအပြုံးမျိုး မမြင်ရ၊ မတွေ့ရတော့လျှင် ကျွန်မ ရူးသွားနိုင်သည်။ ထို့ကြောင့် ကျွန်မချစ်သော ချစ်ခင်ပွန်းကို နှစ်တစ်ရာတိုင် တွေ့ချင်၊ ချစ်ချင်ပါရစေ။ ။

